www.burmeseclassic.com



www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | - ၅၀၀၉၈၆၀၇၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | - ၅၀၀၆၃၈၀၅၀၉ |
| ထုတ်ဝေခြင်း | - ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ၊ |
| | - ပထမအကြိမ် |
| မျက်နှာဖုံးဝန်းချီ | - L လင်း |
| အုပ်ရေ | - ၅၀၀ အုပ် |
| ထန်ဘိုး | - ၁၅၀၀ကျပ် |
| ထုတ်ဝေသူ | - ဒေါ်သင်းသင်းမာ |
| | - ပုညခင်စာပေ (ယာယီ - ၈၅၆) တိုက်(၆၁)၊ အခန်း(၁၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | - ဒေါ်ခင်ခင်ဝင်း |
| | - ကလျာ ပုံနှိပ်တိုက် (မြဲ - ၀၂၆၇၀) အမှတ်(၄၂)၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | - ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊ ၉၆၊ (၁၁) လမ်း၊ ရန်ကုန်။ |

စ၉၅. ၈၃

ပုညခင်

သစ္စာစောင့်နတ်သမီး/ပုညခင်။ -ရန်ကုန်၊
ပုညခင်စာအုပ်တိုက်၊ ၂၀၀၉။

၂၈၈ - စ၁၊ ၁၈၊ ၁၂ စင်တီ။

(၁) သစ္စာစောင့်နတ်သမီး




ပုညခင်စာအုပ်တိုက်

# ပုညခင်

# သစ္စာစောင့်နတ်သမီး





www.burmeseclassic.com

www.burmeseclassic.com



❧ ❧ ❧

မုန်းမမတို့ တိုက်ခန်းတွဲကြီးရှေ့မှာ ကာ ပြင်း ... ။ မုန်းတို့ သွား၏။

ကားရပ်ရပ်ချင်းပင် မုန်းမမရဲ့ Charles ာင်ကျခဲ့ ေါက်ဖိနပ် အနက်ရောင်လေး စီးထားသော ခြေအစုံက မုန်းတို့ ပေါ်သို့ ဆောင့်ခနဲ ကျလာ၏။ သို့သော် အကျမတော်တဲ့ ရေအိုင်ချိုင့်ခွက်ပေါ် တည့်တည့်ကျကာ ခြေအစုံကို ရေပက်စင် ရွှတ်စိုသွားသည်။

ပုံမှန်အခြေအနေမှာဆို 'အမလေး ... ကုန်ပါပြီ၊ သွားပါပြီ၊ ငါ့ဖိနပ်ကလေး နစ်မြောပါတယ်' စသဖြင့် တဖွဖွ ပြောရင်း တဆွဆွဖြစ်နေမှာ သေချာပေမယ့် ခုချိန်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ဝဆီမှာ ဒေါသဖြစ်စရာကိစ္စကြီးက လာတစ်ဆို့နေတာမို့ ဖိနပ်ကိုလည်း ငုံ့မကြည့်၊ နမြောဖို့လည်း သတိမရဘဲ ခြေလှမ်း ာဖောင့်ဖောင့်နှင့်ပင် ယောကျ်ားဖြစ်သူထက် အရင်ဦးအောင် ခပ်သွက်သွက် လျှောက်လာသည်။

ကိုးကလည်း ကားခ ကပျာကယာ လှမ်းပေးပြီး ခာင် ခြေလှမ်းကျဲကြီး တလွှားလွှားဖြင့် လိုက်လာ

ခုချက်ချင်းပင် သူ့ကို ချာခနဲ လှည့်ကြည့်ပြီး သမျှတွေ ဖွင့်ချရန်ဖြစ်လိုက်ချင်ပေမယ့် ကိုယ့်အခန်း မှ တံခါးပိတ်ပြီး အားပါးတရ ရန်ဖြစ်ပါတော့မည်ဟု ာ ကိုယ့်အခန်းဘက်သို့သာ သွက်သွက်ကြီး လျှောက် ည်။

ရောက်ချင်ပါတယ်ဆိုမှ အခန်းကိုလည်း တော် တော်နဲ့ မရောက်နိုင်။ ဘယ်ရောက်နိုင်ပါ့မလဲ ... အခန်းကိုက ချာတူးလန်နေတာကိုး ...။ ဈေးခပ်ပေါပေါထဲက ဝယ်ထားတာ ဆိုတော့ မုန်းတို့တိုက်ခန်းရဲ့အပေါ်မှာ တာဝတိံသာပဲ ရှိတော့ သည်။ သူက မုန်းကို ဒီတစ်ခုပဲ အဆင့်ဆင့်မြင့်မြင့်ထားနိုင် တာ ...။





မုန်းသည် ဂလုဂလောင်းနှင့် ချိုင့်ခွက်တွေရှိသော တော်ရုံ အငှားကားဝင်မပေးသည့် လမ်းကျဉ်းကလေးအတိုင်း လျှောက်လာရင်း ဒေါသ ရေချိန်အမှတ်က တက်သည်ထက် တက်လာနေပါသည်။

မုန်း ဒေါသဖြစ်တာလည်း မလွန်ပါဘူး ...။ သူ့ အလုပ်မဟုတ်လို့ မုန်း ဒေါသဖြစ်ရတာလေ ...။

ဒီနေ့ဟာ မုန်းသူငယ်ချင်း နှင်းနုနုရဲ့ မွေးနေ့။ နု ယောကျ်ား ထွဋ်ခိုင်ကလည်း မုန်းရဲ့ သူငယ်ချင်း ...။ သူတို့က ငယ်သူငယ်ချင်းတွေချင်း ပြန်ညားခဲ့တာပင်။ မုန်းတို့ အိမ်ထောင်ကျပြီး သုံးလေးနှစ်ကြာမှ သူတို့ အိမ်ထောင်ကျခဲ့ တာ ဖြစ်ပေမယ့် ထွဋ်ခိုင်က လည်ဝယ်ထက်မြက်သူမို့ မုန်းတို့ ထက် စီးပွားရေး အဆင်ပြေသည်။

နု မွေးနေ့မှာ မုန်းတို့လင်မယားရယ်၊ သူငယ်ချင်း အုပ်စုထဲမှာ ခုထိ အိမ်ထောင်မကျသေးဘဲ ကျန်နေတဲ့ အပျိုကြီး ယုဝါရယ်၊ တခြား သူငယ်ချင်း အရင်းအချာလောက်သာ စုဆုံ ကြဖို့ ချိန်းလိုက်သည့်နေရာဟာ ကွန်ဒိုတိုက်ခန်းမှာပင် ...။

မွေးနေ့ရှင် နုတို့စုံတွဲက မုန်းတို့ကို ကားပါကင် နာပဲ စောင့်နေကြကာ အားလုံးစုဆုံပြီးမှ ထိုကွန်ဒိုအခန်းရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ငါးထပ်သို့ ဓာတ်လှေကားဖြင့် တက်လာကြသည်။ ဓာတ်လှေကားထဲမှာပင် အားလုံးက ထွန်းခိုင်ကို မကျေမနပ်ဖြင့် ပွစိပွစိ ပြောဆိုအပြစ်တင်လာသည်။

"ထွန်းခိုင်တို့ကတော့ ဘာစတန့်ထွင်ပြန်ပြီလဲ မသိဘူး"

"ငါတို့ကို ဘယ်ခေါ်လာတာလဲ ...၊ ဒီအပေါ်မှာ စားသောက်ဆိုင် ရှိလို့လား၊ ဒါက လူနေတိုက်ခန်းတွေမဟုတ်လား၊ ဆောက်ပြီးတာတောင် မကြာသေးဘူးလေ ..."

"အေးဟယ် ... လူသွားလူလာတောင် သိပ်မတွေ့ဘူး၊ ဓာတ်လှေကားနားမှာ လူရှင်းနေတာပဲ၊ ကားပါကင်မှာလည်း ကားသိပ်မရှိပါဘူး"

"ဒီပေါ်မှာ စားသောက်ဆိုင်ဖွင့်ထားလို့လား၊ နင်ပြောတော့ ထရိတ်ဒါးမှာ ကျွေးမယ်ဆို"

တစ်ယောက်တစ်ပေါက် ဝိုင်းအပြစ်တင်နေကြ၊ ပြောနေကြပေမယ့် ထွန်းခိုင်က ခွန်းတုံ့မပြန်ဘဲ ပြုံးနေသည်။ နကလည်း မျက်နှာလေး စူပုပ်ကာ ...

"အဲ့ဒီ ခိုင် တစ်ယောက်ဟာ ဘာမှန်းမသိပါဘူးဟယ်၊ ငါ့ကိုလည်း ဘာမှကြိုမပြောထားဘူး၊ လိုက်မှာသာ လိုက်ခဲ့၊ အမေးအမြန်း မထူနဲ့တဲ့ ...၊ နှမွေးနေ့နီးတာ





တောင် သူက နက်ကို ဂရုစိုက်တာ မဟုတ်ဘူး၊ အပြင်ချည်း ထွက်နေတာ၊ ညကလည်း ညဉ့်နက်မှ ပြန်လာတယ်၊ သူ့ခြေလှမ်းတွေ ပျက်နေတာကြာပြီဟဲ့၊ နင်တို့ ဝိုင်းစစ်ပေးကြဦး"

အားလုံးက စကားတများများဖြစ်နေသလောက် ထွန်းခိုင်က ခပ်တည်တည် နှုတ်ဆိတ်နေလျက်သာ ...။

"တီးတောင် ..."

"ဟော ... ရောက်ပြီ"

ဓာတ်လှေကားက တီးတောင်ဟု အသံပေးကာ ရပ်တန့်လျက် တံခါးပွင့်သွားတော့ ထွန်းခိုင်မှအပ ကျန်လူအားလုံးက ဓာတ်လှေကားအပြင်သို့ အလျင်စလို လှမ်းထွက်ရင်း ခေါင်းလေးတွေ ချာချာလည်ကာ ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်ရှုစမ်းလိုက်ကြသည်။

တိုက်ခန်းတွေဟာ တကယ်ကို အသစ်စက်စက်။ ဆေးနံ့တွေတောင် မပြယ်ချင်သေး။ တချို့ တိုက်ခန်းတွေဆို လူတောင်မနေသေး။

တိုက်ခန်းတွေကို အပြင်ကကြည့်ရုံနဲ့တောင် သားနားကျယ်ဝန်းမှန်း သိသာနေသည်။ တိုက်ခန်းတံခါးတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်းကနုတ်တွေ လှပစွာ ဖော်ထားသည့် တံခါးမျိုးတွေ။ တိုက်ခန်းတွေကြားက စကြိုလမ်းမကျယ်ကြီးမှာလည်း တခြား ကွန်ဒိုတွေလို မှောင်မိုက်မနေဘဲ အလင်းရောင်နှင့် လေ ကောင်းစွာ ရနေသည်။

"တိုက်ခန်းတွေကတော့ ရှယ်ပဲဟေ့ ..."

အားလုံးက တိုက်ခန်းတွေကို ကြည့်ရှု စပ်စုနေဆဲမှာ မုန်းကလည်း ဒီလိုတိုက်ခန်းသာ ဝယ်နိုင်ရင်ဟု စိတ်ကူး ယဉ်လိုက်မိပါသည်။ ဒါပေမယ့် ကိုးရဲ့ အစွမ်းလေးနဲ့ ဝယ်နိုင်မှာ မဟုတ်ပါဘူးဟု ချက်ချင်း ပြန်အားလျော့သွားကာ ကိုး မမြင်အောင် မျက်စောင်းလှမ်းထိုးလိုက်သည်။

ကိုးကတော့ မုန်းရဲ့အတွေးကို မသိဘဲ သူ့စတိုင်လ် ပဲန် အိတ်ထဲ လက်နှိုက်ကာ ပေါ့ပေါ့ပါးပါးလေး ပြုံးနေရင်း မုန်းရဲ့ သူငယ်ချင်းတွေနှင့်အတူ အလိုက်သင့် စီးမျောနေသည်။

ကိုးဟာ စိတ်ညစ်တတ်ရဲ့လားတောင် မသိ။ သူ့မှာ အပူအပင်လည်း မရှိ။ လောဘလည်း မရှိ။ ဘယ်သူ့ အပေါ်မှ မနာလို ပြိုင်ဆိုင်တာမျိုးလည်း မရှိ။

မုန်းမှာသာ ကိုးအပေါ် အားမလိုအားမရစိတ်တွေ နှင့် မကြာခဏ စိတ်ကောက်၊ ရန်တွေ့၊ စကားနာထိုးရသည်။



BURMESE CLASSIC



မုန်းဟာ ခပ်ဆိုးဆိုး မိန်းကလေး ...။ မိဘလက် ထက်တုန်းက ထင်သလို သုံးဖြုန်းကာ အသက် နှစ်ဆယ်မပြည့် မီ ကိုယ့်သဘောနှင့်ကိုယ် ကိုးနောက်လိုက်ခဲ့တာမို့ မုန်းရဲ့မေမေ က အကြီးအကျယ် ဒေါသတွေဖြစ်ကာ ကိုယ့်ယောကျ်ား ကိုယ် အားကိုး၊ ကိုယ့်ဘဝကိုယ်ကျောင်း၊ အမေဆီ လာလက်ဖြန့်ဖို့ တော့ မစဉ်းစားနဲ့ဟု ရာဇသံပေးခဲ့တာပင်။

မုန်းကလည်း ကိုယ့်မာနကလေးနှင့်ကိုယ် အမေ့ဆီ ပြန်လက်ဖြန့်ဖို့တော့ လုံးဝမစဉ်းစားဘဲ ယောကျ်ားကိုသာ ပစ် အားကိုးကာ ကိုးထံမှာ အရာမှန်သမျှ မျှော်လင့်မိပေမယ့် ကိုးက ချောက်ချီးချောက်ချက် အကျိုးဆောင်လုပ်ငန်းကလေးမှာသာ ပျော်နေကာ ဟိုးမိုးမြင့်ထက်က ရှစ်လွှာတိုက်ခန်းကျဉ်းကလေး ကိုသာ ဝယ်ပေးနိုင်ခဲ့ပါသည်။

ကိုးဟာ ဒီတိုက်ခန်းကလေးမှာပဲ ပျော်နေကာ မိုးမြင့်ထက်က ဆင်းလာဖို့ မကြိုးစား။ မုန်းမှာသာ တစ်နေ့မှာ ကွန်ဒိုလေး တစ်ခန်းတော့ အပိုင်ရရေး မျှော်တွေးစိတ်ကူးယဉ် နေခဲ့ရသည်။

မုန်းတို့အုပ်စုသည် စကြိုလမ်းအတိုင်း လျှောက်လာ ပြီး တစ်ခုသော လှေကားထောင့်ကွေ့လေးနားက ထူးခြားလှ သော တိုက်ခန်းအဝင်ဝကို လှမ်းမြင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားသော တိုက်ခန်းတံခါးရဲ့ အပြင်ဘက်မှာ လှပသော ပန်းအိုးကြီး နှစ်လုံးကို ဟိုဘက် ဒီဘက် ချထားသည်။ ပန်းအိုးတွေထဲမှာ ပြည့်နေအောင် ထိုးထားတာက နှင်းဆီနီများပင်။ ပန်းအိုးကိုတော့ ဖဲကြိုးများဖြင့် လှပစွာ အပွင့်ဖော်၍ စည်းနှောင်ထားပါသည်။ ပြီးတော့ တိုက်ခန်းရဲ့ သံတံခါးမှာ အသည်းပုံ ရောင်စုံမိုးပျံပူဖောင်းများကို ချည်နှောင်ထားသည်။ တိုက်ခန်းသော့ခလောက်ကိုလည်း အနီရောင် ဖဲကြိုးဖြင့် ချည်ထားသေးသည်။ ကြည့်ရတာ ဆိုင်ဖွင့်ပွဲလိုမျိုး ဖွင့်ပွဲတစ်ခုခု ကျင်းပဖို့ စီစဉ်ထားပုံပင် ...။

"ကဲ ... ရောက်ပါပြီဗျာ"

ထွဋ်ခိုင်က ထိုတိုက်ခန်းရှေ့မှာရပ်လျက် ခပ်ပြုံးပြုံး ပြောသည်အထိ မုန်းတို့က သိပ်နားမလည်နိုင်သေး။

"ဒီတိုက်ခန်းထဲမှာ သူငယ်ချင်းတွေ အားလုံးအတွက် အစားအသောက်တွေ လိုလေသေးမရှိ ပြင်ဆင်ထားပါတယ်၊ တိုက်ခန်းတံခါးကိုတော့ မွေးနေ့ရှင်ဖြစ်တဲ့ နုကပဲ ဖွင့်လှစ်ပေးပါလိမ့်မယ်"

"ဒီ ... ဒီတိုက်ခန်းက ..."

နုက နားမလည်နိုင်သေးဘဲ ယောက်ျားဖြစ်သူကို





မော့ကြည့်၍ မေးလိုက်သည်။ ထွဋ်ခိုင်က အားရပါးရပြုံးကာ နုရှေ့သို့ လက်သီးဆုပ်ကလေး ထိုးပြလိုက်ပြီး ...

"ဟပ်ချလောင်း ..."

ဟု အော်ကာ လက်သီးဆုပ်ကို ဖွင့်ပြလိုက်သည်။

ထွဋ်ခိုင်ရဲ့ လက်ဖဝါးပေါ်မှာ သော့ကလေး တစ်ချောင်းပင်။

"ဒါ ... ဒါက"

"နုအတွက် မွေးနေ့လက်ဆောင်လေ ...၊ ဒီတိုက်ခန်းကို နု မသိအောင် ဝယ်ထားပြီး ကိုယ် ပြင်နေတာကြာလှပြီ၊ နုမွေးနေ့အမီ ပြီးနိုင်အောင် ကိုယ် အရမ်းအလုပ်များနေခဲ့တာ ..."

"ဟယ် ... ခိုင်ရယ်"

နုသည် အံ့သြတုန်ယင် ပျော်ရွှင်နေသည်။ ကျန်လူတွေ အားလုံးလည်း သူတို့အတွဲကိုကြည့်ရင်း ကြည်နူးအားကျလာကြကာ ...

"ဟေး ... Romantic ပဲကွ၊ ဖြောင်း ... ဖြောင်း ... ဖြောင်း"

အားလုံးက လက်ခုပ်ဝိုင်းတီးတော့ ကိုးကလည်း အားပါးတရ လက်ခုပ်လိုက်တီးပေးလိုက်သည်။ သူ့လက်ခုပ်သံက ပိုတောင်ကျယ်နေသေး။



www.burmeseclassic.com

www.burmeseclassic.com



အေးပါ ... သူများအတွက်ပဲ လက်ခုပ်တီးနေပါ။ ကိုယ်တိုင်တော့ ဒါမျိုး လုပ်ပေးဖို့ မစဉ်းစားဘဲနဲ့။

မုန်းက လက်ခုပ်တီးရင်းကပင် ကိုးကို အားမလို အားမရ မချင့်မရဲ လှမ်းကြည့်ပြီး မသိမသာ မျက်စောင်းထိုးမိဖြန့်သည်။

နုက တုန့်ယင်သော လက်ကလေးဖြင့် တိုက်ခန်းတံခါးကို ကိုယ်တိုင်ဖွင့်လှစ်ပေးလိုက်သည်။ မုန်းမှာ အားကျလွန်းလို့ ရှူးချင်သွားသည်။

နုတို့ကို မချစ်ခင်တာလည်း မဟုတ်။ မနာလိုဖြစ်မိတာလည်း မဟုတ်ပါ။ သို့သော် ... သူ့ယောကျ်ားက ဒီလိုလုပ်ပေးပြီး ကိုယ့်ယောကျ်ားက ဒီလိုလုပ်မပေးနိုင်သည့်အတွက်တော့ ဝမ်းနည်းအားငယ်သလိုလေး ဖြစ်ရကာ ကိုယ့်လူကိုယ်ဒေါသထွက်မိတာက မိန်းမတို့ရဲ့ သဘာဝဟု ဆိုရလေမလား။

သူကတော့ ဘာမှတွေးမိပုံ မရ ... ၊ ငါ့မိန်းမကိုတော့ ဒီလိုလုပ်မပေးနိုင်ပါလားဟု စိတ်မကောင်းဖြစ်ပုံလည်း မပြဘဲ တိုက်ခန်းထဲ ဝင်လာကာ အသင့်ပြင်ထားသည့် စားသောက်စရာတွေကို သေချာ စီမံကွပ်ကဲ ဝေပုံချပေးပြီး မုန်းသူငယ်ချင်းတွေနှင့် ရောနှောကာ ပျော်းလားဝါးလား လုပ်နေ





သည်မှာ သူ့ရယ်သံ သူ့အသံက အကျယ်ဆုံး ...။ သူကလှုတာကာနှင့် အဆင်ပြေအောင် ပေါင်းတတ်လွန်းသူမို့ သူ့ကိုဆိုမုန်းသူငယ်ချင်းတွေကလည်း အလွန်ခင်မင်ကြပါသည်။

အဲဒီလို နုရဲ့ မွေးနေ့မှာ စခဲ့တဲ့ မီးပွားလေးဟာ နုတို့အခန်းကအပြန် မုန်းရဲ့ မာမီအိမ်ကို ခဏလှည့်ဝင်ချိန်မှာ ပိုပြီး တောက်လောင်လာခဲ့ရပါသည်။

မာမိက ခပ်ဆိုးဆိုး မုန်းမမကို ချစ်ပေမယ့် သိပ်ကြည့်ရသူမဟုတ်ပါ။ ခုတော့လည်း သူ့သမက်လေးနဲ့ပဲ လေပေးဖြောင့်နေရာကနေ မုန်းကို လှမ်းကြည့်ရင်း ...

"မိမုန်း ... ညည်းတို့က ခုထိ ကလေးမယူကြသေးဘူးလား၊ ငါ့မှာဖြင့် မြေးချီချင်လွန်းလို့ ရူးတော့မယ်၊ ငါ့မှာသမီးနှစ်ယောက်ပဲ ရှိတာ၊ ညည်းအစ်မကတော့ ကံမကောင်း အကြောင်းမလှလို့ သားအိမ်ထုတ်ပစ်လိုက်ရပြီး ကလေးမရတာ ထားပါတော့၊ ညည်းက ကျန်းကျန်းမာမာကြီးနဲ့ ကလေး မယူသေးတာ ဘာသဘောလဲ၊ ဘော်ကြော့နေချင်တဲ့ သဘောလား၊ ညည်းအကြောင်းငါသိတယ်၊ ညည်းက ကလေး ကရိကထ မခံချင်တာ၊ အပျင်းကြီးတာ၊ တရှုတ်ရှုတ် Shopping ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလုပ်စာကိုပဲ ထိုင်စားနေချင်တာ၊ ဟဲ့ ... ခင်းတလည်း သူ့ကို သိပ်အလိုလိုက်မနေနဲ့၊ ကလေးယူဖို့ နားချဦး ...”

“သားလည်း ပြောပါတယ် မာမီရယ်၊ သူ့ကိုက မယူချင်တာတော့ ကျွန်တော်လည်း မတတ်နိုင်ဘူးဖြစ်နေတယ်”

သူက မာမီကိုယ်တိုင် ဖျော်ပေးထားသည့် ထောပတ်သီးဖျော်ရည်ကို မော့သောက်ပြီး ခပ်အေးအေးပြောပေမယ့် မုန်းရင်ထဲမှာတော့ ပေါက်ကွဲလုဆဲဆဲ မီးတောင်တစ်ခုကို မျိုချလိုက်ရသလို ပူလောင်ဆူပွက်လာပါသည်။ သူ ဒီလိုပြောစရာလား ...။ ကလေးတစ်ယောက် မွေးဖို့ ဘယ်လောက်မလွယ်သလဲဆိုတာ သူမသိလို့လား။

တိုက်ခန်းကိစ္စက စခဲ့သော မုန်းရဲ့ ဒေါသသည် ကလေးကိစ္စမှာ ပို၍ အရှိန်အဟုန်ပြင်းလာကာ အပြန်လမ်းတစ်လျှောက်လုံး တက္ကစီပေါ်မှာ ရန်မဖြစ်မိအောင် ထိန်းချုပ်လာခဲ့ရသည်။

ကိုယ့်တိုက်ခန်းထဲ ကိုယ်ဝင်ကာ တံခါးအလုံပိတ်၍ စိတ်ရှိလက်ရှိ ရန်ဖြစ်လိုက်ချင်ပေမယ့် တိုက်ခန်းက တာဝတိံသာ





မှာမို့ လှေကားထစ်တွေကို မောကြီးပမ်းကြီး ဆက်တက်လာနေရသည်။ သူကလည်း မုန်းကိုမီအောင် လိုက်တက်လာရင်း ...

“မုန်း ဘာဖြစ်တာလဲ၊ ဘာတွေကို ဒေါသကြီးလာတာလဲ၊ အကြောင်းမဲ့ ဒေါသမကြီးစမ်းပါနဲ့ကွာ ...”

သူ့မေးခွန်းက မုန်းရဲ့ဒေါသကို မီးလောင်ရာ လေခင့်လိုက်တာမို့ မုန်းက အပေါ်ထိအောင် မအောင့်နိုင်တော့ဘဲ လှေကားထောင့်ချိုးမှာရပ်လျက် သူ့ကို ချာခနဲ လှည့်ကြည့်လိုက်ရင်း ...

“ဘာတဲ့ ... အကြောင်းမဲ့ ဟုတ်လား၊ မုန်းက အကြောင်းမဲ့ ဒေါသကြီးနေတာလား”

“ဟုတ်တယ်လေ ... နု မွေးနေ့တုန်းကလည်း အကောင်းသား၊ မာမီ့အိမ်မှာလည်း ဘာမှမဖြစ်ခဲ့ဘဲနဲ့ မုန်း အခုလို ဒေါသတွေထွက်နေတဲ့ပုံက အံ့ဩစရာကြီး ဖြစ်နေတာကို!”

“ဟင်း ... ဟင်း ... အဲ့ဒီလို ထင်တယ်လား ... အဲ့ဒီလောက်ပဲ တွေးတတ်သလား၊ အဲ့ဒီလောက်ပဲ ဒုံးဝေးသလား”

မုန်းက ခါးကိုနွဲ့ကာ ခါးပေါ်လက်ထောက်ရင်း သူ့ကို စေ့စေ့ကြည့်၍ နှုတ်ခမ်း မဲ့ရွဲ့ကာ မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ … ဟော့ … စကားပြောရင် ရိုးရိုးပြော၊ အဲဒီလို နှုတ်ခမ်းကိုရွဲ့၊ ခါးကိုနှဲ့ပြီး မိန်းမကြမ်းအိုက်တင်နဲ့ လာမပြောနဲ့”

“ရှင်က အဲ့ဒီလိုပြောမှ နားလည်မယ့်လူမျိုးလေ၊ တစ်လံပြရင်တောင် တစ်ထွာမြင်ချင်မှ မြင်တဲ့သူမျိုးလေ …၊ အင်မတန် ထုံအတဲ့သူလေ …”

“ဟော့ … အဲ့ဒီ စကားမျိုး မသုံးစမ်းနဲ့၊ ငါက လုံးဝမထုံဘူး … မအဘူး၊ မထုံမအလို့သာ မင်းကိုရအောင် ယူလာတာ၊ အေး … ငါက တကယ် ထုံအနေခဲ့ရင်လည်း ငါ့လို ထုံအတဲ့လူကို ယူထားတဲ့ မင်းကိုယ်တိုင်လည်း ထုံအ ကျုပ်မပြည့် ဖြစ်နေလို့ပဲ”

“ဘာ … ဘာ … ဒီမှာ ရုပ်ကို စေ့စေ့ကြည့်ထား၊ ကျုပ်က ပြည့်ရုံမကဘူး၊ ကျော်တောင်နေသေးတယ်”

“ဒါဆို ကျုပ်ကျော်ပေါ့၊ ကြက်ကြော်ဆိုရင်တော့ ခွေးပဲ ကျွေးပစ်လိုက်တော့မယ်”

“ဘာ …၊ တော်ပြီ … ရှင့်လို ကျုပ်မပြည့်တဲ့သူနဲ့ စကား ဆက်မပြောဘူး”

မုန်းက သူ့ရှေ့မှ ချာခနဲလှည့်ကာ လှေကားထ





ဆွကို ဆက်တက်လာသည်။ သူကလည်း ထပ်ချပ် လိုက်လာရင်း …

“ဟော့ … မုန်း … ဘာလိုင်းကြီးတော့ မကောက်ပါနဲ့ကွာ၊ ကိုယ် ဘာပြောမိလို့လဲ …”

“ရှင် မသိဘူးလား၊ ရှင် ဘာပြောတယ်ဆိုတာ ရှင်မသိဘူးလား၊ ဦးနှောက်မကောင်းဘူးလား”

“ပြောတာတွေကတော့ အများကြီးပဲလေ၊ ဒါပေမယ့် မင်းကို ထိခိုက်စေတဲ့ စကားတစ်ခွန်းမှ မပါဘူး …”

“ရှင်က အဲ့ဒီလိုပဲ ယူဆတယ်ဆိုရင် ရှင်နဲ့ စကားဆက်ပြောဖို့ အကြောင်းမရှိတော့ဘူး”

“မုန်း … မင်း မရစ်နဲ့ကွာ”

မုန်းသည် သူနှင့်အပြန်အလှန် ပြောရင်း ကိုယ့်အခန်းကိုပဲ ခပ်မြန်မြန်ရောက်အောင် သွက်သွက်တက်နေရသည်။ အခန်းထဲရောက်မှ မုန်း သယ်လာသမျှ ဒေါသတွေကို သွန်ချမှာမို့လို့ပင် …။

အခန်းထဲဝင်မိတာနှင့် မုန်းက ဒေါက်ဖိနပ်ကို ဆောင့်ခါချွတ်ချလိုက်သည်။ ကြိုးတစ်ချောင်း ဂါဝန်အနက်ပေါ်မှာ ထပ်ဝတ်ထားသည့် ဆွယ်တာအနီကလေးကို ချွတ်၍



www.burmeseclassic.com

www.burmeseclassic.com



သည့်ခန်းဆီးဟာပေါ် ပစ်ပေါက်လိုက်သည်။ စလင်းဘတ်အိတ်ကို လည်း ရောက်ချင်ရာရောက် ပစ်ပေါက်ချလိုက်ပြီး ကိုးကို ရင် ဆိုင်လိုက်ပါသည်။

"ရှင် ... မုန်း မာမိရှေ့မှာ ကလေးမယူသေးတဲ့ကိစ္စမှာ မုန်းတစ်ယောက်တည်းမှာပဲ အပြစ်ရှိသလို ပြောခဲ့သလား၊ မပြောခဲ့ဘူးလား"

"သြော် ... ဒါလား ... ဒါကို စိတ်ဆိုးတာလား၊ ဒါ အမှန် ပဲလေ၊ ကိုယ် ကလေးလိုချင်နေတာ သိရက်နဲ့ မင်းမှ မွေးမပေးတာ"

"သြော် ... ဟော် ... ဒါဆို ... ဒီကိစ္စမှာ မုန်းမှာသာ တာဝန်ရှိတယ်ဆိုတဲ့ သဘောပေါ့ ..."

"right... ၊ မှန်တယ် ..."

ကိုးက ပခုံးတွန့် လက်မြှောက်ပြီး ပြောလိုက်လျှင် မုန်းသည် ထိုပုံစံကို အလွန် အင်မတန် အမြင်ကတ်သွားကာ လက်နားနီးသည့် စာအုပ်တစ်အုပ် လှမ်းဆွဲပြီး သူ့ထံပစ် ပေါက် လိုက်ရာ သူက အသာကလေး ရှောင်တိမ်းလိုက်ရင်း တဟဟ ရယ်မောလိုက်သေးသည်။

မုန်းသည် မုန်းရဲ့ မျက်နှာကို သူမကြိုက်သည့်





မိန်းမကြမ်းအိုက်တင်ဖြင့် တအား မဲ့ရွဲ့ကာ ဟွန့်ခနဲ တစ်ချက် အသံထွက်၍ အရုပ်ဆိုးဆိုး ရယ်ပြလိုက်ပြီးမှ ခါးထောက်လျက် သူ့ထံ တရွေ့ရွေ့ တိုးသွားရင်း ...

"ဒါဆိုရင် မုန်းဘက်ကလည်း ရှင့်ကို မေးစရာ မေးခွန်း တွေ အများကြီးရှိတယ်၊ မုန်း ကိုယ်ဝန်အရင့်အမာကြီး ဖြစ်လာရင် ဒီရှစ်လွှာတိုက်ခန်းကို ဘယ်လို အဆင်း အတက် လုပ်ရမှာလဲ ပြော ... ! ရှင့်မှာ မုန်း SSCမှာ တက်မွေးဖို့ ကုန်ကျစရိတ်နဲ့ နာ့စ်ငှားခ လုံလုံလောက် လောက် ရှိပြီလား ... ပြော၊ နေ့စေ့ လစေ့နဲ့ ဆေးရုံကို သွားဖို့ ကားအဆင်သင့်ရော ရှိပြီလား၊ ကလေးလေး မွေးပြီးရင် ကျွန်မတို့ ကလေးလေး ကျယ်ကျယ်ဝန်းဝန်း ပြေးလွှားကစားနိုင်ဖို့၊ အလွယ်တကူ အတက်အဆင်း လုပ်နိုင်ဖို့၊ အကောင်းစား တိုက်ခန်းတစ်ခန်းကရော ဘယ် တော့ ဝယ်ပေးနိုင်မှာလဲ ပြော၊ ဘာမှဖြင့် မပြည့်စုံသေး ဘဲနဲ့ ကလေးယူရင် ကလေးကို တမင်သက်သက် ခေါ် ပြီး ဒုက္ခပေးတာနဲ့ အတူတူပဲ"

"ဟ ဟ ... ဆင်ခြေတွေက ကောင်းလိုက်တာကွာ၊ လူ တကာတွေ ဒီလိုပဲ ကလေးမွေးနေကြတာ၊ ငါငယ်ငယ်က



www.burmeseclassic.com

www.burmeseclassic.com



အိမ်နားက အဒေါ်ကြီး ကလေးခြောက်ယောက် မွေးခဲ့တာ ဘာသံမှတောင် မကြားရဘူး၊ မင်းပြောသလိုဆို တိုက်ခန်းမြင့်မြင့်ကျဉ်းကျဉ်းမှာ နေတဲ့သူတွေ SSCမှာ မမွေးနိုင်တဲ့သူတွေ၊ ကလေးမမွေးရတော့မယ့် အတိုင်းပဲ၊ မင်းကိုက ကြီးကျယ်နေတာ ...”

မုန်းသည် မျက်နှာကို ဆတ်ခနဲ ပင့်မော့ပစ်လိုက်ရင်း ...

“အို ... မုန်းမမတို့ကတော့ ဘာမဆို အကောင်းစားပဲ ကြိုက်တယ်၊ အကောင်းစားပဲ နေချင်တယ် ...၊ သူများတကာ ယောကျ်ားတွေကတော့ မိန်းမကို ချစ်တတ်လိုက်ကြတာ၊ မွေးနေ့လက်ဆောင်ပေးတာတောင် အကောင်းစား ကွန်ဒိုတိုက်ခန်းတဲ့”

“ဩော် ... မင်းက ဒါကို အဆိပ်တက်နေတာကိုး”

“အဆိပ်တက်တာ မဟုတ်ဘူးရှင့်၊ ရှင် ကတိပျက်တာကို အသည်းယားနေတာ၊ ညားခါစတုန်းက ပေးခဲ့တဲ့ကတိတွေကို သတိရသေးရဲ့လား၊ မုန်းကို ရွှေပေါ်မြတင်ထားပါ့မယ်ဆို၊ မုန်းဘဝမှာ ဘာတစ်ခုမှ တောင့်တရတယ်ဆိုတာ မရှိအောင် ကြံဆောင်ပေးပါ့မယ်ဆို၊ နှစ်နှစ်





အတွင်း ကွန်ဒိုတိုက်ခန်းတစ်ခန်း ဝယ်နိုင်အောင် ကြိုးစားပါ့မယ်ဆို ...၊ အဲဒီတုန်းကတော့ ပလိစိချောက်ချက်တွေ လျှောက်ပြောပြီး ညုလိုက် ခရာလိုက် တာလိုက်ရတာ၊ ဒီက မုန်းမမမှာတော့ အသည်းတွေ ပျော့အိပြီး အရည်တွေပျော်ကျလာလို့ ရေခွက်နဲ့ခံထားပြီး အသည်းဖျော်ရည် စတုဒီသာ တိုက်ပစ်လိုက်ရတော့မယ့် အတိုင်းပဲ ...”

“အေး ... ငါက ကတိပျက်တယ်ဆိုရင် ငါ့ကို ကတိပျက်အောင် လုပ်ခဲ့တဲ့ လူက မင်းပဲ ...”

“ဘာ ...”

“မင်းလောက် အသုံးအဖြုန်းကြီးတာ မင်းပဲရှိတယ်လေ၊ ဘယ်ပစ္စည်းမဆို ဘရန်းဒက်မှ၊ အိတ်တို့ ဖိနပ်တို့ဆိုလည်း Charles & kitch မှ၊ Gucci မှ ...၊ ခရီးသွားဖို့အိတ်တောင်မှ Balano မှ Surfers Paradise မှ ...၊ အဝတ်အစားချုပ်တာတောင်မှ ရိုးရိုးစက်ချုပ်သမားနဲ့အပ်ရင် ဂုဏ်ငယ်တယ်ထင်လို့ နာမည်ကြီးတွေ အပ်တဲ့ ဈေးကြီးတဲ့ နာမည်ကြီး ဒီဇိုင်နာဆီမှာ အပ်တယ် ...၊

“ဘယ်မှာ Shopping Center အသစ်ဖွင့်သလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မပြတ် နားစွင့်နေတယ်၊ အသစ်ဖွင့်တဲ့ Shopping Center တွေကို ပထမဆုံး လာရောက်ဝယ်ယူ အားပေးတဲ့သူကို ဆုချီးမြှင့်မယ်ဆိုရင် မင်းချည်းပဲ ဆက်တိုက်ရနေမှာ သေချာတယ်၊ ငှားလိုက်ရတဲ့ တက္ကဆီ၊ သွားလိုက်ရတဲ့ Shopping ။ အားရင် Shopping Center တွေသွား၊ ဝယ်ရင်ဝယ်၊ မဝယ်ရင် စား၊ မင်း အဲ့ဒီလောက် သုံးဖြုန်းနေမှတော့ ငါ ကွန်ဒို မဝယ်နိုင်တာ ဆန်းသလား ဖြုန်းမရဲ ..."

"သူများ မျက်ချေးကိုပဲ လက်ညှိုးထိုးပြမနေနဲ့၊ ကိုယ့်မျက်ချေးလည်း ကိုယ်ပြန်မှန်ထဲကြည့်လိုက်ပါဦး ကိုရွှေတုံးရဲ့၊ ရှင်ကရော ဘရန်းဒက်ပစ္စည်း မသုံးလို့လား၊ ရှင့်ရှပ်အင်္ကျီက သုံးသောင်းကျော်တန်တဲ့ Arrow မဟုတ်ဘူးလား၊ ရှင့်ပိုက်ဆံအိတ်က ငါးသောင်းကျော်တန်တဲ့ Crocodile မဟုတ်ဘူးလား"

"ငါက မေ့သလောက်ရှိမှ တစ်ထည်ဝယ်တာ၊ မင်းလို တသွတ်သွတ်ဝယ်နေတာ မဟုတ်ဘူး၊ မင်းလို လိုင်းပေါင်းစုံ ဖြုန်းနေတာမဟုတ်ဘူး၊ မင်းက အောက်ထပ်မှာ ဖွင့်ထားတဲ့ ဗျူတီဆလွန်းမှာ အလှပြင်ရင် အဆင့်မ





ဘူးထင်လို့ နေရာကောင်းမှာ ဆိုင်းဘုတ်လှလှကြီး တင်ပြီး မဂ္ဂဇင်းတွေမှာ ကောင်းကောင်းကြီး ကြော်ငြာနိုင်တဲ့ ပိုက်ဆံ များများကြီးယူတဲ့ ဆိုင်မျိုးကိုမှ ရွေးသွားတယ်၊ တစ်ပတ် တစ်ခါ ခေါင်းလျှော်တယ်၊ နှစ်ပတ်တစ်ခါ မျက်နှာပေါင်းတင်တယ်၊ သုံးပတ်တစ်ခါ လက်သည်း ခြေသည်း အလှပြင်တယ်၊ တစ်လတစ်ခါ ဆံပင်ပုံပြောင်းတယ်၊ သုံးလ တစ်ခါ ဆံပင်ဆေးဆိုးတယ်၊ လေးလ တစ်ခါ တစ်ကိုယ်လုံး ပေါင်းတင်တယ်၊ ပေါင်းတင်လွန်းလို့လည်း မင်း တစ်ကိုယ်လုံး နူးအိပဲ့ကျသွားဦးမယ်"

"အဲ့ဒီ နူးအိပဲ့ကျလုလု ကိုယ်လုံးလေးကိုပဲ မွေ့ဖက်လိုက်ရမှ ပင်ပန်းသမျှ အမောပြေ အားရှိပါတယ်လို့ ပြောခဲ့တာ ဘယ်သူလဲ"

"အဟမ်း ... ဟမ်း ... ဒါကတော့ ဒီလိုပဲ မြှောက်ပင့်ပြောရတာပေါ့၊ သိပ်လှနေရှာတဲ့ မင်းကိုမြင်တိုင်း ငါ့ပိုက်ဆံတွေနဲ့ မင်းကိုယ်ပေါ်မှာ ယက်သီထားတဲ့ပုံကို မြင်ယောင်နေမိတဲ့ ငါ့အဖြစ်ကို ငါရင်နာလှပါတယ် မုန်းမရယ်၊ မင်းရဲ့ တသွတ်သွတ် ဝယ်ခြမ်းမှုတွေကို ကျေးဇူးပြုပြီး ရပ်ပေးစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မုန်းဘာသာ တသွတ်သွတ် ဝယ်နေတော့ရော ဘာဖြစ်လဲ၊ ရှင့်မိန်းမ မုန်းမမက အကောင်းကြိုက်ရင် ရှင်က အကောင်းဆင်နိုင်အောင် ကြိုးစားရမှာ မဟုတ်လား၊ ရှင့်မှာသာ အစွမ်းအစရှိရင် ဒီလို တွန့်တိုအပြစ်ပြောနေစရာ အကြောင်းမရှိဘူး"

"ငါ့မှာ အစွမ်းအစသာမရှိရင် မင်း ခုလို ထင်တိုင်းသုံးဖြုန်းနေလို့တောင် မရဘူး"

"ဟ ... ဟ ... ဒီလောက်လေး လုပ်ပေးနိုင်ရုံနဲ့ ကိုယ့်ကိုယ်ကို ဟီးရိုးလို့ထင်နေတာလား ...၊ ရှင့်အကျိုးဆောင်လုပ်ငန်းကို လုပ်ခဲ့တာ ဘယ်နှနှစ်ရှိပြီလဲ၊ ဘယ်လောက်တိုးတက်လာသလဲ ...၊ ဒုံရင်းမှာရပ်နေတာ ဘယ်လောက်ကြာပြီလဲ၊ ရှင့် ပါတနာ ကိုရည်မွန်ကြီးနဲ့ နေ့တိုင်း တွေ့နေဖို့ အလုပ်သွားနေရတာလား၊ နေစမ်းပါဦး အဲဒီလူနဲ့ ရှင်နဲ့ကရော ရိုးရဲ့လား"

"မရိုးရအောင် ယောကျ်ားချင်းကွ"

"ယောကျ်ားချင်းမို့လို့ မေးနေရတာပေါ့၊ ရှင့်လူပုံကြည့်ရတာ နွဲ့တဲ့တဲ့နဲ့ ... ရှင့်ကိုလည်း လိုအပ်တာထက် ပိုပြီး တွယ်တာလွန်းတယ်၊ ပြီးတော့ ခုထိ မိန်းမလည်းမယူဘူး၊ သံသယဖြစ်စရာပဲ"





"ငါနဲ့ ရည်မွန်နဲ့က အူဝဲဆိုကတည်းက သူ့အမေနို့ ကိုယ့်အမေနို့ လဲစို့ပြီး ကြီးလာတာ၊ ကျောင်းတက်တော့လည်း အတူတူ။ ဒီအလုပ်ကို စလုပ်တော့လည်း အတူတူပဲ၊ ငါတို့ချင်းက ရှင်းတယ်၊ မင်းတို့ မိန်းကလေး ကျောင်းထွက်တွေလို ဇယားမရှုပ်ဘူး"

"ဘာ ... ဘာပြောတယ်"

"မင်း ကိုယ့်အကြောင်း ကိုယ်သိမှာပေါ့ မုန်း၊ မင်းက မိန်းကလေးကျောင်းမှာ နေပြီး ယောကျ်ားလေးလို မိုက်တိမိုက်ကန်းနေတယ်၊ ကောင်မလေး ချောချောလေးတွေဆို ပျာပျာသလဲ ချစ်ခင်ကူညီတယ်၊ ဟိုတစ်ယောက်လေ ဘယ်သူ ... ဩော် ... မှတ်မိပြီ၊ ကလျာတင်ဆိုတဲ့ ကောင်မလေးလေ၊ မင်းနဲ့ တော်တော်တွဲတယ်လေ ...၊ မင်း ငါနဲ့ယူတုန်းကတောင် မျက်ရည်စက်လက်နဲ့ ငါ့ကို ရန်တွေ လာတွေ့နေသေးတယ်၊ မင်းတို့ချင်းက ဘာတွေလဲ"

"ရှင် ... ရှင် ... ပေါက်ကရတွေ လာပြောမနေနဲ့၊ မုန်းတို့ချင်းက ရိုးရိုးခင်တာ၊ ရှင့်အပြစ်ကို ဖုံးချင်တိုင်း ဟိုဒီလွှဲချမနေနဲ့၊ လျှောက်ရမ်းမနေနဲ့ ..."

မုန်းသည် ဒေါသတကြီး မျက်စိစုံမှိတ်အော်လိုက်ပြီး မီးဖိုချောင်ထဲသို့ ဝုန်းဒိုင်းကျဲ ပြေးဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးသည် မုန်း ဒေါသဖြစ်လွန်းရင် ဘာလုပ်တတ်တယ်ဆိုတာ သိသူမို့ မုန်းနောက်မှ ပြေးဝင်လာကာ နံရံကပ်ဗီရိုတံခါးကို လျှောခနဲ ဖွင့်လိုက်ရင်း ပျာပျာသလဲ သတိပေးလိုက်သည်။

"ဟော့ ... ဒီမှာ ဒီဘက်ခြမ်းက ပန်းကန်က မင်းခွဲဖို့ ငါ တပင်တပန်း ရှာဝယ်ထားရတဲ့ အပေါစား ပန်းကန်၊ ဟိုဘက်ခြမ်းက အကောင်းစားပန်းကန်၊ ဟိုဘက်ခြမ်းကို သွားမထိနဲ့၊ ဒီဘက်ကဟာကိုယူ ..."

"ရှင် ရှေ့ကဖယ်ပါ"

မုန်းက သူ့ကိုတွန်းဖယ်ပြီး သူညွှန်ပြသည့် အပေါစား ပန်းကန်တစ်ထပ်ကို ဆွဲချကာ စိတ်ရှိလက်ရှိ ပေါက်ခွဲပစ်လိုက်ပါသည်။

သူက မီးဖိုချောင် ကြမ်းပြင်ပေါ် တခွမ်းခွမ်းကျကွဲနေသည့် ပန်းကန်ကွဲစတွေကြားမှာ ရပ်တန့်လျက် မုန်းကို လက်ပိုက်ရပ်ကြည့်နေရင်း ...

"မင်းကတော့ အသုံးအဖြုန်းကြီးတဲ့နေရာမှာ ... ဒေါသဖြစ်တာတောင် ပိုက်ဆံကုန်ပေါက်လေးတော့ ရှိလိုက်ရမှ၊ မင်းရဲ့ အဲ့ဒီလို ပန်းကန်ခွဲတတ်တဲ့ အကျင့်ဆိုးကြီး





ကြောင့် ပိုက်ဆံကုန်ပေါင်း မနည်းတော့ဘူး၊ တစ်လတစ်လ မင်းခွဲတဲ့ ပန်းကန်ဖိုးကတင် မနည်းဘူး ...၊

"ထွန့်ခေါင်က တိုက်ခန်းကောင်းကောင်း ဝယ်နိုင်မှာပေါ့၊ သူ့မိန်းမ နုက မင်းလိုမှမဖြုန်းဘဲ၊ ဟိုက မိန်းမ ပီပီသသ စီးတဲ့ရေဆည်တဲ့ကန်သင်း လုပ်တဲ့အပြင် သူ့ယောကျ်ားအလုပ်မှာတောင် စာရင်းကိုင် ဝင်လုပ်လိုက်သေးတယ်"

"မုန်းကရော မလုပ်ခဲ့လို့လား"

"အိုးဟိုး ... လုပ်ခဲ့တာပေါ့ ... လုပ်ခဲ့တာပေါ့၊ မင်းလုပ်ခဲ့လို့ ရှုပ်ပွပြီး အစရှာမရတော့တဲ့ စာရင်းတွေကို ပြန်ရှင်းပေးဖို့ စာရင်းကိုင် ထပ်ခေါ်လိုက်ရတော့ ပိုက်ဆံက နှစ်ဆတောင် ကုန်သွားသေးတယ်လေ 'မတတ်ပ' ရဲ့ ..."

"မုန်း မကျွမ်းကျင်တဲ့ အလုပ်ကို လုပ်ခိုင်းမှတော့ ဒီလိုပဲ ဖြစ်မယ်ဆိုတာ အစက မသိဘူးလား ..."

"မင်းလည်း ဘွဲ့ရပဲ၊ ဒီလောက်စာရင်းဇယားလေးတွေကို လုပ်တတ်မယ်ထင်တာပေါ့ကွ"

"အိုး ... မုန်းမမ ရထားတဲ့ ဘွဲ့က စာရင်းဇယားနဲ့ ဘာမှမဆိုင်ဘူး၊ အဲဒီလိုအလုပ်မျိုး လုပ်ဖို့လည်း ဝါသနာမပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သြော် ... အဲ့ဒါကြောင့် မင်းဝါသနာပါတဲ့ အလုပ်တွေ လျှောက်လုပ်ခဲ့တာပေါ့နော်၊ နှစ်နှစ်အတွင်း အလုပ်ငါးခုပြောင်းပြီး ခုလို ဘာမှမလုပ်ဘဲ ထိုင်ဖြုန်းနေတာပေါ့နော်"

"အလုပ်က ပြောင်းသင့်လို့ ပြောင်းခဲ့တာ၊ အရည်အချင်းမရှိတဲ့သူတွေရဲ့ လက်အောက်မှာ အလုပ်မလုပ်ချင်လို့၊ အစွမ်းအစတုံး၊ အကြံဉာဏ်တုံး၊ နလပိန်းတုံးတွေနဲ့ အလုပ်အတူတွဲမလုပ်ချင်လို့ ပြောင်းခဲ့တာ ဘာဖြစ်လဲ"

"ဟုတ်ပါတယ် ... မင်းလောက် ဘယ်သူမှ မတော်ပါဘူး၊ ဘီလ်ဂိတ်တောင် မင်းနဲ့ အလုပ်တွဲလုပ်ရရင် တော်တော်သိမ်ငယ်သွားရှာမှာပဲ"

"ရှင် ... ယောကျ်ားဖြစ်ပြီး မငေါ့နဲ့"

"မင်းလည်း ငါ့ကို ဖိအားမပေးနဲ့"

"ပေးတော့ ဘာဖြစ်လဲ"

"ငါ ဒီကထွက်သွားလိုက်မယ်"

"အိုကေ ... ဂွဒ်ဘိုင်"

မုန်းက အိပ်ခန်းထဲဝင်ပြီး တံခါးကို ဆောင့်ပိတ်ပစ်လိုက်သည်။ သူကလည်း တိုက်ခန်းအပြင်ဘက်သို့ ထွက်သွားပြီး တံခါးကို ပြန်ဆောင့်ပိတ်သွားသည်။





ရှေ့ဆင့် နောက်ဆင့် တံခါးပိတ်သံ နှစ်ချက်ကြားရပြီးနောက်တွင် စောစောက ဆူညံပွက်နေသော အသံများအားလုံး ငြိမ်ကျသွားသည်။ မနိုင်နိုင်အောင် မနားတမ်း ပြောရင်းဒေါသတွေလည်း ထွက်ခဲ့ရသော မုန်းသည်လည်း မောဟိုက်နွမ်းနယ်၍ သွားလေသည်။

မုန်းသည် ခဏငြိမ်ကာ အမောဖြေနေလိုက်ပြီးမှ သူထွက်သွားသည့် အိမ်ရှေ့တံခါးဆီမှ အသံဗလံကို နားစွင့်ရင်း အိပ်ခန်းတံခါးကို ဖွင့်ထွက်လာသည်။

မုန်းက တိုက်ခန်းတံခါးဆီ ခြေဖွနင်းသွားပြီး နားစွင့်ကြည့်သော်လည်း ဘာသံမှမကြားရတာမို့ ချောင်းကြည့်ပေါက်ကလေးမှ ချောင်းကြည့်လိုက်သည်။ သို့သော် ... ဘာမှမတွေ့။

ဘုရားရေ... သူ တကယ်ပဲ အိမ်ပေါ်က ဆင်းသွားပြီလား။

မုန်းသည် တံခါးရှေ့တွင် ငူတူတူရပ်ရင်း ရုတ်တရက် ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားပါသည်။

မုန်း ပြောတာတွေ သိပ်လွန်သွားပြီလား။

အို ... ဒါပေမယ့် မုန်းတို့ချင်းက ရန်ဖြစ်နေကျပဲဟာ၊ ရန်မဖြစ်တာကြာရင်တောင် ပျင်းလာလို့ တမင် ရန်ရှာရသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



မုန်းသည် တံခါးရှေ့မှ ပြန်လှည့်လာကာ ဧည့်ခန်းဆိုဖာပေါ်မှာ ထိုင်ရင်း 'ဟွန့်... သွားချင်လည်း သွားပေါ့' ဟု ခပ်ရွဲ့ရွဲ့ ရေရွတ်လိုက်ပါသည်။

မုန်းသည် ဒေါသဖြစ်စရာ သူ့အပြစ်အနာအဆာတွေကိုပဲ ရှာကြံတွေးနေလိုက်သည်။ တွေးရင်းက တွေးစရာကုန်လာသောအခါ မုန်းစိတ်သည် နည်းနည်းပျော့၍လာလေသည်။

မုန်းသည် တိတ်ဆိတ်နေသော အခန်းထဲတွင် တစ်ယောက်တည်း ထိုင်နေရင်း ဝမ်းပမ်းတနည်း ဆို့နင့်လာသည်။

မုန်းတို့နှစ်ယောက်ဟာ ပျင်းလျှင် အိပ်ရာထဲမှာ တစ်ယောက်နဲ့တစ်ယောက် ခြေထောက်ချင်း လှမ်းတို့၊ ကန်ကျောက် ရန်စကြသူများပင်...။ ကမ္ဘာပေါ်မှာ ရန်အဖြစ်ဆုံးစုံတွဲကို ပြပါဆိုလျှင် မုန်းတို့စုံတွဲကို ပြရမှာပင်...။

သူကလည်း မုန်းကို စိတ်ဆိုးတဲ့အခါ 'ငပေါမ၊ အရူးမ၊ ငဖြုန်းမ၊ ဘဝင်ရူးမ' စသဖြင့် တမင် မခံချင်အောင် ရှာကြံပြောပြီး မုန်းကလည်း သူ့ကို 'ငတုံး၊ ငအ၊ ငထုံ၊ ငနုံ' စသဖြင့် စုံပလုံနေအောင် ကင်ပွန်းတပ်ပေးမိပြန်ပင်။

တကယ်တော့... ကိုးရဲ့ နာမည်ဟာ 'လင်းနေ'။ သူငယ်ချင်းတွေကတော့ တစ်ခါတစ်ခါ 'လင်းမွေ့' ဟု နောက်





ခေါ်တတ်သည်။ မုန်းကတော့ မေ (၉)ရက်မှာ မွေးသည့် သူ့ကို 'ကိုး' ဟုသာ ခေါ်ခဲ့ပါသည်။

မုန်းတို့ချင်းဟာ သိပ်ချစ်ကြပေမယ့် လောဘသဏ္ဍာယ မရှိလေတဲ့ သူ့ကို မုန်းက အားမရ...။ သူကလည်း မုန်းရဲ့ အသုံးအဖြုန်းကြီးပုံကို အခွင့်သာတိုင်း နှိပ်ကွပ်တတ်ပါသည်။

မုန်းသည် ထိုင်နေရာမှ ထလာရင်း မုန်းရဲ့ ဖိနပ်တွေထားသည့် အလူမီနီယံ စင်လေးဆီ လျှောက်လာပြီး စင်ရှေ့မှာရပ်လိုက်မိသည်။

ကိုး ပြောလည်း ပြောစရာပါပဲ...။ မုန်း ဝယ်ထားတဲ့ ဖိနပ်တွေဟာ မနည်း။ ပြီးတော့... တန်ဖိုးကြီး ဘရန်းဒက်တွေချည်းသာ။ မုန်းရဲ့ ပစ္စည်းမှန်သမျှဟာ ပေါချောင်ကောင်း တစ်ခုမှမပါ။ မုန်းက နာမည်ကြီး တံဆိပ်တွေကို ရူးသွပ်သူ၊ အကောင်းကြိုက်လှသူပင်။ ဒါတွေအတွက် ကိုးကုန်ခဲ့တာလည်း နည်းမှမနည်းပဲ။ သနားလိုက်တာ ကိုးရယ်... ကိုးကို စိတ်ဆင်းရဲအောင် ပြောမိပြီ။ မုန်း လွန်သွားခဲ့ပြီ။ မုန်းတို့နှစ်ယောက် တစ်ခါမှ ဒီလောက် ပြင်းပြင်းထန်ထန် ရန်မဖြစ်ခဲ့ဖူးဘူးနော်။

မုန်းသည် ရင်ဝတစ်နေရာမှ စူးအောင့်လာသလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားလာရတာ ချက်ချင်းပင် လွှင့်ပစ်ထားသည့် အင်္ကျီကို ပြန်ကောက်ပြီး ထပ်ဝတ်လိုက်သည်။ ထို့နောက် စလင်းဘတ်အိတ်ကိုပါ ပြေးကောက်ပြီး တိုက်ခန်းတံခါးဝဆီ အပြေးကလေး လျှောက်လာပါသည်။ ပြင်းထန်သော ခံစားချက်ရဲ့ တွန်းအားကြောင့် မုန်းပုံစံက ပျာနေသည်။ နည်းနည်းလေးသာ နောက်ကျသွားလျှင် သူ့ကိုမတွေ့လိုက်ရတော့ဘူးဟုတောင် ထင်နေသည်။ အိမ်ထောင်သက် ခုနစ်နှစ်အတွင်း တစ်ညအိပ်တောင် မခွဲခဲ့ဖူးတာမို့ ဒီတစ်ညပဲဖြစ်ဖြစ် သူပြန်မလာဘဲနေမှာကို စိုးရိမ်လှပါသည်။ နောက် တစ်နာရီလောက် ခွဲရမှာကိုတောင် မုန်းသေလုအောင် ကြောက်လှပါသည်။

မုန်းသည် တိုက်ခန်းတံခါးဖုကို လှည့်ဖွင့်ရန် လက်အလှမ်း တံခါးဖုက ကလစ်ခနဲ အသံမြည်ကာ ပွင့်ဟလာပါသည်။

"ဟင် ... ကိုး"

"မုန်း ..."

ကိုးသည် တံခါးဝမှာ မားမားကြီးရပ်လျက် မုန်းကို ဆွေးဆွေးမြည့်မြည့်ကြီး ကြည့်နေပါသည်။ မုန်းကလည်း မတွေ့ရတာ ကြာပြီဖြစ်တဲ့ လူတစ်ယောက်ကို တရှိုက်မက်မက် ကြည့်သလိုမျိုး ကိုးကို စိုက်ကြည့်နေရင်း ...





"ကိုး ... ကိုး ထွက်သွားပြီမှတ်လို့ ..."

"ထွက်သွားတယ်လေ၊ အခန်းအပြင်ကို၊ အခု ပြန်ဝင်လာပြီပဲ"

ကိုးရဲ့ မျက်လုံးတွေထဲမှာ ဘာဒေါသရိပ်မှမရှိဘဲ ကြည်လင်နေတာကို မုန်းတွေ့သည်။ မုန်းမျက်ဝန်းတွေထဲမှာ ဘာဒေါသမှမရှိဘဲ ကိုးနည်းတူ ကြည်လင်နေတာကို ကိုးတွေ့မှာပင်။

"ကိုးရယ် ..."

"မုန်းရယ် ..."

ကိုးနှင့် မုန်းသည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေရာမှ ဖြုန်းခနဲ တအား ကြုံးဖက်ထားလိုက်ကြရင်း ...

"ကိုးရယ် ... မုန်းမှားသွားတယ်၊ မုန်းလွန်သွားတယ်၊ မုန်း တောင်းပန်ပါတယ်"

"မုန်း မတောင်းပန်နဲ့၊ မုန်းအလွန်မဟုတ်ဘူး၊ ကိုယ့်ဘက်က လွန်တာ၊ ကိုယ်မှားတာ၊ ကိုယ့်ကြောင့် မုန်း မျက်နှာငယ်ရတာ၊ ကိုယ်က ကိုယ်ချစ်တဲ့ ဇနီးမယားကိုတောင် ပြည့်စုံအောင်မထားနိုင်ခဲ့တာ ကိုယ် ညံ့လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း … ဟင့်အင်း … ကိုး မညံ့ဘူး၊ မုန်းက ဖြုန်းတာ၊ မုန်း အသုံးအဖြုန်းကြီးလို့၊ စီးတဲ့ရေ ဆည်တဲ့ကန်သင်း မလုပ်တတ်လို့ ကိုးရှာသမျှ အလဟဿဖြစ်ရတာ၊ မုန်းသာ အသုံးအဖြုန်းမကြီးရင် ခုလောက်ဆို လုံးချင်းတောင် ဝယ်နိုင်မှာပါ၊ မုန်းလေ နောက်ဆို ဘယ်တော့မှ ဘရန်းဒက်ပစ္စည်းတွေ မဝယ်တော့ဘူး သိလား”

“ဘယ်ဖြစ်မလဲ၊ ဒီလိုမလုပ်ရဘူးကွာ၊ ဘရန်းဒက်ကောင်းကောင်း ပစ္စည်းမျိုးကိုင်တယ်ဆိုတာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိစေတယ် မုန်းရဲ့၊ မုန်း အပေါစားတွေ လျှောက်ဝယ်ရင် ကိုယ် ရင်နာလို့ဆုံးမှာမဟုတ်ဘူး”

“မုန်း ဗျူတီဆလွန်းလည်း မသွားတော့ဘူး”

“မသွားလို့မရဘူး၊ မုန်းဆံပင်က နည်းနည်းတောင် ရှည်နေပြီ၊ ပုံမကျတော့ဘူး၊ မနက်ဖြန်ပဲ သွားလေ၊ ကိုယ်လိုက်ပို့ပေးမယ်”

“ဟင့်အင်း … ပိုက်ဆံကုန်တဲ့အလုပ်တွေ မုန်း မလုပ်ချင်တော့ဘူး”

“မုန်းခုလို ကြောင့်ကြနေရတာ ကိုယ်ညံ့လို့ပေါ့၊ ကိုယ် ဒီ့ထက်ပိုပြီး အလုပ်ကြိုးစားပါ့မယ် မုန်းရယ်”





ကိုးအသံကလေးက အားငယ်သံကလေးမို့ မုန်းလည်း မျက်ရည်တွေ လှိုက်ခနဲဝဲလာကာ သူ့နှုတ်ခမ်းကို မုန်းလက်ချောင်းကလေးတွေဖြင့် ညင်သာစွာ ပိတ်လိုက်ရင်း …

“ဒီလိုမပြောပါနဲ့ ကိုးရယ်၊ ကိုးက လူတော်တစ်ယောက်ပါ၊ ပါရမီဖြည့်ဖက်က အရည်အချင်းမရှိလို့သာ ကိုးမှာ တိုးတက်သင့်သလောက် မတိုးတက်တာ၊ အိမ်ထောင်တစ်ခုမှာ ဇနီးမယားရဲ့ ပံ့ပိုးမှုကလည်း ၅၀ ရာခိုင်နှုန်း အရေးပါတယ် ကိုးရဲ့၊ မုန်းက ပံ့ပိုးမပေးနိုင်တဲ့အပြင် ကိုးကို အနှောင့်အယှက်ဖြစ်အောင်တောင် လုပ်နေခဲ့မိတာ …”

“တော်ပြီကွာ၊ အဲ့ဒါတွေ မပြောနဲ့တော့ မုန်းရာ …”

ကိုးက မုန်းနှုတ်ခမ်းကို သူ့ပါးဖြင့် ကပ်၍ ပိတ်ထားလိုက်ပြီးမှ မုန်းရဲ့ လည်ကုပ်သားကလေးကို ဖွဖွနမ်းရှိုက်လိုက်ရင်း …

“မုန်း … နောင်တရလားဟင် …”

“ဘာအတွက်လဲ ကိုး …”

“ကိုယ်နဲ့ လက်ထပ်ခဲ့မိတဲ့အတွက် …”

“မုန်းဘဝမှာ နောင်တမရဖို့ အသေချာဆုံးအလုပ်တစ်ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တယ်၊ အဲဒါ ကိုးနဲ့ လက်ထပ်ခြင်းပဲ၊ မုန်း အသက်နှစ်ဆယ်တောင် မပြည့်ခင် ကိုးနောက်လိုက်ခဲ့တော့ မေမေက မုန်းကိုပြောတယ်၊ မုန်း တစ်နေ့ နောင်တရလိမ့်မယ်တဲ့၊ ဒါပေမယ့် မုန်း ဒီနေ့ထိ လုံးဝ နောင်တမရခဲ့ဘူး၊ ကိုးနဲ့နေရတဲ့အတွက် မုန်းပျော်တယ်၊ မုန်းလိုချင်တာမရလို့ မုန်းဖြစ်ချင်တာ မဖြစ်ရလို့ ကိုးကို ဒေါသတွေဖြစ်ပြီး ကိုးနဲ့ရန်တွေဖြစ်ခဲ့ပေမယ့် ရန်ဖြစ်ရတဲ့အတွက် စိတ်မဆင်းရဲဘူး၊ မုန်းပြောချင်တာပြောပြီးရင် ပြီးပြီ၊ မုန်းလေ ကိုးကို သိပ်ချစ်တာ သိလား ...”

“မုန်းရယ် ...”

မုန်းက ကိုး နားနားကပ်ကာ တိုးတိုးလေး ပြောလိုက်တာမို့ ကိုးက မချင့်မရဲ ဖြစ်သွားပုံနှင့် မုန်းကို တိုးဖက်ထားလိုက်ပြီးမှ ဖျတ်ခနဲ ပွေ့ချီခေါ်လာခဲ့ပါသည်။

ကိုးက မုန်းကို အိပ်ရာပေါ်သို့ ညင်သာစွာ ချပေးလိုက်ပြီး မုန်း ဆံပင်လေးတွေကို သပ်ပေးရင်း မုန်းမျက်နှာလေးကို ငုံ့ကြည့်ကာ ...

“ကိုယ် မနက် မနက် အိပ်ရာနိုးတိုင်း ပထမဆုံး လုပ်ချင်တဲ့ အလုပ်က ဘာလဲ သိလား ...”





ဟု ပြုံး၍မေးလိုက်သည်။ မုန်းက နှာခေါင်းကလေး ရှုံ့ပြရင်း ...

“No ... မသိ ...”

ဟု ပြုံးစေ့စေ့ပြန်ပြောတော့ ကိုးက မုန်းနှာခေါင်းဖျားကလေးကို မနာအောင် လိမ်ဆွဲရင်း ...

“မုန်းရဲ့ မျက်နှာကလေးကို ကြည့်ဖို့ပဲလေ၊ ကိုယ် အိပ်ရာနိုးတာနဲ့ မုန်းရဲ့မျက်နှာလေးကို အရင်ကြည့်ခဲ့တာ မင်္ဂလာဦး မနက်ကနေ ဒီနေ့အထိပဲ ...”

“ကိုးရယ် ... ကိုးရယ် ... မုန်းကို အဲလောက်ချစ်ရသလား၊ မုန်း အသည်းယားလာပြီ သိလား”

မုန်းက ကိုးရဲ့ ခေါင်းကို လက်နှစ်ဖက်ဖြင့် လှမ်းကိုင်ကာ တအား လှုပ်ယမ်းပစ်လိုက်ပါသည်။

“ဟ ... ဟ ... ဖြည်းဖြည်းလုပ်ပါ မုန်းရာ၊ မူးတယ်ကွ၊ ဟား ဟား ... မုန်းကတော့ကွာ ယောကျ်ားကို ကလေးပေါက်စလေးများ အောက်မေ့နေသလား မသိပါဘူး”

ကိုးက မုန်းလက်တွေကို ဖြုတ်ဖယ်ရင်း မုန်းကို ပုံးကပ်တိုးဖက်လျက် မုန်းနံဘေးမှာ လဲလျောင်းလိုက်ပါသည်။

မုန်းက ပြုံးစေ့စေ့နှင့်ပင် ခန္ဓာကိုယ်လေးကို ကွေ့နွဲ့လိမ်ရုန်းထွက်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မုန်း မအိပ်ချင်သေးဘူး ကိုးရ၊ မုန်း တီဗီကြည့်ဦးမှာ"

"အိုကေ … ဒါဆို ကိုယ် တီဗီရိုမှ ရှာလိုက်ဦးမယ်၊ မုန်း မျက်စိလေးမှိတ်ပြီး ခဏစောင့်နေ …"

"မျက်စိက ဘာလို့ မှိတ်ရမှာလဲ"

"မှိတ်မှာသာ မှိတ်ပါကွာ၊ ကိုယ် ဖွင့်တော့ဆိုမှ ဖွင့် …"

မုန်းက သူပြောတဲ့အတိုင်း မျက်စိမှိတ်ထားလိုက်သည်။ ငါးမိနစ်လောက်ကြာတော့မှ သူက 'ဖွင့်တော့' ဟု လှမ်းပြောလိုက်တာမို့ မုန်း မျက်လုံးဖွင့်ကြည့်လိုက်ရာ …

"ဟယ် …"

မုန်းသည် ကိုးပုံစံကို တအံ့တဩနှင့် ဟယ်ရှည်ကြီး ဆွဲ၍ အော်လိုက်မိပြီးမှ ရယ်ချလိုက်မိပါတော့သည်။

ကိုးက မုန်းရဲ့ ဂါဝန်ရှည်တစ်ထည်ကို ဝတ်ထားပြီး လက်ထဲမှာ ကာရာအိုကေဆိုသည့် မိုက်ခွက်ကို ဟန်ကျပန်ကျ ကိုင်ထားပါသည်။

"ကဲ … တီဗီဖွင့်လိုက်မယ်နော်၊ ဖြူဖြူကျော်သိန်း … အဲ ဖြူဖြူလင်းနေရဲ့ အတွင်းကြေသီချင်းကို ကြည့်ရှုခံစားလိုက်ပါ"

ကိုးသည် တီဗီကိုလည်း ဖွင့်ထားရင်း ဖြူဖြူကျော်သိန်းနှင့်အပြိုင် အတွင်းကြေသီချင်းကို လိုက်ဆိုလေသည်။ သူ့ဟန်ပန်ကလည်း ဖြူဖြူကျော်သိန်းနှင့် တစ်ထပ်တည်းမို့ မုန်းက ဗိုက်ကိုနှိပ်၍ ရယ်နေရသည်။





ဖြူဖြူကျော်သိန်းလို ဟိုလျှောက် ဒီလျှောက်လုပ်နေရင်း သူ့ခေါင်းကို ခုံအစွန်းနှင့် ဆောင့်မိပြီး ခုံပေါ်ကပစ္စည်းတွေ ပြုတ်ကျသွားတော့မှ သူ့ခေါင်းသူပွတ်ပြီး မုန်းနံဘေးသို့ ဒိုင်ဗင်ထိုးချလာသည်။

"ဟိတ် … ဘယ်က မိန်းမကြီး အိပ်ရာထဲ ရောက်လာတာလဲ၊ မုန်းတို့က မိန်းမချင်း သဘောမကျတတ်ဘူး၊ သွား …"

မုန်းက တွန်းလွှတ်တော့မှ ကိုးက ညဝတ်အင်္ကျီနှင့် လဲဝတ်ပြီး ပြန်လာသည်။ မုန်းထက် စည်းကမ်းပိုရှိသော ကိုးက သူ့အဝတ်အစားတွေကို အမြဲ သပ်သပ်ရပ်ရပ်ထားပြီး သူ့ဘာသာ ထုတ်ဝတ်တတ်သည်။ သူ့တစ်ကိုယ်ရေကိစ္စတွေကို မုန်း ဘုစရာမလို။ မုန်းကသာ အပြင်သွားခါနီးတိုင်း 'ကိုးရေ … ဟို အင်္ကျီလေး ကူရှာပေးပါဦး၊ ကိုးရေ … ဒီဇစ်လေး လာဆွဲပေးပါဦး' နှင့် ကိုးအကူအညီကိုယူရတတ်ပါသည်။

ကိုးသည် မုန်းကို ပွေ့ဖက်လဲလျောင်းလိုက်တာမို့ မုန်းက ကိုးနဖူးကို လက်ညှိုးနှင့် လှမ်းတောက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



“ဟိတ် … ဒီလိုမရဘူးလေ၊ မီးပိတ်ပြီးမှ အိပ်ရမှာပေါ့ ကိုးရ၊ သွား သွား … မီးပိတ်လိုက်ဦး”

မုန်းကပြောပေမယ့် ကိုးက မျက်လုံးတွေကို မှေးစင်းထားရင်း …

“နေ့တိုင်း ကိုယ်ပဲပိတ်ရတာ၊ ဒီနေ့တော့ မုန်းပဲ သွားပိတ်လိုက်ကွာ၊ ကိုယ်အိပ်ချင်နေပြီ”

“မရဘူး၊ ကိုး သွားပိတ်ကွာ …”

“မုန်း ပိတ်ပါကွာ …”

“ကိုး သွားပိတ်ကွာ …”

“ခုတင်နားမှာထားတဲ့ Table lamp လေးလည်း ဟိုတစ်ခါ မုန်းနဲ့ကိုယ် ရန်ဖြစ်တုန်းက မုန်း ရိုက်ခွဲလို့ ကွဲသွားတာ၊ အဲဒီကတည်းက ခုထိ အသစ်မဝယ်ရသေးဘူး၊ ခုတင်နားမှာသာ Table lamp လေး ထားရင် အိပ်ခါနီး လက်ကလေးဆန့်ပြီး လှမ်းပိတ်ရုံပဲ၊ ခုတော့ မီးခလုတ်က ဝေးနေတာနဲ့ သွားသွားပိတ်နေရတာ မမိုက်ပါဘူး၊ မုန်းက Table lamp ဝယ်ပါဆိုလည်း မဝယ်ဘူးကွာ …”

“ကိုး ဝယ်လာပါလား၊ ကိုးက မုန်းထက်ပိုပြီး ဈေးဝယ်တတ်တယ်”





“မုန်း Shopping ထွက်တုန်း ဝယ်လာပေါ့”

“မုန်း ဝယ်တတ်တာက မုန်းအတွက် အလှအပ အသုံးအဆောင်တွေပဲ ဝယ်တတ်တာ၊ အဲဒီလိုပစ္စည်းတွေ သိပ်မှ မဝယ်တတ်တာ၊ ကိုးတို့ ရုံးခန်းနားမှာ လျှပ်စစ်ပစ္စည်းဆိုင်ရှိတာပဲ၊ ဝယ်လာပေါ့ …”

“အေးပါကွာ၊ ခုတော့ မုန်း မီးသွားပိတ်လိုက်နော်”

“ကိုး ပိတ်ပါဆို …၊ မုန်းက အမှောင်ထဲမှာ ခုတင်ကို ပြန်လျှောက်လာရင် ခလုတ်တိုက်တတ်တာ ကိုးသိသားနဲ့”

“အိုကေ … အိုကေ … ကိုယ်ပဲ ပိတ်လိုက်ပါ့မယ်”

ကိုးက မီးသွားပိတ်လိုက်ပြီး မုန်းနံဘေးမှာ လဲလျောင်းကာ မုန်းကို လှမ်းဖက်ထားလိုက်ရင်း …

“မီးပိတ်လိုက်တော့ အဆင်မပြေဘူး”

“ဘာဖြစ်လို့လဲ …”

“မုန်းမျက်နှာကိုမမြင်ရတော့လို့လေ၊ ကိုယ်က မုန်း မျက်နှာကို ငေးကြည့်ရင်း အိပ်ပျော်သွားချင်တာ”

မုန်းသည် ပြုံးမိလျက် အမှောင်ထဲမှာ သူ့မျက်နှာကို စမ်းလိုက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ကိုး ..."

"အင်ဟင် ..."

"မုန်း မကျေနပ်တာ တစ်ခုရှိတယ် သိလား"

"ပြောပါဦး"

"မုန်းလေ ... ရည်းစားစာ မဖတ်ဖူးဘူး သိလား"

"ဟောဗျာ ... အိမ်ထောင်သက်တောင် ခုနစ်နှစ်ဖြစ်နေမှ ရည်းစားစာက ဖတ်ချင်သေးတယ်လား၊ သိပ်မကဲနဲ့နော် ဒေါ်မုန်းမမ"

"ကိုး စဉ်းစားကြည့်လေ၊ မုန်းက ကိုးနဲ့ပဲ ပထမဦးဆုံး ချစ်ခဲ့တာ၊ ကိုးနဲ့ပဲ ရည်းစားဖြစ်ခဲ့တာ၊ ကိုးက ရည်းစားစာလေး တစ်စောင်တောင် ပေးဖော်မရတော့ မုန်း မဖတ်ခဲ့ရဘူးပေါ့"

"စာမဖတ်ရပေမယ့် မုန်းကိုသိပ်ချစ်တဲ့အကြောင်းတွေ ပြောခဲ့တာ မုန်း မှတ်မိတယ်မဟုတ်လား"

"နှုတ်တစ်ရာ စာတစ်လုံးတဲ့၊ ကိုး ပြောခဲ့တာတွေကို အသံလည်း ဖမ်းမထားခဲ့ရတော့ ခု ပြန်နားထောင်ချင်လို့ မရတော့ဘူး၊ ရည်းစားစာဆိုရင် ဘယ်အချိန် ပြန်ဖတ်ဖတ်"





"မုန်းက ရစ်ပြီကွာ ..."

"ကိုးက စာရေးသိပ်ပျင်းတာပဲ၊ ရည်းစားစာလေး တစ်စောင်တောင် ရေးပေးဖော်မရဘူး"

"မုန်းဖတ်ချင်ရင် ရေးပေးပါ့မယ်ကွာ"

"ဟင် ... ခုမှရေးတော့ ဘာထူးမှာလဲ၊ အရင်တုန်းက ရေးခဲ့ရင် အကောင်းသား"

"ကဲ ... ဒါဆိုလည်း မုန်းဖတ်ချင်ရင် နောက်ယောကျ်ား အသစ်တွေ့တော့မှ ရေးခိုင်းပေတော့ ..."

"ဟင် ... ကိုးနော်၊ မုန်းက ဘာလို့ ယောကျ်ားအသစ်နဲ့ တွေ့ရမှာလဲ ..."

"မုန်းပဲ အသစ်ဆိုကြိုက်တယ်ဆို၊ ဖိနပ်အသစ်၊ အိတ်အသစ်၊ အဝတ်အစားအသစ်၊ တိုက်ခန်းအသစ်၊ တစ်ချိန်လုံး အသစ် အသစ်နဲ့ တစာစာအော်နေတာ၊ ယောကျ်ား အသစ်ရော မလိုချင်ဘူးလား"

"မလိုချင်ပါဘူး"

"အခု မလိုချင်ပေမယ့် ကိုယ်မရှိတော့ရင် လိုချင်လာမှာပေါ့"

"ကိုးနော် ... ကိုးနော် ... ပါးစပ်ပုပ်ကြီးနဲ့ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို စကားမများနဲ့၊ မရစ်နဲ့၊ ဂျီမကျနဲ့၊ အိပ်ပါတော့ ကွာ မုန်းရာ နော် ..."

ကိုးက မုန်းမျက်နှာလေးကို အမှောင်ထဲမှာ ပြန်စမ်းပြီး မုန်းခေါင်းကို သူ့ဘက်သို့ နီးကပ်အောင်ဆွဲ၍ ပါးချင်းအပ်ထားလိုက်တာမို့ မုန်းရဲ့ မျက်ကြောကလေးတွေ စင်းကျလာကာ ကိုးကို တိုး၍ဖက်လိုက်မိပြီးနောက်တွင် ကိုးရင်ခွင်၌ နွေးထွေးစွာ အိပ်ပျော်သွားခဲ့လေသည်။

♣ ♣ ♣



နောက် နှစ်နှစ်ခန့်အကြာ ...
(စက်တင်ဘာ)

www.burmeseclassic.com

www.burmeseclassic.com

မုန်းသည် ဆိုဖာတွေ ... စားပွဲတွေ ဆားကပ်ရွှေအားသဖြင့် ရှင်းလင်းနေသော ကော်ဇောခင်း ဧည့်ခန်းကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့ရုံ့ရုံ့လေးထိုင်လျက် ငြိမ်သက်စွာ ရှိနေပါသည်။ မုန်းရဲ့ ညာဘက် ပခုံးလေးပေါ်မှာတော့ ကက်ရှ်မီးယားအဘက် အညိုရောင်လေး တင်ထားသည်။ မျက်နှာကလေးရောနှာကိုယ်လေးပါ ပြည့်ပြည့်တင်းတင်းလေး ရှိခဲ့သော မုန်းဟာခုတော့ သိသိသာသာ ပိန်လျက် မျက်နှာကလေး သွယ်ချောချောင်ကျနေသည်။ မုန်းရဲ့ မျက်ဝန်းအိမ်ကြီးကြီးဟာ ချောင်ကျနေသော မျက်ကွင်းတွေကြောင့် ပို၍ ကြီးလာသယောင် ထင်ရသည်။ ထို့ကြောင့်ပင် ထိုမျက်ဝန်းတွေရဲ့ အရောင်မှေးမှိန်မှုကပို၍ သိသာနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလှပြင်ဆိုင်သို့ မသွားတာ ကြာခဲ့ပြီမို့ အမြဲ ပုံကျ လှပနေတတ်တဲ့ ရွှေညိုရောင် ဆံပင်ခွေလိန်လေးတွေ ပြေလျော့ပုံပျက်နေခဲ့ပြီ။ ထိုဆံပင်တွေကို ဘဲနှုတ်သီးကလစ်ကြီးဖြင့် ဖြစ်သလိုပင့်တင်၍ညှပ်ထားသည်။ ကြမ်းခင်း ကော်ဇော အဆင်ကွက်ကို စိုက်ကြည့်နေသလိုလိုနှင့် မျက်ဝန်းတွေက စိုက်မိ စိုက်ရာ အသိမဲ့ ငြိမ်သက်နေသည်။

ခုနလေးကမှ မုန်းတို့ကိုးကွယ်တဲ့ ဘုန်းတော်ကြီး ပြန်ကြွသွားတာမို့ နတို့တစ်တွေက သိမ်းဆည်းသင့်တာတွေ သိမ်းဆည်းပေးနေကြပါသည်။

သူတို့က မုန်းကို အနှောင့်အယှက် မပေးကြပါ။

မုန်းကလည်း သူတို့နှင့်အတူတူ ကူညီလုပ်ကိုင် ပေးဖို့ စိတ်မကူးမိပါ။ မုန်းရဲ့အာရုံဟာ အသိမဲ့သလို ဗလာဟင်းလင်းကြီး ဖြစ်နေပါသည်။

ခဏနေတော့ မုန်းရဲ့ခေါင်းလေးက ဖြည်းဖြည်းလေး လှုပ်မော့လာကာ မုန်းတို့ရဲ့ အိမ်ခန်းကလေးကို လွမ်းဆွေးစွာ ငေးကြည့်လိုက်မိပါသည်။

မုန်းတို့ တိုက်ခန်းလေးဟာ မြင့်ပေမယ့် အ အသင့် ကျယ်ဝန်းပြီး ဘေးခန်းမို့ အလင်းရောင်နှင့် လေလည်





ကောင်းစွာရသည်။ အိပ်ခန်းလေး တစ်ခန်းဖွဲ့ထားပြီး ကျန်တဲ့ ဧည့်ခန်းကြမ်းပြင် ပြောင်ပြောင်လေးကလည်း ကျယ်ဝန်းသည်။ လသာတဲ့ ညတွေမှာ ပြတင်းတံခါးတွေ ဖွင့်ထားပြီး အဲ့ဒီ ကြမ်းပြင်ပြောင်ချောလေးပေါ်မှာ မုန်းတို့ အတူ လဲလျောင်းရင်း ပြတင်းရဲ့ အပြင်ဘက်ဆီမှာ သာနေတဲ့ လမင်းကြီးကို ငေးရင်း စကားတွေ ပြောကြသည်။

အဲ့ဒီတုန်းက ဒီတိုက်ခန်းလေးကို ဘာ့ကြောင့် အကောင်းမမြင်မိပါလိမ့်။ မရောင့်ရဲမိပါလိမ့်။

ခုတော့ ... သူနဲ့အတူ ရှိခဲ့ဖူးတဲ့ ဒီတိုက်ခန်းလေး ဟာ မုန်းအတွက် တန်ဖိုးကြီးလှပါပြီ။ ကြည့်လေရာရာ သူ့ ပုံရိပ်တွေ မြင်ခွင့်ရတာနဲ့တင် မုန်း ကျေနပ်လှပါပြီ။

မုန်းအနားမှာ သူမရှိတော့ဘူး။ ဟောဒီ ကမ္ဘာ လောကမှာ ကိုးမရှိတော့ဘူးဆိုတာ မုန်းဖြင့် ခုထိ လက်မခံချင် သေးပါ။

ကိုးဟာ လွန်ခဲ့သော တစ်ပတ်က ဆုံးပါးသွားခဲ့ ပြီတဲ့။ ဒီနေ့ဟာ ကိုးရဲ့ ရက်လည်ဆွမ်းသွတ်နေ့ပင် ...။

ကိုးဆုံးပါးသွားသော အဖြစ်က မျက်လှည့်ဆန် လှပါသည်။ သာမန် အပရိက ခေါင်းကိုက်တာလေး မကြာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခဲ့ပြီးနောက်မှာ ကိုးဆိုတဲ့ ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်း ယောကျာ်းကြီးရဲ့ ခေါင်းထဲမှာ အကျိတ်တစ်ခုရှိသည်ဟု ဆိုခဲ့ကြပါသည်။

ရောဂါခေါင်းစဉ် တပ်လိုက်သည်မှာ ဘရိန်းကျူမာ တဲ့ ...။

ကိုးသည် သူ့မှာ ထိုရောဂါရှိနေတာကို မုန်းမသိ... အောင် လျှို့ဝှက်ထားခဲ့ပြီး ရောဂါလက္ခဏာတွေ သိသာလာတော့မှပင် မုန်းသိခဲ့ရပါသည်။ မုန်း သိပြီး မကြာခင်မှာပင် ကိုး ဆုံးပါးသွားခဲ့ပါသည်။ မုန်းမှ မရှူရင် ဘယ်သူရှူမလဲ ...။

ဆုံးသည့်နေ့က မုန်းငိုမရပါ။ နောက်တစ်ရက်ကျမှ ရှိသမျှ မျက်ရည်တွေ သွန်ချပြီးနောက်မှာ မုန်းက ငိုလည်း မငိုတော့ဘဲ အသက်မဲ့သူလို ငြိမ်သက်အေးစက်နေခဲ့တော့တာ ခုအချိန်အထိပင်။

"မုန်း ..."

ခေါ်သံကြောင့် မုန်းမျက်ဝန်းလေးတွေ လှုပ်ရှ... ကြည့်လိုက်တော့ ထက်မင်း ...။

ထက်မင်းဆိုတာ မုန်းရဲ့ ငယ်သူငယ်ချင်း။ မု... မာမီရဲ့ ကော်ဖီဆိုင်လေးမှာ မန်နေဂျာလုပ်နေသည့်သူပင်။ ...





...မည် ထက်မင်းကို အမြန်ခေါ်လျှင် ထမင်းဟုပင် အသံထွက် ...မို့ မုန်းက သူ့ကို 'ထမင်း' ဟုပင် ခေါ်ဖြစ်နေပါသည်။

"မုန်း ... နင် ဘာမှမစားရသေးဘူး မဟုတ်လား၊ တစ်ခုခုတော့ စားလိုက်ဦးလေ"

"ငါ ဗိုက်မဆာဘူး"

"ဗိုက်မဆာလည်း စား၊ မအိပ်ချင်လည်း အိပ်ပါဟာ ...၊ နင်က မဆာလို့ မစားဘဲနေရင်၊ မအိပ်ချင်လို့ မအိပ်ဘဲ နေလိုက်ရင် နင် အိပ်ရာထဲ လဲသွားလိမ့်မယ်"

"ငါ ဘာမှမဖြစ်နိုင်ပါဘူး၊ အကောင်းကြီးပါ"

"ဒါပေမယ့် အစားပျက်၊ အအိပ်ပျက်တာကြာရင် နင် လဲမှာပဲလေ၊ နင်လဲရင် ငါတို့နဲ့ နင့်အမေပဲ စိတ်ပူရမှာ၊ နင့်ကို ပြုစုစောင့်ရှောက်ရတာနဲ့ ငါတို့ပဲ ဒုက္ခများမှာ"

"ဒါဆိုလည်း စားမယ်"

"အိုကေ ... ငါ စားစရာ သွားယူလိုက်မယ်"

ထက်မင်းက မီးဖိုချောင်ဘက်သို့ ခပ်သွက်သွက် ...က်ဝင်လာကာ ဝမ်းသာအားရ ကျိတ်အော်လိုက်သည်။

"ဟိတ် ... မုန်းစားဖို့ တစ်ခုခုပြင်ပေးကြပါဦးဟေ့ ..."

ပန်းကန်တွေ စီထပ်နေသော နကာ ထက်မင်းကို ...လှည့်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သူက စားမယ်တဲ့လား ... စားမယ်တဲ့လား"

"အေး ... စားမယ်တဲ့"

"အိုကော ... အိုကော၊ ဒါဆို ငါ မုန့်ဟင်းခါး တစ်ပန်းကန် ရှယ်ပြင်ပေးမယ်"

ယုဝါက မုန့်တွေ တင်ထားသည့် စားပွဲဆီ အပြေး တစ်ပိုင်း ရောက်သွားကာ မုန့်ပွဲပြင်ရင်း ...

"မုန်းက ခေါင်းမာတယ်ဟ၊ ငါတို့ ဘာပြောပြော သူလုပ်ချင်မှ လုပ်တာ၊ အစားကောင်းကောင်း မစားလို့ စိတ်ပူနေတာကြာပြီ၊ မနက်မိုးလင်းရင် နိုးနိုးချင်း ဗိုက်ဆာပြီ နိုးလာတတ်တဲ့သူက ဘာမှမစားဘဲနေနေတော့ ငါလည်း စိတ်ပူနေတာ၊ နုရေ ... အုန်းစိမ်းကျောက်ကျောလေးတွေ ထည့်ပေးဦး၊ မုန်းက ကျောက်ကျောကြိုက်တယ်"

"အေး ... အေး ... ထည့်ပေးမယ်၊ ဟဲ့ ... မုန်းက ညှပ်ခေါက်ဆွဲ မကြိုက်ဘူးနော်၊ မုန့်ဟင်းခါးပဲထည့်၊ ပဲကြော် ရော ရှိသေးလား၊ သူက ပဲကြော်ပဲစားတာ"

"မုန်းအကြိုက် ငါသိပါတယ် နုရဲ့"

"ငါတို့ ခုန သူ့အနားမှာ သွားထိုင်နေကြသေးတယ် ထမင်းရဲ့၊ သူက တစ်ယောက်တည်းပဲ နေချင်တယ်ဆိုလို့





ငါတို့ ဖယ်ပေးလိုက်ရတာ၊ နင်က သူ အစားစားချင်အောင် ဘာသွားပြောလိုက်လို့လဲ ..."

"နင် အစားမစားလို့ အိပ်ရာထဲလဲရင် ငါတို့ပဲ ဒုက္ခများမှာလို့ ပြောလိုက်တယ်လေ"

"ငါတို့ ဒုက္ခများမှာတော့ သူစိုးရိမ်ရှာသားပဲ ..."

"ဟဲ့ ... လာ ... လာကြ၊ သူစားမယ်ဆိုတုန်း ကျွေးမှ"

ယုဝါက ဆော်ဩလိုက်တာမို့ အားလုံး ပန်းကန်ကိုယ်စီဖြင့် ထမင်းစားခန်းထဲမှ တန်းစီထွက်လာသည်။ နုက မုန့်ပန်းကန် ကိုင်လျက်၊ ထွေးခိုင်က ဟင်းရည်ချိုင့်ဆွဲလျက်၊ ယုဝါက ကျောက်ကျောပန်းကန် ကိုင်လျက်၊ ထမင်းက ရေဘူးနှင့် ရေခွက်ကိုကိုင်ကာ မုန်းရှိရာသို့ လျှောက်လာကြသည်။ ပြီးတော့ မုန်းရှေ့က စားပွဲပုလေးပေါ်မှာ တစ်ခုပြီးတစ်ခု တင်ပေးလိုက်ကြသည်။

"မုန်း ... စားနော်၊ ခိုင်ရေ ... ဟင်းရည်ထည့်ပေး၊ ကြက်သွန်ဥ များများထည့်"

ထွေးခိုင်က မုန့်ပန်းကန်ထဲ ဟင်းရည်ခပ်ထည့်ပေး၊ နုကလည်း ရေခွက်ထဲ ရေထည့်ထားပေး။ ယုဝါက မုန့်ပန်းကန်ထဲ ရှောက်သီးညှစ်ထည့်ပေးနှင့် ပျာပျာသလဲ ဂရုစိုက် ယုယနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်မင်းကတော့ နံရံဘက်သို့ ရွှေ့သွားလျက် နံရံကို ကျောမှီကာ ဒူးနှစ်ဖက်ကို ဖက်ပိုက်၍ထိုင်ရင်း မုန်းကို လှမ်းကြည့် ငေးတွေးနေလိုက်မိပါသည်။

ကလေးဘဝကတည်းက အတူဆော့ကစားလာခဲ့ဖူးသော အိမ်နီးချင်း သူငယ်ချင်းမို့ မုန်းကို သူ သံယောဇဉ် ရှိလှပါသည်။ မုန်းက ခပ်ဆိုးဆိုး ကောင်မလေးမို့ မုန်းရဲ့ သည်းညည်းကိုလည်း ထုသားပေသားကျကျ ခံခဲ့ရဖူးပါသည်။

ယောကျ်ားလေးတစ်ယောက်လို ဆိုးသော မုန်းက သူ့ထင်ရာသူ လုပ်တတ်သူ၊ စည်းကမ်းမရှိသူ၊ အသုံးအဖြုန်းကြီးလှသူပင်။

မုန်းရဲ့ သူငယ်ချင်းမှန်သမျှဟာ မုန်းရဲ့ အနွံတာကို ခံကြရသူများချည်းပင်။ ထက်မင်းက မုန်းရဲ့ အိမ်နီးချင်း သူငယ်ချင်း၊ နုနှင့် ယုဝါက မိန်းကလေးကျောင်းတက်ရင်း တွေ့သည့် သူငယ်ချင်း၊ ထွဋ်ခိုင်က နုရဲ့ အိမ်နီးချင်းသူငယ်ချင်းမို့ နုနှင့် ပတ်သက်ပြီး မုန်းနဲ့လည်း သူငယ်ချင်းဖြစ်ရ၊ မုန်းနဲ့ပတ်သက်ပြီးတော့လည်း သူတို့အားလုံးနဲ့ သူငယ်ချင်းတွေဖြစ်လာခဲ့ရတာပင်။

သူငယ်ချင်းအားလုံးထဲမှာမှ ထက်မင်းရဲ့ အနွံတာ ခံနိုင်မှုက ပိုပါသည်။





ဒီကမ္ဘာပေါ်မှာ မုန်း သည်းညည်းကို ထက်မင်းအပြင် ခံနိုင်သူ နှစ်ယောက်မရှိဟု မာန်တက်နေဆဲမှာပင် မုန်းက ကောက်ခါငင်ခါ ရည်းစားရသွားခဲ့သည်။ အဲဒီတော့မှ မုန်းကို ချစ်နေမိကြောင်း၊ အဆုံးရှုံးမခံနိုင်ကြောင်း ကိုယ့်ကိုယ်ကို ပြန်သိရပေမယ့် သူဘာမှမတတ်နိုင်။ မုန်းကိုလည်း အနှောင့်အယှက်မပေးချင်တော့တာမို့ သူ့အချစ်ကို ဘယ်သူမှမသိအောင် သိမ်းထားလိုက်ပါတော့သည်။

မုန်းချစ်သူကို မုန်း မိတ်ဆက်ပေးတာမို့ သူသိခွင့်ရခဲ့သည်။ လင်းနေဟာလည်း သူ့ထက်မလျော့တဲ့ သည်းခံခြင်းဖြင့် မုန်းအပေါ် သည်းခံမြတ်နိုးသူ လူကောင်းတစ်ယောက်မို့ သူ စိတ်ချခဲ့မိပါသည်။ သို့သော် ... မုန်းနှင့် လင်းနေတို့ ချက်ချင်း လက်ထပ်ဖြစ်လိမ့်မည်ဟုတော့ မထင်မိခဲ့ပါ ...။

သူ့အထင် မှားခဲ့ပါသည်။ ခပ်ဆိုးဆိုး မုန်းက အမေက ချုပ်ချယ်လို့ဟုဆိုကာ အမေ့ကိုစိတ်ကောက်ပြီး လင်းနေနောက်ကို လိုက်သွားခဲ့ပါသည်။

အဲဒီလောက် မြန်မြန်ကြီး စည်းခြားသွားတော့လည်း သူ့မှာ ဘယ်သူမှမသိဘဲ ရင်ကွဲပက်လက် ဖြစ်ရပါသည်။

အဲဒီနောက်ပိုင်းမှာတော့ သူငယ်ချင်းတွေ စုဆုံဖို့

www.burmeseclassic.com



ချိန်းတိုင်း သူက အကြောင်းတစ်မျိုးမဟုတ် တစ်မျိုးပြကာ ရှောင်ရပါသည်။ အမြဲရှောင်လို့မရတာမို့ သူတို့ သုံးခါဆုံရင် သူ တစ်ခါတော့ ပါပါသည်။ ယောကျ်ားချင်းမို့ သူ့ခံစားချက်ကို လင်းနေ ရိပ်မိသွားမှာကို သူစိုးရိမ်ခဲ့ရပါသည်။ မုန်းကတော့ အိမ်ထောင်ကျသွားပြီးလည်း သူ့အပေါ် မပြောင်းလဲ။ သူငယ်ချင်း တစ်ယောက်လို ချစ်ခင်သံယောဇဉ် ရှိမြဲပင်။

မထင်မှတ်ဘဲ လင်းနေ ဆုံးသွားကာ မုန်းတစ်ယောက် ဆောက်တည်ရာမဲ့ ပြိုကွဲနေတာကိုတွေ့တော့ မုန်းကို သနားစိတ်ဖြင့် သူ့ရင်ထဲ မချိပါ။ ဖြစ်များဖြစ်နိုင်ရင် မုန်းအတွက်ဆို လင်းနေအစား သူသာ သေပေးလိုက်ချင်တော့တာပင်။

ထက်မင်းသည် ငေးတွေးနေမိရင်း ... မုန့်စားနေတဲ့ မုန်းအပြုအမူကြောင့် ရင်ထဲတစ်မျိုးကြီး ဖြစ်လာရပါသည်။

မုန်း စားနေပုံဟာ ဆာလို့ စားနေပုံမျိုးလည်း မဟုတ်၊ စားချင်လို့ စားနေတဲ့ပုံလည်း မဟုတ်။ အသိမဲ့နေပုံမျိုးနှင့် မုန့်တွေကို တစ်ဇွန်းပြီး တစ်ဇွန်း အပြည့်အမောက်ခပ်ကာ ပါးစပ်ထဲသို့ တစ်လုတ်ပြီးတစ်လုတ် သွင်းနေပါသည်။ ပါးစပ်ထဲ အပြည့်ဖြစ်လာတဲ့ မုန့်တွေကို မဝါးဘဲ ဖွက်မျိုချနေပုံကို ကြည့်ရင်း ထက်မင်းက အံကြိတ် မျက်ရည်ဝဲလာသည်။





ထွန်းခိုင်ကလည်း မေးကြောကိုတင်းနေအောင် ကြိတ်ကာ မျက်နှာလွှဲသွားသည်။ နုနုင် ယုဝါက ဝဲလာတဲ့ မျက်ရည်တွေကို ပုတ်ခတ်ဖယ်ထုတ်ရင်း ...

"မုန်းရယ် ... တော်တော့လေဟယ်၊ နင် မစားချင်ရင် မစားနဲ့တော့နော် ..."

"အဟွတ် ... ဟွတ်"

"ဟဲ့ ... သီးနေပြီ၊ ရေ ... ရေပေးပါဦး နုရေ ...၊ ရော့ရော့ ... မုန်း ... ရော့ ... ရေသောက်ချလိုက်နော်"

နုနုင် ယုဝါက မုန်းကျောကိုဖိပေး၊ ယပ်ခတ်ပေး၊ ရေခွက်ယူပေးနှင့် ပျာပျာသလဲ ပြုစုနေကြတာမို့ မုန်းက ဇွန်းကို လွှတ်ချရင်း ...

"ငါ ထမင်းစားရင် အဲလို သီးသွားရင် ကိုးက ငါ့ချိုင်းကနေ ဆွဲမြှောက်ပြီး ထရပ်ခိုင်းတယ်ဟ၊ အဲ့ဒီလိုလုပ်ရင် ထမင်းနင်တာက ချက်ချင်း ပျောက်သွားရော ..."

ဟု ခပ်အေးအေးပြောပြီး နုလှမ်းပေးသည့် ရေခွက်ကို လှမ်းယူကာ တစ်ရှုန်ထိုး သောက်ချလိုက်ပါသည်။

အားလုံး ဘာမှဆက်မပြောနိုင်ကြတော့ဘဲ ဆိုနင်တိတ်ဆိတ်ကုန်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုခဏမှာ တံခါးဝမှ ဘဲလ်မြည်သံ ကြားလိုက်ရသည်။

"ညှော်သည်ထင်တယ်၊ ငါ သွားဖွင့်ပေးလိုက်မယ်"

ယုဝါက ခပ်သွက်သွက် ထသွားပြီး တံခါးဖွင့်လိုက်လျှင် ...

"ဩော် ... ကိုရည်မွန်"

ပိုးပုဆိုးနုသာရောင်၊ တိုက်ပုံအင်္ကျီ နုသာရောင်တို့ကို ကြော့ကြော့ကော့ကော့ကြီး ဝတ်ဆင်ထားသော ကိုရည်မွန်ကို တံခါးဝမှာ ရပ်နေတာတွေ့လိုက်ရတာမို့ စောစောက မုန်းအတွက် ရင်နင့်နေရသော ယုဝါက ရုတ်တရက် ရယ်ချင်လာရပါသည်။

ကိုရည်မွန်တို့ အလှအပကြိုက်ပုံများ သပိတ်သွတ်ဆွမ်းကျွေးလာတာတောင် မင်္ဂလာဆောင်သွားသလို ဝတ်လာသည်။ မုန်း အခြောက်လို့ထင်တာလည်း မလွန်ပါ။

ပြုံးစေ့စေ့ကြည့်နေသော ယုဝါကြောင့် ကိုရည်မွန်က မလုံမလဲဖြစ်သွားကာ ...

"မနက်က မင်္ဂလာဆောင်တစ်ခု သွားနေရလို့ နည်းနည်းနောက်ကျသွားတယ်၊ အဝတ်အစား ပြန်မလဲတော့ဘဲ မင်္ဂလာဆောင်ကနေ ဒီကိုတန်းလာလိုက်တာ"





"ဩော် ... ဩော် ... ဟုတ်ကဲ့ပါ၊ ဝင်ပါ ..."

ယုဝါက ရယ်ချင်စိတ်ကိုထိန်းပြီး အိမ်ထဲသို့ ဖိတ်ခေါ်လိုက်သည်။ ကိုရည်မွန်က ယုဝါတို့နဲ့ သိပ်မရင်းနှီးပါ။ မုန်း ပြောပြောပြလို့သာ သူ့အကြောင်းတွေ သိပြီး ကျိတ်ကျိတ်ဟားနေရတာပင်။ မုန်းကလည်း သူ့ယောကျာ်းကို ကပ်လွန်းသော ကိုရည်မွန်ကို သိပ်ကြည့်မရတာမို့ စကားများများစားစား ပြောချင်သူမဟုတ်ပါ။

"မုန်းရေ ... ကိုရည်မွန်လာတယ်"

ယုဝါအသံကြောင့် မုန်းက မော့ကြည့်လာသည်။ ကိုရည်မွန်ကိုတွေ့တော့ မုန်းမျက်လုံးတွေ အရောင်လက်လာတာ ...

"ကိုရည်မွန်နဲ့ စကားပြောချင်နေတာနဲ့ အတော်ပဲ၊ မုန်းမသိတဲ့ ကိုး ငယ်ငယ်ကအကြောင်းတွေ ပြောပြပေးပါလား၊ ကိုး ငယ်ငယ်တုန်းက ခဏခဏ ကျောင်းပြေးတယ်ဆို"

ဘယ်တုန်းကမှ ကိုရည်မွန်အပေါ် မဖော်ရွေဖူးဘဲ မုန်းဟာ ခုတော့ ကိုရည်မွန်ကို ပျာပျာသလဲ ဖိတ်ခေါ်ကာ ကိုးရဲ့ ငယ်ငယ်တုန်းကအကြောင်းတွေကို အဲသေးစိတ် မေးနေ



www.burmeseclassic.com

www.burmeseclassic.com



တော့တာမို့ ကိုရည်မွန်က ကြောင်အမ်းအမ်းနှင့်ပင် ငယ်ငယ်တုန်းကအကြောင်းကို သူသိသလောက် ပြောပြနေရပါသည်။ မုန်းကလည်း စိတ်ပါလက်ပါ နားထောင်ရင်း ကိုရည်မွန်နှင့် စကားလက်ဆုံကျနေသည်။

အေးအေးလူလူ ဝရန်တာဘက်မှာ ထွက်ထိုင်နေသော မုန်းမာမိက မုန်းကို တစ်ချက်လှမ်းကြည့်ပြီး သက်ပြင်းချလျက် တစ်ဖက်သို့ လှည့်သွားသည်။ မုန်း ဒီလို ပုံမှန်မဟုတ်ဘဲ ပြောဆိုပြုမူနေတာတွေကို မြင်ရ တွေ့ရတိုင်း စိတ်မကောင်းဖြစ်ရလွန်းလို့ပင်။

သမီးလေး မုန်း ဘယ်အချိန်ကျမှ တည်ငြိမ်ပါ့မလဲ။

နုတို့ကတော့ မုန်းကို ဘာမှဝင်မပြောတော့ဘဲ အချင်းချင်း မျက်ရိပ်ပြလျက် ထမင်းစားခန်းထဲ ဝင်လာကြပါသည်။ အားလုံး ခဏငြိမ်နေကြပြီးမှ ပြိုင်တူလိုလို သက်ပြင်းချလိုက်ပြီး နုက ...

"ငါတော့ မုန်းအတွက် စိတ်ပူတယ်ဟယ်၊ သူ ဒီပုံအတိုင်းဆို တော်တော်နဲ့ တည်ငြိမ်လာမှာမဟုတ်ဘူး"

"သူက အမြဲတမ်း လင်းနေကိုပဲ အလုံးစုံ ပိုပြီးအားကိုး





လာတာဆိုတော့ လင်းနေမရှိဘဲ သူတစ်ယောက်တည်း ရပ်တည်ဖို့ မလွယ်ဘူး ..."

"ဟုတ်တယ် ... မုန်းက လင်းနေအပေါ် ဆိုးလည်းဆိုးတယ်ဟ၊ သူလိုချင်တာမှန်သမျှ လင်းနေကိုပဲ ပူဆာ၊ မရရင် အပြစ်ပြော သောင်းကျန်းရော၊ သူက ထင်ရာလုပ်တတ်တဲ့ သူမျိုး၊ အလုပ်ဝင်တော့လည်း ဘယ်အလုပ်မှာမှ သူနဲ့အဆင်မပြေဘူး၊ ဆိုးတာက အဲ့ဒီလို မပြေရတာဟာ သူ့အပြစ်မဟုတ်ဘူးလို့ တစ်ယူသန်နေတတ်တာပဲ"

"သူ့မှာ အလုပ်ရှိရင်တော့ ဒီအချိန်မှာ အလုပ်ထဲ စိတ်နှစ်ထားရင် စိတ်ပြေလက်ပျောက် ဖြစ်ချင်ဖြစ်မှာ"

"သူတစ်ယောက်တည်း နေနေတာလည်း ကြာရင် မကောင်းဘူး၊ သူ့အမေအိမ်ပဲဖြစ်ဖြစ် ငါတို့အိမ်ပဲဖြစ်ဖြစ် လိုက်နေဖို့ကောင်းတယ်"

"ပြောတာ ရမှမရတာ ..."

"ထပ်ပြောကြည့်မလား"

"မုန်းက ခေါင်းမာတယ်လေ"

သူတို့အားလုံး တိုင်ပင်ကြပြီးမှ ဧည့်ခန်းဘက်သို့ ပြန်ထွက်လာခဲ့သည်။ ကိုရည်မွန် နှုတ်ဆက်ပြီး ပြန်သွားတော့မှ



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေအားလုံး မုန်းနားမှာ စုထိုင်လိုက်ကြသည်။ မုန်းမေမေကလည်း နုတို့နားသို့ ပြန်လျှောက်ဝင်လာပါသည်။ ယုဝါက မုန်းလက်ကို လှမ်းဆွဲရင်း ...

"ကဲ ... မုန်း၊ ထတော့ ... သွားကြမယ်"

"ဟင် ... ဘယ်ကိုလဲ"

"ရွှေတိဂုံဘုရား သွားမယ်လေ၊ ပြီးရင် နှင် ငါတို့အိမ်မှာ ဒီတစ်ည လိုက်အိပ်"

"နောက်ညကျ ယုဝါအိမ်မှာ အိပ်"

"မအိပ်ပါဘူး၊ ငါ့အိမ်မှာ ငါအိပ်မှာပေါ့ ..."

မုန်းက ငြင်းနေတာမို့ မုန်းမေမေက မုန်း ပခုံးကို ဖက်လိုက်ရင်း ...

"သမီး ... တစ်ယောက်တည်းနေလို့ မဖြစ်ဘူးလေ၊ နုတို့အိမ်တွေကို စိတ်ပြေလက်ပျောက် သွားလည်ပြီးရင်တော့ မာမီ့အိမ်မှာပဲ လာနေတော့ ..."

"ဟင့်အင်း ... မနေချင်ဘူး၊ သမီး အိမ်မှာပဲ သမီး နေချင်တယ်"

"ဒါဆို မာမီ သမီးနဲ့ လာနေပေးရမလား"

"ဟင့်အင်း ... မုန်း တစ်ယောက်တည်းပဲ နေချင်တာ"





"ငါတို့လည်း တစ်လှည့်စီ လာနေပေးလို့ ရတယ်နော် မုန်း"

"မလာပါနဲ့ ... ရပါတယ်၊ မုန်းတစ်ယောက်တည်း နေတတ်ပါတယ်"

မုန်းက ခေါင်းမာမာနှင့် ငြင်းသည်။ မုန်းမေမေတလည်း အမြဲတမ်း ကိုယ်ကြိုက်တာလုပ်တတ်သော သမီးအကြောင်းကို သိသူမို့ ဘာမှဆက်မပြောတော့ပါ။ နုကတော့ မုန်းလက်ကို ဆွဲရင်း ...

"ကဲ ... ဒါဆိုလည်း ထ၊ ဘုရားသွားမယ်၊ ပြီးရင် ငါတို့အိမ်လိုက်လည်၊ ညနေစာကို အပြင်မှာစားကြမယ်၊ ညနေကျ ငါတို့ ပြန်လိုက်ပို့ပေးမှာပေါ့ မုန်းရဲ့ ... လာပါဟယ်"

အားလုံး မရမက ဝိုင်းခေါ်နေကြတာမို့ မုန်းက ခေါင်းလေးညိတ်ပြရင်း ...

"ဒါဆိုလည်း လိုက်ခဲ့မယ်၊ ခဏစောင့် ... လိုတာလေးတွေ သွားယူလိုက်ဦးမယ်"

မုန်းက အခန်းထဲ လျှောက်ဝင်သွားပြီး စလင်းဘတ်အိတ် အကြီးကြီးကို ယူကာ လင်းနေရဲ့ ပိုက်ဆံအိတ်၊



www.burmeseclassic.com

www.burmeseclassic.com



နာရီ၊ ခါးပတ်၊ မျက်မှန်၊ လင်းနေ ဓာတ်ပုံထည့်ထားသည့် photo stand၊ လင်းနေ ကိုင်နေကျ ဟန်းဖုန်းနှင့် လင်းနေရဲ့ ဒိုင်ယာရီစာအုပ်တစ်အုပ်၊ လင်းနေ နောက်ဆုံးဝတ်သွားသည့် အင်္ကျီတို့ကို တစ်ခုပြီးတစ်ခုယူကာ အိတ်ထဲသို့ ထည့်လိုက်ပါသည်။ အခန်းထဲထိ လိုက်ဝင်လာသော ယုဝါက မုန်းလုပ်သမျှကို တအံ့တသြလေး လိုက်ကြည့်ရင်း မျက်ရည်ဝဲလာပါသည်။

မုန်းက စလင်းဘတ်အိတ်ကြီးကို လွယ်လိုက်ရင်း

"အိုကေ ... သွားမယ်၊ ကိုးလည်း ပါတယ်"

ဟုပြောလျက် အိမ်ရှေ့သို့ ပြန်ထွက်လာသည်။

"ဟဲ့ ... အိတ်ကြီးက ကြီးလှချည်လား မုန်းရဲ့ ..."

နုက လှမ်းမေးတော့ မုန်းနောက်မှာ ပါလာသော ယုဝါက နှုတ်ခမ်းပေါ် လက်ညှိုးလေး ကန့်လန့်တင်ကာ တိတ်တိတ်နေဖို့ အချက်ပြလိုက်တာမို့ နုက ဆက်မမေးတော့။

မုန်းကတော့ သူ့အိတ်ကြီးကို လွယ်ကာ ရှေ့ဦးဆောင် ဆင်းသွားပါသည်။

သူတို့အားလုံး မုန်းနောက်မှလိုက်ဆင်းလာကြ... ယုဝါပြောပြသဖြင့် မုန်းရဲ့အိတ်ကြီးအကြောင်းကို သိသွား... သည်။





ထက်မင်းကတော့ တွေးတွေးဆဆဖြင့် ပြောလေသည်။

"ခုလောလောဆယ်မှာ မုန်းကို လွတ်လပ်စွာ ခံစားခွင့် ပေးလိုက်တာ အကောင်းဆုံးပဲလို့ ငါထင်တယ်၊ သူတစ်ယောက်တည်း နေချင်တယ်ဆိုလည်း ခွင့်ပြုထားလိုက်ပါ၊ အချိန်အတိုင်းအတာတစ်ခုအထိ သူ လွတ်လွတ်လပ်လပ် ခံစားပါစေ၊ သူ့ခံစားချက်ကို ငါတို့ မစွက်ဖက်ဘဲ ဘေးကနေပဲ လိုအပ်မှ ဝိုင်းထိန်းပေးလိုက်ကြရအောင်ပါ၊ အချိန်တစ်ခု လွန်သွားရင်တော့ သူ့ကိုယ်သူ ထိန်းနိုင်လာမှာပါ"

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်လောက်က အိတ်ကြီးကိုလွယ်၍ နတ်တို့နှင့် အတူ တိုက်ခန်းပေါ်က ဆင်းသွားခဲ့သော မုန်းသည် ညနေစောင်း အချိန်မှာ ထိုအိတ်ကြီးကိုလွယ်လျက်ပင် ထိုလှေကားအတိုင်း ပြန်တက်လာပါသည်။

တာဝတိံသာနှင့် အနီးဆုံး မုန်းတို့ရဲ့ တိုက်ခန်းရှေ့ ရောက်တော့ ခြေစုံရပ်လိုက်ပြီး ဘဲလ်ကိုနှိပ်လိုက်သည်။ အတွင်းဘက်က ဘာတုံ့ပြန်သံမှ မကြား။ စောင့်ရမှာ စိတ်မရှည်သော မုန်းက ဘဲလ်ကို ဆက်ခါဆက်ခါ နှိပ်သည်။ ထို့နောက် လက်သီးနှစ်ဖက်ဖြင့် တဝုန်းဝုန်း ထုလိုက်ပါသည်။

အားရအောင် ထုနက်ပြီး မောလာတော့မှ မုန်း လက်တွေ တဖြည်းဖြည်း နှေးကာ ငြိမ်သက်သွားပါသည်။





မုန်းက ခြေစုံရပ်၍ ကြောင်တောင်တောင် ငြိမ်နေပြီးမှ အိတ်ကြီးထဲကို လက်ထိုးနှိုက်ကာ အိတ်ထဲမှ ကိုးပစ္စည်းတွေနှင့်အတူ ရောထည့်ထားသည့် အိမ်သော့ကို စမ်းနှိုက်လိုက်သည်။ အိတ်က အကြီးကြီးမို့ ပစ္စည်းတွေ အများကြီးကြားမှာ သော့တွဲကို တော်တော်နဲ့ မစမ်းမိပါ။

*"သော့ကို ဘေးအိတ်ကပ်လေးထဲမှာပဲဖြစ်ဖြစ် သတ်သတ်မှတ်မှတ် ထည့်ပေါ့ မုန်းရဲ့၊ အဲ့ဒါဆို အလွယ်တကူ နှိုက်ယူရုံပဲလေ၊ မုန်းက ခေါက်နက်နက်အိတ်ကြီးထဲ ဖြစ်သလို ပစ်ထည့်ထားတော့ တံခါးဖွင့်ခါနီး နှိုက်ရစမ်းရတာ ကြာနေတာပေါ့"*

"မုန်း ဒီလိုပဲ လုပ်တတ်တာ အကျင့်ပါနေပြီ ကိုးရာ"

မုန်းသည် စိတ်ကူးထဲမှာ အလိုလိုကြားလာသော ကိုးအသံကို တုံ့ပြန်ပြောရင်း သော့တွဲကို စမ်းမိသွားသည်။

သော့ချောင်းတွေက ပုံစံတူမို့ ဟိုသော့နိုးနိုး၊ ဒီသော့နိုးနိုး ရွေးချယ်နေရပြန်ပါသည်။ ဟိုသော့နဲ့ ထိုးကြည့်လိုက်၊ မရလိုက်၊ နောက်တစ်ချောင်း ပြောင်းလိုက်ဖြင့် အချွတ်ချွတ် အချော်ချော် ဖြစ်နေရသည်။

"မုန်းက တကယ် ရယ်ရတယ်၊ ဘယ်နှခါဖွင့်ဖွင့် သော့



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိဘူး၊ ကလေးကျနေတာပဲကွာ၊ ဒီမှာလေ သေသေချာချာကြည့် ...၊ မုန်းမှတ်မိအောင်လို့ အိမ်ဝင်ဝ တံခါးသော့ပေါ်မှာ သဘော်ဆေးအနီစက်လေး ချထားပေးတယ်၊ ဒါဆို မှတ်မိမယ်မဟုတ်လား ...”

မုန်းသည် သဘော်ဆေး အနီစက်ကလေး ချထားပေးသော သော့ချောင်းလေးကို ရွေးထုတ်လိုက်ပြီး အိမ်တံခါးသော့ကို ဖွင့်ကာ အိမ်ထဲသို့ ဝင်လာသည်။

မုန်းက ထုံးစံအတိုင်း ဖိနပ်ကို တောင်တစ်ဖက် မြောက်တစ်ဖက် ချွတ်ခဲ့ပြီး အိမ်ထဲသို့ ဝုန်းဒိုင်းကျဲ ဝင်လာရင်း ကိုးကို တကြော်ကြော် အော်ခေါ်လာပါသည်။

“ကိုးရေ ... ကိုးရေ ... ကိုး ရေချိုးနေတာလား၊ အိမ်သာမှာလား၊ ကိုးတို့ကတော့လေ ရေချိုးနေပြီဆို ရေပန်းအောက်မှာ စိမ်ပြေနပြေ ဝင်ရပ်နေလိုက်တာ ခေါ်မကြားအော်မကြားပဲ၊ အိမ်သာတက်ရင်လည်း စာအုပ်တစ်အုပ်နဲ့ စိမ်လုပ်နေတာ စာအုပ်ပြီးမှ ထတယ်၊ အိမ်ထဲမှာ ကိုး ရှိရက်သားနဲ့ မုန်းဘာသာ သော့ဖွင့်ဝင်ရမှာ ပျင်းစရာကောင်းလွန်းလို့ ...၊ မြန်မြန်ရေချိုးခန်းထဲက ထွက်ပြီး မြန်မြန်လာဖွင့်ပေးတာ မဟုတ်ဘူး”





မုန်းက ရေချိုးခန်းဘက်သို့ လျှောက်ဝင်သွားပြီး ရေချိုးခန်း တံခါးဝမှာ ရပ်လိုက်ပါသည်။

ရေချိုးခန်းထဲက ဘာသံမှမကြားရ၊ တစ်အိမ်လုံးလည်း တိတ်ဆိတ်ငြိမ်သက်နေပါသည်။

မုန်းသည် ရေချိုးခန်းရှေ့မှာ သတိလက်လွတ်ဖြင့် တောင့်တောင့်လေး ရပ်ရင်း ရေချိုးခန်းတံခါးကို စိန်းစိန်း စိုက်ကြည့်နေပါသည်။ ခဏကြာမှ လေးတွဲသော ခြေလှမ်းတို့ကို အနိုင်နိုင်သယ်ကာ အိမ်ရှေ့ဘက်သို့ ပြန်လျှောက်လာမိသည်။

*“ကြည့်စမ်း ... မုန်းတို့ကတော့ ဘယ်လောက်ပြောပြော အကျင့်ကို မပြင်ဘူးကွာ၊ ဖိနပ်ချွတ်လိုက်ရင် တောင်တစ်ဖက် မြောက်တစ်ဖက်နဲ့၊ ဒီမှာ ဒီလို စုစုလေးချွတ်ပြီး ဒီဖိနပ်စင်ပေါ်မှာ သပ်သပ်ရပ်ရပ် တင်ရတယ်၊ ကြည့်ထား ... ကြည့်ထား ... အမြဲလိုက်လုပ်မပေးနိုင်ဘူး”*

အိမ်ရှေ့ ဖိနပ်ချွတ်မှာ မုန်း ရပ်နေမိပါသည်။ ဟိုတစ်ဖက် ဒီတစ်ဖက်ဖြစ်နေသော မုန်းဖိနပ်ကို လိုက်ကောက်ပြီး စင်ပေါ်တင်ပေးနေသော ကိုးပုံရိပ်နှင့် ကိုးအသံက မုန်းရဲ့နှလုံးသားကို တင်းကြပ်အောင် ဆုပ်ညှစ်ထားသည်။

မုန်းသည် ဖိနပ်ချွတ်မှာ ညင်သာစွာ ဒူးတုပ်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ပြီး မုန်းရဲ့ ဖိနပ်နှစ်ဖက်ကို ကောက်ယူ၍ ဖိနပ်စင်ပေါ် လှမ်းတင်လိုက်လေသည်။

မုန်းက ဖြည်းဖြည်းထရပ်လိုက်ပြီး အိတ်ကြီးကို လက်ဖြင့်ဆွဲကာ အိပ်ခန်းဘက်သို့ လျှောက်လာခဲ့သည်။ အခန်းထဲရောက်တော့ မုန်းရဲ့အိတ်ကြီးကိုဖွင့်ကာ အထဲက ကိုးပစ္စည်းတွေကို တစ်ခုချင်းထုတ်ယူပြီး မုန်းတို့ ခုတင်ဘေးက စားပွဲလေးပေါ်မှာ တင်ထားလိုက်သည်။ ပြီးမှ မုန်းတို့ အိပ်ရာပေါ်သို့ လဲလျောင်းလိုက်မိပါသည်။

အိပ်ရာပေါ်မှာ ပက်လက်လဲလျောင်းကာ ဝဲလာသည့် မျက်ရည်တွေကို စီးကျမလာအောင် မျက်တောင်ပုတ်ခတ်၍ ထိန်းထားရင်း မျက်နှာကြက်သို့ စိုက်ကြည့်နေသော မုန်းရဲ့ လက်တစ်ဖက်က ခုတင်ဘေး တယ်လီဖုန်းလေးကို တရွေ့ရွေ့ စမ်းလိုက်သည်။ စားပွဲပေါ်တင်ထားသော အိမ်ဖုန်းကို မုန်းလက်က စမ်းမိသွားသည်။ မုန်းရဲ့ လက်ချောင်းကလေးတွေက Recorder ခလုတ်ကို ရှာဖွေနေသည်။ အိမ်မှာ လူမရှိတုန်း ဖုန်းလာလျှင် အသံသွင်းမှာကြားထားခဲ့ဖို့အတွက် မုန်းတို့ အိမ်ဖုန်းမှာ Recorder တပ်ဆင်ထားတာမို့ပင် ...။

မုန်းလက်က ခလုတ်ကို စမ်းမိသွားသည်။





*“ဟိတ် ... မုန်း ... အိမ်ပြန်ရောက်ပြီလား၊ ဒီနေ့ Shopping ထွက်တာ ပျော်ရဲ့လား၊ တံခါးသော့ဖွင့်တာ အဆင်ပြေရဲ့လား၊ ဖိနပ်ကို ထောင်တစ်ဖက် မြောက်တစ်ဖက် ချွတ်ပစ်ခဲ့ပြီး အဝတ်အစားမလဲဘဲ အိပ်ရာပေါ် ပစ်လှဲအိပ်ယူနေပြီ မဟုတ်လား၊ ထတော့ ...၊ ရေချိုး အဝတ်အစားလဲ၊ ပြီးရင် လှလှလေးပြင်ပြီး ကိုယ့်ကိုစောင့်နေနော်၊ ကိုယ် ဒီနေ့ စောစောပြန်ခဲ့မယ်၊ ကိုယ်တို့ ဒီနေ့ ရွှေတောင်ကြားက လုံးချင်းအိမ်တစ်လုံး ရောင်းထွက်သွားတယ်၊ ကိုယ်တို့ အကျိုးဆောင်ခ ဘယ်လောက်ရမယ်ဆိုတာ မုန်း မှန်းကြည့်။ ဒီနေ့ ညနေစာကို မုန်းကြိုက်တဲ့ ဂျပန်ဆိုင်လေးမှာ လိုက်ကျွေးမယ်၊ မုန်း ပူဆာနေတဲ့ MK က အင်္ကျီလေးလည်း ဝယ်ပေးမယ်၊ အိုကေနော် ...၊ မုန်းကို အရမ်းချစ်တယ်”*

ဖုန်းပေါ်မှာ တင်ထားသော မုန်းရဲ့လက်တွေ တုန်ရင်လာတာမို့ လက်ကို ဖယ်လိုက်ပြီး ရင်ဘတ်ပေါ်မှာ လက်နှစ်ဖက်ယှက်၍ တင်ကာ လက်ချောင်းတွေချင်း ဆုပ်ညှစ်ထားမိခိုက်မှာ မုန်းရဲ့ မျက်ဝန်းအိမ်ထောင့်စွန်းဆီက မျက်ရည်စ တချို့ ကြွေကျလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းသည် အိပ်ရာမှ ဆတ်ခနဲ ထထိုင်လိုက်ပြီး အဝတ်အစားတွေကို ချွတ်ကာ တဘက်ဖြင့် ရင်လျားပြီး ရေချိုးခန်းဘက်သို့ သွက်သွက် လျှောက်လာသည်။ မုန်း ရေချိုးသည်။ ရေပန်းအောက်မှာ ဝင်၍စိမ်ပြေနပြေ ချိုးသည်။ မျက်ရည်တွေ ကုန်သည်အထိ ချိုးလိုက်သည်။ ပြီးတော့ ... အခန်းထဲ ပြန်ဝင်လာကာ မှန်တင်ခုံရှေ့မှာ ထိုင်၍ အလှဆုံး ပြင်သည်။ ထို့နောက် မုန်းတို့ရဲ့ အဝတ်ဗီရိုကြီးကို ဆွဲဖွင့်ကာ ဘာဝတ်ရင်ကောင်းမလဲ ဟု စဉ်းစားရှာဖွေနေမိသည်။

*"ကိုးရေ... မုန်း ဘာဝတ်ရမလဲ၊ လာကူရွေးပေးပါဦး"*

*"ဟို... ဂါဝန် နီညို ကြက်သွေးရောင်လေးဝတ်လေ၊ အဲ့ဒီ ဂါဝန်လေးက မုန်းနဲ့အရမ်းလိုက်တယ်"*

*"အိုကေ..."*

မုန်းက ပိုးဂါဝန် ကြက်သွေးရောင် လက်ပြတ်လေးကို ထုတ်ယူဝတ်ဆင်လိုက်သည်။

ဂါဝန်က နောက်ကွဲဇစ်နှင့်မို့ မုန်းက ဇစ်ကို တစ်ဝက်တစ်ပျက်သာ ဆွဲစေ့လိုက်နိုင်သည်။

မုန်းသည် လက်နောက်ပြန်ပစ်လျက် ဇစ်ကိုကိုင်ထားရင်း အငြိမ်ကြီး ငြိမ်သက်သွားပါသည်။





*"ကဲ... ဇစ်ဆွဲမရဘူး မဟုတ်လား၊ ဟိုဘက်လှည့် ကိုယ်ဆွဲပေးမယ်၊ ကိုယ့်ဘာသာ ဆွဲတတ်အောင်လည်း ကြိုးစားထားဦး... မုန်းနားမှာ ကိုယ်မရှိရင် မုန်းရဲ့ ဇစ်ကို ဘယ်သူလာဆွဲပေးမလဲ"*

မုန်းသည် ဇစ်ကိုလွှတ်လိုက်ပြီး ခုတင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ကျသွားပါသည်။

မုန်း ဇစ်ကို ဆက်မဆွဲတော့ပါ။ ဆွယ်တာအဖြူလေး လှမ်းယူပြီး ဇစ်တစ်ဝက်ပွင့်နေသော ဂါဝန်ပေါ်က ထပ်ဝတ်ထားလိုက်ပါသည်။

မုန်းသည် ထိုပုံစံလေးအတိုင်း ခုတင်ပေါ်မှာ ဆက်ထိုင်နေခဲ့သည်မှာ ဘယ်လောက်ကြာသွားသည် မသိ... မုန်းနာရီကြည့်မိတော့ ည ၁၀ နာရီတောင် ထိုးခဲ့ပြီ...။

မုန်းက သက်ပြင်းလေးချကာ အိပ်ရာထက်မှာ ညာဘက်သို့ စောင်းလျက် ခွေခွေလေး လဲလျောင်းလိုက်သည်။ ပြီးတော့ ကိုး နောက်ဆုံးချန်ထားခဲ့သော ဖုန်းထဲက အသံကို ထပ်ခါ ထပ်ခါ ဖွင့်၍ နားထောင်ရင်း မုန်းရဲ့ မျက်ကြောလေးဆွဲ စင်းကျလာသည်။ မုန်းသည် အိပ်မပျော်မီကလေးမှာ ကိုးရဲ့ အိပ်ရာနေရာဆီ လက်ကလေးတစ်ဖက်ဖြင့် လှမ်းစမ်းရင်း အိပ်ချင်မူးတူး လှမ်းပြောလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုး ... မီးသွားပိတ်ပေးနော် ..."

♣ ♣ ♣

ညဥ့်လယ်လောက်တွင် မုန်း အိပ်ရာမှ နိုးလာပါသည်။ မုန်းသည် မျက်လုံးမဖွင့်သေးဘဲ ကိုးရဲ့နေရာကို လှမ်းစမ်းလိုက်သည်။ မုန်းအကျင့်က ဘယ်အချိန် အိပ်ရာနိုးနိုး အိပ်ရာမှနိုးနိုးချင်း မုန်းနံဘေးမှ ကိုးရှိမရှိ လှမ်းစမ်းတတ်ခြင်းပင်။ ထိုအကျင့်ကို သိသော ကိုးက သူက အရင် အိပ်ရာနိုးတတ်ပေမယ့် ဘယ်တော့မှ အရင်ထမသွားဘဲ မုန်းမျက်နှာကို ကြည့်ရင်း မုန်း အနိုးကို စိတ်ရှည်လက်ရှည် စောင့်နေတတ်သည်။

မုန်းရဲ့လက်က လေဟာနယ်ကိုသာ စမ်းမိတာမို့ မုန်းက ဖျတ်ခနဲ မျက်လုံးဖွင့်လိုက်မိသည်။

အို ... မီးလည်း ပိတ်မထားပါလား ...။

မီးပိတ်မထားခြင်းကပင် ကိုးမရှိကြောင်း သိသာနေစေတာမို့ မုန်းအားငယ်လာသည်။

နာရီကြည့်မိတော့ ၂ နာရီ ...။ မုန်း ပြန်အိပ်ဖို့ ကြိုးစားသော်လည်း ဘယ်လိုမှအိပ်မရနိုင်တော့ပါ။





ကိုးရှိနေတုန်းကတော့ မုန်း အိပ်မရပြီဆို ကိုးကို နှုတ်အတင်း နှိုးတတ်မြဲပင် ...။

"ကိုး ...၊ ကိုးရေ ... ထကွာ ... ထကွာ ... သူ့ကျတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီး မုန်းကျတော့ မျက်စိကြောင်ပြီး တစ်ယောက်တည်း ယောင်ယောင်တောင် ဖြစ်နေတာ မနာလိုဘူးကွာ ... ထကွာ"

"ဟား ... မုန်းက ဂျစ်ပြီကွာ"

"ထပါဆို ..."

"ကဲ ... ထပြီ ... ထပြီ၊ ဘာလုပ်ချင်သလဲပြော ..."

"လမ်းထွက်လျှောက်ချင်တယ်"

"ဟာ ... ဒီအချိန်ကြီး ...၊ ၂ နာရီတောင် ထိုးနေပြီ မုန်းရ"

"ဘာဖြစ်လဲ ... ဒီအချိန်ဆို လမ်းတွေပေါ်မှာ လူရောကားရော ရှင်းပြီး အရမ်းလမ်းလျှောက်လို့ ကောင်းမှာ၊ အိပ်မပျော်တဲ့အတူတူ လမ်းထွက်လျှောက်ရအောင်နော်၊ ကိုး လက်ကလေးကိုတွဲပြီး လျှောက်ချင်လို့ပါ ကိုးရဲ့"

"ငချွဲမ ... ချွဲပြီ၊ ကဲ ... ထ ... အဝတ်လဲ၊ ကိုယ်လည်း အဝတ်လဲလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုးကို အဲ့ဒါကြောင့် သိပ်ချစ်ရတာ"

မုန်းက ကိုးပါးကို တစ်ချက် ပြေးနမ်းလိုက်ပြီး ညဝတ်အင်္ကျီပါးလေးကို ချွတ်ကာ ဆောင်းဘီရှည်အဖြူပွပွလေးနှင့် တီရှပ်အစိမ်းလေး လဲဝတ်လိုက်သည်။ ကိုးကလည်း ဘက်စ် ဆောင်းဘီပွနှင့် ... တီရှပ်ပွပွကိုဝတ်ပြီး မုန်းလက်ကိုတွဲကာ ည ၂ နာရီကြီးမှာ တိုက်ခန်းပေါ်မှ ဆင်းလာကြပါသည်။

မုန်းတို့ရဲ့ တိုက်ခန်းတွေရှေ့ လမ်းသွယ်ကလေး အတိုင်း လျှောက်လာပြီး မကြာခင်မှာ လမ်းမီးတွေ ထိန်လင်းနေသော ခြောက်လမ်းသွား ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်သို့ ရောက်လာကြသည်။

ကိုးနဲ့ မုန်းက လမ်းဘေး ပလက်ဖောင်းအတိုင်း တစ်ယောက်လက်ကို တစ်ယောက်တွဲကာ အေးအေးလူလူ လျှောက်လာရင်း စကားတွေ တောင်စဉ်ရေမရ ပြောလာကြသည်။ ကိုးက တစ်ချက် တစ်ချက် သမ်းနေပေမယ့် မုန်းအပေါ် ငြိုငြင်ဟန် မရှိပါ။

အငြိမ်မနေတတ်သော မုန်းက ကိုးလက်ကို တွဲထားရင်းက လက်ကို တအား မြှောက်မြှောက်လွဲရင်း လျှောက်သည့်အခါ လျှောက်။ ကိုးလက်မောင်းကို ဖက်ပိုက်ပြီး ကိုးပခုံး





ပေါ် ခေါင်းငုံ့ မှီတင်ကာ လျှောက်သည့်အခါ လျှောက်သည်။ အဲ့ဒီညလေးက သာယာလှသည်ဟု ထင်သည်။

နှစ်ယောက်သား ခပ်ဝေးဝေးရောက်မှ ပြန်လှည့်လာကြတာမို့ တိုက်ခန်းနားရောက်တော့ မုန်း ခြေထောက်တွေ ညောင်းညာလာကာ ...

"ကိုးရေ ... မုန်း ညောင်းလိုက်တာ၊ အပေါ်ထိတောင် တက်နိုင်ပါတော့မလား မသိဘူး"

"လျှောက်ချင်လှချည်ရဲ့ဆို ..."

"ဒါပေမယ့် အဝေးကြီးထိလျှောက်မိတော့ ညောင်းပြီပေါ့ ကိုးရဲ့"

"ကဲ ... လာ ... လာ ... ကိုယ့်ကိုတွဲ"

ကိုးက မုန်းကို ခါးမှဖက်ပွေ့ကာ ဖေးမတွဲခေါ်လာသည်။ အပေါ်ရောက်ဖို့ သုံးထပ်လောက်အလိုကျတော့ မုန်းက ရှုံ့မဲ့လာကာ ...

"ကိုးရေ ... မုန်း မရတော့ဘူး၊ အရမ်းညောင်းပြီး မောနေပြီ"

ဟု ပြောရင်း ငုတ်တုတ်လေး ထိုင်ချ၍ အမောဖြေနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးက မုန်းပုံစံလေးကို ပြုံးငုံ့ကြည့်နေလိုက်ပြီးမှ ...

"ကဲ ... လာ ... ဒေါ်မုန်းမမ ..."

ဟုပြောရင်း မုန်းကို ဆွဲခနဲ ပွေ့ချီကာ လှေကားထစ်တွေအတိုင်း ဆက်တက်လာခဲ့တော့သည်။

ကိုးက တိုက်ခန်းဝရောက်တော့ မုန်းကိုချပေးပြီး အိမ်သော့ဖွင့်သည်။ တံခါးပွင့်သွားတော့ မုန်းကို ပြန်ပွေ့ချီပြီး ဝင်လာပါသည်။

ကိုးသည် မုန်းကို အိပ်ရာထက်သို့ ညင်ညင်သာသာ ချပေးလိုက်ပြီး ...

"မုန်း ... အိပ်ပျော်သွားအောင် ကိုယ်ချော့သိပ်မယ်နော်"

ဟု ခပ်ပြုံးပြုံးပြောလျက် အခန်းထောင့်က ဂစ်တာလေးကို သွားယူလာပြီး မုန့်တင်ခုံရှေ့ ထိုင်ခုံလေးမှာ ထိုင်လိုက်သည်။

ကိုး လက်ဖျားကလေးတွေဖြင့် ဂစ်တာကြိုး တို့ထိခတ်လေသောအခါ သံစဉ်ချိုချိုတို့ ထွက်ပေါ်လာခဲ့သည်။

*"အပြုံးနဲ့ မေးစက်တော့ ချစ်သူရေ x x x ထပ်ပြီးတော့ မဝေးတော့ဘူး။ ငြိမ်းချမ်းလှပတဲ့ ကိုယ့်အချစ်များစွာလို့။ အလွမ်းများကြောင့် ကျတဲ့ မျက်ရည်တွေ x x x ဒီအချိန်မှာ*





*တိတ်လိုက်တော့ x x x မျှော်လင့်ခဲ့ရတဲ့ အချစ်ညလေး x x x အတူတူရောက်ရှိခဲ့ပေါ့၊ အပြာရောင် အချစ်ည မင်းလှမ်းကြည့်လိုက်စမ်း x x x မိုးကောင်းကင်ထက် များတဲ့တို့အချစ်များ ကြယ်စင်အားလုံးထက် လင်းတဲ့ တို့အချစ်များ အပြာရောင် အချစ်ည ကမ္ဘာမှာ"*

သူက အပြာရောင်ညသီချင်းကို ခပ်တိုးတိုးဆိုရင်း မုန်းကို စိုက်ကြည့်နေသည်။ အဲဒီမျက်ဝန်းတွေက မုန်းတို့ရဲ့ ပထမဆုံး ညကလိုပဲ တောက်ပအသက်ဝင်လွန်းသည်။

မုန်းသည် သူ့မျက်ဝန်းများနှင့် ရင်ဆိုင်ကြည့်ရင်း မုန်းတို့ရဲ့ မင်္ဂလာဦးညလေးကို သတိရခဲ့မိလေသည်။

မုန်းတို့ ကလေးဘဝက ကွဲကွာသွားခဲ့ပြီးနောက် ပြန်ဆုံတွေ့ခဲ့သော ချောင်းသာကမ်းခြေကိုပဲ မုန်းတို့ ခိုးပြေးဖြစ်ခဲ့ကြတာ ဖြစ်သည်။

အဲဒီညက လသာညမို့ မုန်းတို့နှစ်ယောက်က ကမ်းခြေ သဲသောင်ပြင်ပေါ်မှာ မီးကလေးဖိုရင်း အေးအေးလူလူ ထိုင်နေခဲ့ကြသည်။

လှိုင်းသံသဲ့သဲ့ကြားနေရသော ထိုည ...။ လရောင်ဖြာကျသော ထိုည။ လေပြေညင်းတို့ တိုက်ခိုက်နေသော ထိုည။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရင်ခုန်သံကို တစ်ယောက် ပြန်ကြားနေခဲ့ရသော ထိုည။ မီးဖိုကြောင့်မဟုတ်ဘဲ တစ်ယောက်နှင့် တစ်ယောက် မျက်လုံးချင်း ဆုံကြည့်ရုံနှင့်ပင် နွေးထွေးနေခဲ့သော ထိုညလေးက တစ်သက်မမေ့ရက်စရာ ကောင်းသည်။

သူ့ရင်ခွင်မှာ ငြိမ်ငြိမ်လေးထိုင်ကာ သဲသောင်ပြင်ကို တုတ်ချောင်းလေးဖြင့် ကုတ်ခြစ်ရင်း မုန်းက စိတ်လှုပ်ရှား ကြောက်ရွံ့နေခဲ့သည်။ ဘန်ဂလိုလေးဆီ ပြန်သွားဖို့ကို ရင်ထိတ် ခုန်နေခဲ့ရသည်။ တစ်ချက်တစ်ချက်မှာ မျက်ရည်လဲ့သော မျက်ဝန်းများဖြင့် ကိုးကို မော့မော့ကြည့်၍ တောင်းပန်သနားခံသလို လေး ဖြစ်နေခဲ့ရသော မုန်းကို ကိုးကသနားကာ မုန်းရဲ့ အေး စက်စက် လက်ကလေးတွေကို နွေးထွေးသွားအောင် ဆုပ်နယ် ပေးနေခဲ့သည်။ အဲဒီနောက် ကိုးက မုန်းကို ထွေးပွေ့ထားရာမှ လွှတ်ပေးခဲ့ပြီး ဂစ်တာလေးတစ်လက်ဖြင့် 'အပြာရောင်ည' သီချင်းကို ဆိုပြခဲ့တာဖြစ်သည်။

ထိုသီချင်းက မုန်းနှလုံးသားတွေကို နူးညံ့မှုရှိစေ ခဲ့သည်။ ကြောက်စိတ်ပြယ်သွားစေခဲ့သည်။

အဲဒီသီချင်းကို ဘယ်အချိန် ဘယ်နေရာမှာပဲ ကြား ကြား မုန်းတို့ရဲ့ ပထမဦးဆုံး ညလေးကို သတိရကာ နူးညံ့စွာ ရင်ခုန်လာရမြဲပင်။





မုန်းက အိပ်ရာမှထကာ ကိုးထံလှမ်းသွားမိပြီး ကိုးကို နောက်မှ သိုင်းဖက်လိုက်သည်။

သို့သော် ... ခုတော့ ကိုးထိုင်ခဲ့သော နေရာလေး မှာ မုန်းတစ်ယောက်သာ ရှိနေပါသည်။

မုန်းသည် တိတ်ဆိတ်ခြင်းနှင့် အထီးကျန်ခြင်းကို သာ ခံစားရတာမို့ စလောင်းမှ လိုင်းတွေကို ဖမ်းကာ တီဗီကို အကျယ်ကြီး ဖွင့်ထားလိုက်သည်။

မီးကိုလည်း မပိတ်ဘဲ ထားလိုက်သည်။

မုန်းရဲ့ ညတာက ရှည်လွန်းလှပါသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

❧ ❧ ❧

"အံမလေး ... မောလိုက်တာဟယ်"

"အန်တီ ညည်းဖို့များ ထားပါဦးတော့ ယုဝါရယ်"

ယုဝါက မုန်းတို့ ရှစ်လွှာကိုတက်ရတိုင်း ညည်းေ
ကျမို့ မပျက်မကွက် ညည်းရင်း လှေကားထစ်တွေကို နင်းတက်
နေ့တာမို့ နုက မျက်စောင်းထိုးရင်း ပြောမိပါသည်။

မုန်းမေမေ အန်တီခိုင်ကတော့ ကျန်းမာဖျတ်လတ်
သူ၊ သမီးရဲ့ သူငယ်ချင်းတွေနှင့် ရင်းရင်းနှီးနှီး ဝင်ဆန့်နိုင်သူ
ပင်။ အန်တီက ယုဝါကို ခပ်ပြုံးပြုံးလှမ်းကြည့်ရင်း ...

"ယုဝါက လက်ထဲမှာ အထုပ်အပိုးတွေနဲ့မို့လို့ မောရ
တာ နေမှာပါ နုရယ် ..."

"အန်တီ့လက်ထဲမှာလည်း အထုပ်နဲ့ပဲဟာ"





"အန်တီ့အထုပ်က ပေါ့ပါတယ် နုရဲ့ ..."

"သူ့အထုပ်လည်း ပေါ့တာပါပဲ၊ သူ့ကိုက နုလွန်းတာ
ပါ အန်တီရယ်၊ နင် အဲ့ဒီလို ဂျိုဂျောင်လုပ်တတ်လို့
ခုထိ ယောကျ်ားမရသေးတာ သိလား ယုဝါ"

"အံမယ် ... ငါမယူချင်လို့ပါ၊ ယူချင်လို့များဖြင့် ရတာ
ကြာပေါ့ ..."

"နင်ယူချင်တာလေးတွေက အလန်းလေးတွေဆိုတော့
နင့်လို ခုနစ်ဆွေ ရှစ်ဆွေးကို ဘယ်ယူမလဲ၊ သိလား ...
အန်တီ ယုဝါကလေ သူနဲ့ရွယ်တူဆို စိတ်မဝင်စားဘူး
သိလား၊ သူ့ထက်ငယ်ငယ် ဒီဇိုင်းခပ်လန်းလန်း ကောင်
လေးတွေကိုမှ စိတ်ဝင်စားတာ"

"ဟဲ့ ... နုနော် ငါ့ကို အပုပ်မချနဲ့၊ အန်တီ ... ယုဝါက
ခုနစ်ဆွေ ရှစ်ဆွေ မဟုတ်သေးပါဘူးနော်၊ ယုဝါ ဒီဇိုင်း
ကလည်း လန်းတုန်းပဲ မဟုတ်လား"

"ဟုတ်ပါ၊ မသိတဲ့သူဆို ယုဝါကို မြင်ရင် အသက်
နှစ်ဆယ်ကျော်ရုံလေးလို့ပဲ ထင်ရတာ၊ ၂၈ နှစ်ဆိုတာ
ယုံနိုင်စရာတောင် မရှိဘူး"

"တွေ့လား ... အန်တီက အမှန်အတိုင်း မြင်တယ်"

"ဟင်း ဟင်း ... နုရယ် ... ငါက အနည်းဆုံးတော့ နင့်
ထက် နုသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ယုဝါ အပြောကြောင့် နုက ယုဝါကို မျက်စောင်းထိုးရင်း ပြုံးမိပါသည်။

ယုဝါက တကယ်လည်း နုပါသည်။ အသားညိုစိမ့်စိမ့် မျက်ခုံးထင်းထင်း၊ နှာတံပေါ်ပေါ်နှင့် ယုဝါပုံစံက မှုန်ညက်နေအောင် လှမနေပေမယ့် ဆွဲဆောင်မှုတစ်မျိုးဖြင့် ထင်ပေါ်သည်။ ဘေးခွဲ ဆံပင်တိုတို အုပ်အုပ်ကလေးကို ရွှေသိုရောင်ဟိုင်းလိုက် ဖောက်ထားသော ဆံပင်ပုံလေးဖြင့် နားကွင်းကြီးကြီးရောင်စုံပုတီး ကြီးကြီးတွေ ဝတ်တတ်သော၊ ဒူးအထက် စကတ်အကျပ်လေးတွေ၊ တီရှပ်အကျပ်လေးတွေနှင့် ဟာပ်ဖ်ရှူးအပါးလေးတွေ ဝတ်ကာ ဖန်စီအိတ်ရောင်စုံတွေ အမျိုးမျိုး ပြောင်းလွယ်တတ်သော ယုဝါရဲ့ ပုံစံက လုံးဝ ဒီတ်အောက်မနေသော်လည်း ဂဏ္ဍိဂကျောင်နိုင်တာ၊ အတွေးခေါင်တာ၊ ဂျီးများတာ ...အစရှိတဲ့ အကျင့်စရိုက်ကလေးတွေကတော့ အပျိုကြီးလိုင်းဝင်စ ပြုနေပါသည်။

အဲဒီလို ယုဝါဟာ ယောကျ်ားဆို ချောမှ နှစ်သဘောကျတတ်တာမို့ သူ့ထက်ငယ်တဲ့ ချောတဲ့ ကောင်လေးတွေကို ကြိုက်လိုက်၊ ဟိုဟာလေးတွေက အသည်းခွဲသွားလိုက်နှင့် သံသရာလည်နေကာ ခုထိ အိမ်ထောင်ပြုလောက်စရာ





ကြင်ဖော်ကြင်ဖက်ကို မတွေ့နိုင်သေးပါ။ သူ့မှာ အဖော်မရှိတိုင်း အိမ်ထောင်သည် နုကို လာလာဆွဲခေါ်လိုက်၊ မုန်းတို့အိမ်ကို အလည်သွားကာ အလိုက်မသိ ညဥ့်အိပ်ညနေ နေချင်နေလိုက်ဖြင့် လှည့်ပတ် ဇရက်ကျနေတတ်သူပင်။ ဒါမှမကသေး ...မုန်းတို့ အမေရဲ့ ဆိုင်ကိုလည်း ခဏခဏသွားကာ အလုပ်များတဲ့ အက်မင်းကို ဂျီကျရင်း အန်တီခိုင့်ကိုလည်း ချွဲတတ်ပါသေးသည်။

အန်တီခိုင်ကတော့ မုန်းရဲ့ သူငယ်ချင်းတွေကို သမီးတွေလိုပဲ ချစ်ခင်သည်။ အန်တီခိုင့်ထက် အသက် ၁၅နှစ်လောက်ကြီးသော မုန်းအဖေက မုန်း ၁၅နှစ်သမီးလောက်မှာ ဆုံးသွားပေမယ့် အန်တီခိုင်က ထက်မြက်စိတ်ခိုင်သူမို့ သူ့ဘာသာ အမှီအခိုကင်းကင်း ရပ်တည်ရင်း စိတ်ရောလူပါ မာမာချာချာပင်။

မုန်းမှာသာ ...

မုန်းအကြောင်းတွေးမိတော့ နု ရင်မောသွားရပါသည်။ နုတို့တွေဟာ ပေါ့ပေါ့ပါးပါး စကားလေးတွေပြောရင်း မုန်းအခန်းကို လာခဲ့ရပေမယ့် ရင်ထဲမှာတော့ မပေါ့ပါ။ စိတ်ကို တမင် ဖော့ထားရခြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com



မုန်း အိမ်တွင်းအောင်းနေတာ နှစ်ပတ်ရှိခဲ့ပြီလေ။ သူ့မာမီကိုရော နုတို့အားလုံးကိုပါ သူ့ဆီမလာဖို့ မေတ္တာရပ်ခံထားသည်။ နုတို့ ဖုန်းဆက်လျှင်လည်း ကိုင်ချင်မှကိုင်သည်။ ကိုင်ပြန်လျှင်လည်း တိုတိုတုတ်တုတ်ပဲ ပြောပြီး ဖုန်းချသည်။ နုတို့တွေ ဆက်ပါများလာတော့ ဖုန်းဖြေစက်နှင့်သာ သူ နေကောင်း ကျန်းမာကြောင်း တုံ့ပြန်ပြောခဲ့သည်။

ဒီနေ့တော့ မုန်းရဲ့ မွေးနေ့မို့ သူတို့အားလုံး စုဆေးကာ မုန်းအတွက် မွေးနေ့ပွဲလေး လုပ်ပေးကြဖို့ လာခဲ့ကြတာပင်။

"သမီး ... နု၊ မောင်ထွဋ်ခေါင်တို့ရော လိုက်မလာသေးပါလား၊ ကြာလိုက်တာ"

ယုဝါက ကားမောင်းပြီး နုနှင့် အန်တီက ကားတစ်စီးဖြင့် လာခဲ့ကြတာမို့ အန်တီခိုင်က နုကို လှမ်းမေးသည်။

"လာပါလိမ့်မယ် အန်တီ၊ ခိုင်က ထမင်းကို သွားခေါ်ပြီး ထမင်းတို့ နား; El Dorado မုန့်ဆိုင်က မုန်းအတွက် မှာထားတဲ့ မွေးနေ့ကိတ် ဝင်ယူမှာ၊ မုန်းကြိုက်တဲ့ အယ်လ်မွန်ကိတ်ကလည်း အဲ့ဒီမှာပဲ ရတာလေ ..."

"အင်း ... မုန်းက အင်မတန် အစားမက်တဲ့သူပဲ၊ ဒီရက်





တွေမှာ ထမင်းရော ကောင်းကောင်းစားရဲ့လား မသိပါဘူး၊ စားစရာတော့ ထွက်ဝယ်မယ့်သူ မဟုတ်ဘူး၊ ဘာတွေများ စားနေပါလိမ့်"

"ရက်လည်တဲ့နေ့ကတော့ သူ့ရေခဲသေတ္တာထဲမှာ စားစရာ တော်တော်များများ ထည့်ပေးခဲ့တယ်မဟုတ်လား အန်တီ"

"ထည့်ပေးခဲ့တယ်၊ ကြက်သားပြုတ်တွေရော၊ ငါးမွှေတွေရောပဲ၊ ဘာလချောင်ကြော်လည်း တစ်ဘူးကြီးပဲ ထားခဲ့တာ"

"နုတို့လည်း ကြက်ဥတို့၊ ခေါက်ဆွဲခြောက်ထုပ်တို့၊ လက်ဖက်တို့ ဝယ်ထားပေးခဲ့တာပဲ အန်တီ၊ ထမင်းကလည်း မုန်းကြိုက်တဲ့ ပန်းသီးတွေ ရေခဲသေတ္တာထဲ ထည့်ပေးခဲ့တယ်၊ သူ့ အဲ့ဒါတွေစားပြီးနေရင် နှစ်ပတ် သုံးပတ်တော့ အသာလေး နေနိုင်တာပဲ"

"စားဖြစ်ပါစေလို့ ဆုတောင်းရတာပဲ၊ မုန်းက ထင်ရာစိုင်းစိုင်း ခေါင်းမာမာကလေးမျိုးကွယ်၊ မောင်ထက်မင်းကလည်း မုန်းကို လွတ်လွတ်လပ်လပ် ခံစားခွင့် ပေးထားဖို့ နားချလို့သာ အန်တီ့မှာ သူ့ဆီမသွားဘဲ နေနေရတာ၊ တစ်ရက်မှတော့ စိတ်မဖြောင့်ပါဘူးဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော… ဟိုမှာ ထွဋ်ခေါင်တို့တောင် တက်လာနေပြီ"

ယုဝါက လှေကားတစ်ဆစ်ချိုး မှန်အကာရဲ့အပြင်ဘက်သို့ လှမ်းငုံ့ကြည့်ပြီး ပြောလိုက်သည်။

ထွဋ်ခိုင်နှင့် ထမင်းက အထုပ်အပိုးဆွဲလျက် တက်လာနေသဖြင့် နုတို့က ရပ်စောင့်နေလိုက်သည်။

"ဟ… နေးလိုက်ကြတာ၊ ခုထိ အပေါ်မရောက်သေးဘူးလား၊ နုနေတဲ့ မရွှေယုကို စောင့်ခေါ်နေရတာလား"

"ဟွန်း… ထွဋ်ခိုင်နော်၊ လူကို လာမပုတ်ခတ်နဲ့"

ထွဋ်ခိုင်က အကြောင်းသိမို့ ယုဝါကို လှမ်းစရင်း အပြေးတက်လာသည်။

နုက ထမင်း လက်ထဲက အထုပ်ကို လှမ်းကြည့်ရင်း…

"ထမင်း… နင့်လက်ထဲက ဘာထုပ်လဲ"

"ပူစီဖောင်းထုပ်လေ၊ မုန်း အိမ်ကို မွေးနေ့ရှင်ရဲ့ အိမ်ဖြစ်အောင် ပူစီဖောင်းတွေ ချိတ်ဆွဲပေးမလို့၊ သူ့အာရုံ အပြောင်းအလဲဖြစ်အောင် သူ့အိမ်ကို သေသေချာချာ ပြင်ပေးရမယ်၊ ဒီမှာ နံရံကပ်တဲ့ အရုပ်တွေရော ဖဲကြိုးတွေရော၊ ဦးထုပ်တွေရော ပါတယ်"





ထမင်းက ခရစ်စမတ် ဦးထုပ်လို ထိပ်ချွန်ချွန်နှင့် မေးသိုင်းကြိုးလေးဖြင့် ဆောင်းရသော ရောင်စုံဦးထုပ်ကလေးတွေပါ ဝယ်လာပါသည်။

"မဆိုးဘူး၊ နင်အကွက်စေ့တယ်၊ ဦးထုပ်က ဘယ်နှလုံးတောင်လဲ"

"ခုနစ်လုံး…"

"ဟင်… ငါတို့က ငါးယောက်၊ မုန်းနဲ့ဆို ခြောက်ယောက်ပဲလေ…"

"မုန်းက လင်းနေအတွက်ပါ တစ်လုံးပိုလိုချင်မှာပေါ့"

"ဪ…"

နုက ဝဲလာတဲ့ မျက်ရည်တွေကို သိမ်းဆည်းကာ အပေါ်လှေကားတစ်ဆစ်ချိုးဆီ လှမ်းမျှော်မော့ကြည့်လိုက်ရင်း

"ကဲ… သွားကြရအောင်"

ဟု ဆော်သြလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

“ရှိရော ရှိရဲ့လားဟယ်၊ ဘယ်များသွားနေလဲ ...”

အခန်းတံခါး ဘဲလ်ကို နှစ်ချက် သုံးချက် ဆက်နှိပ်နေပေမယ့် အတွင်းက တုံ့ပြန်သံမကြားရတာမို့ ယုဝါက အခန်းတံခါးဝသို့ မျက်နှာကပ်ကာ အတွင်းဘက်က အသံဗလံတွေကို နားစွင့်ကြည့်လိုက်ပါသည်။

“သူအပြင်သွားရင် အခန်းသော့ကို အပြင်ဘက်က ခတ်နေကျပဲ၊ အခု အတွင်းဘက်က ခတ်ထားတာ၊ အထဲမှာပဲ ရှိမှာပါ”

“ရေချိုးခန်းများ ဝင်နေလား ...”

“မီးပြတ်နေလို့ ဘဲလ်မမြည်တာထင်တယ်”

“တံခါးခေါက်ကြည့်ဟယ် ...”





နုက တံခါးခေါက်ကြည့်ပေမယ့် ဘာမှမထူးခြား။

“အန်တီတောင်စိတ်ပူလာပြီကွယ်၊ အထဲမှာ တစ်ယောက်တည်း ဘာများဖြစ်နေလဲ ...”

“သူ့မွေးနေ့တောင် သူ သတိရရဲ့လား မသိပါဘူးကွာ”

“သူ့မွေးနေ့ဆို လင်းနေက မွေးနေ့လက်ဆောင် တစ်ခု မဟုတ် တစ်ခုတော့ ပေးနေကျဆိုတော့ မွေးနေ့မှာ သူ တစ်ယောက်တည်း နေနေရင် ပိုပြီး ခံစားနေရမှာ၊ တို့ အားလုံး ဒီနေ့ တစ်နေကုန် သူနဲ့နေပေးရအောင်ဟာ၊ ခိုင် ... ခိုင့်အလုပ်ကိစ္စတွေက ဒီနေ့ တစ်နေ့ လွှတ်ထားလို့ ရနိုင်လား”

“ရတယ်လေ၊ ကိုယ် မနေ့ကတည်းက တချို့ကိစ္စတွေ ကြိုစီစဉ်ပေးခဲ့ပါတယ်”

“ရှုတ် ... ရှူး၊ အထဲက အသံတွေကြားတယ်၊ လာ ... လာ နားထောင်ကြည့်ကြစမ်း”

အတွင်းဘက်သို့နားစွင့်နေသော ယုဝါက နှုတ်ခမ်းပေါ် လက်ညှိုး ကန့်လန့်ဖြတ်တင်၍ အချက်ပြပြီး လှမ်းခေါ်လိုက်တာမို့ ကျန်လူအားလုံး အခန်းတံခါးနှင့် ကပ်၍ နားစွင့်လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သီချင်း အကျယ်ကြီး ဖွင့်ထားတာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် ကက်ဆက်က ထွက်တဲ့အသံမျိုး မဟုတ်ဘူး၊ အပြင်ကနေ တစ်ယောက်ယောက် သံပြိုင်လိုက်ဆိုနေတဲ့ အသံမျိုးပါ ရောပါနေတယ်"

"အေး ... ဟုတ်တယ်"

"သီချင်းသံက ဆူလွန်းလို့ တံခါးခေါက်သံတွေ ဘဲလ်သံတွေကို မကြားတာထင်တယ်"

"မီးမပြတ်ရင် ဘဲလ်သံကတော့ ကြားနိုင်ပါတယ်၊ ဒါပေမယ့် ဘဲလ်သံက ဆူးလွန်းလို့ဆိုပြီး သူတစ်ယောက်တည်း အေးအေးဆေးဆေး နေချင်ရင် ဘဲလ်ဖြုတ်ထားတတ်တယ်"

"အန်တီ့မှာ သော့အပိုပါတယ်၊ အန်တီတို့ဘာသာ ဖွင့်ဝင်သွားလိုက်ရအောင်"

"ကောင်းသားပဲ အန်တီ"

ထမင်းက အန်တီခိုင့်လက်ထဲက သော့ကို လှမ်းယူပြီး အိမ်တံခါးသော့ကို ဖွင့်လိုက်ပါသည်။

တံခါးပွင့်သွားသောအခါ ...





အတွင်းမှ ဝုန်းဒိုင်းကျဲနေသော ဂီတသံစဉ်တွေ လျှံထွက်လာပါသည်။

"ဟင် ..."

သူတို့အားလုံး ဧည့်ခန်းထဲက မြင်ကွင်းကို ကြောင်ကြည့်နေမိကြသည်။

မုန်းဟာ လင်းနေရဲ့ ဘောင်းဘီတစ်ထည်နှင့် ရှာကင်တစ်ထည်ကို ဝတ်လျက်၊ လင်းနေ ဆောင်းတတ်သည့် လျှာထိုးဦးထုပ်ကလေးကို ဆောင်းလျက်၊ လင်းနေရဲ့ မျက်မှန်ကို တပ်လျက် တီဗီရှေ့မှာ ခြောင်းဆန်အောင် လှုပ်ရှားရင်း သီချင်းသီဆိုနေပါသည်။

သီဆိုနေတာဟု ဆိုရမှာထက် ဟစ်ကြွေးနေတယ်လို့ပဲ ပြောရမလား မသိပါ။ ဖွင့်ထားတဲ့ သီချင်းဟာ ဖြူဖြူကျော်သိန်းရဲ့ အတွင်းကြေ သီချင်း ...။ ဖြူဖြူကျော်သိန်းကလည်း အစွမ်းကုန် ဟစ်ကြွေးသီဆိုလျက် ... mood အပြည့်ဖြင့် လှုပ်ရှားနေသည်။ မုန်းကလည်း ကာရာအိုကေ မိုက်ခွက်ကို ကိုင်လျက် ဖြူဖြူကျော်သိန်းရဲ့ ဟန်ပန်အတိုင်း ထင်တူနီးပါး လှုပ်ရှားသီဆိုနေခဲ့တာပင်။

နှုတို့အုပ်စုသည် ထိုမြင်ကွင်းကို အံ့ဩနှင့်ဖြစ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြည့်နေမိကြရာမှ မြင်ကွင်းထဲက တခြားအရာတွေကို ပါ မြင်လာပါသည်။

အခန်းဟာ အမှိုက်ပုံကြီးလို ရှုပ်ပွနေပါသည်။ ဆိုဖာတွေကလည်း မညီမညာ ရွဲ့စောင်းလျက်၊ ဆိုဖာပေါ်မှာတော့ အင်္ကျီတွေ တိုးလို့တန်းလန်း တင်လျက်။ သတင်းစာတွေ၊ မဂ္ဂဇင်းတွေက မှောက်လှန် ပြန့်ကျဲ လွင့်စင်နေသည်။ စားပွဲပေါ်မှ သောက်လက်စ ရေဖန်ခွက်၊ လဲနေသော ကုတ်ဘူး သုံးလေးလုံး၊ စားလက်စ အာလူးကြော်ထုပ်။ စားပွဲပေါ်မှ လွင့်စင်ပြုတ်ကျခဲ့ပုံရသော နေကြာစေ့ထုပ်ထဲမှ နေကြာစေ့တွေဟာ ဧည့်ခန်းတစ်ခုလုံး ကြဲပက်ထားသည့်နှယ် ဖြစ်ချင်တိုင်း ဖြစ်၍ နေပါသည်။

"မုန်း ..."

ယုဝါကခေါ်ပေမယ့် မုန်းက မကြားပါ။ ခဏနေမှ သီချင်းဆိုရင်း ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်တာမို့ နတ်တို့ အုပ်စုကိုမြင်သွားကာ ကြောင်တောင်တောင်လေး ငြိမ်သွားသည်။ မုန်းက သတိလက်လွတ် ဖြစ်ချင်တိုင်းဖြစ်နေရာမှ ရုတ်တရက် အသိဝင်လာပုံမျိုးနှင့် ရီမုကို ဖျပ်ခနဲ ကောက်ယူပြီး တီဗီကို လှမ်းပိတ်လိုက်ပြီးမှ ...





"ရောက်နေတာ ကြာပြီလားဟင်"

"ဟက်ပီဘတ်ဒေး ..."

အားလုံးက မုန်းမေးခွန်းကိုမဖြေဘဲ သံပြိုင်အော်လိုက်ကြပြီး ဆွဲလာသည့် အထုပ်တွေကို မြှောက်ပြလိုက်ကြပါသည်။

"နင့်ကို မွေးနေ့ပွဲ လုပ်ပေးမလို့ ငါတို့စုလာကြတာ"

"ဟယ် ... ငါ့သူငယ်ချင်းတွေက အရမ်းချစ်ဖို့ကောင်းတာပဲ"

မုန်းက ခုမှ လှုပ်လှုပ်ရှားရှား ဝမ်းသာလာပုံလေးနှင့် မျက်လုံးလေးတွေ အရောင်တောက်လာသည်။

"ဒါက ... မာမီရဲ့ သမီးလေးအတွက် ဘတ်ဒေးကတ်(စ်)"

မာမီက မုန်းကိုဖက်ပြီး ပါးကို တစ်ချက်နမ်းလိုက်သည်။

"ငါတို့လည်း ပေးမယ်"

ယုဝါနှင့် နုကပါ မုန်းကို ပြေးဖက်နမ်းလိုက်တာမို့ မုန်းက သူတို့ကြားမှာ ရယ်မောစ ပြုလာပါသည်။

"ငါရော ပေးရမလား"

ထွန်းခိုင်က အနားကပ်လာတာမို့ မုန်းက ရယ်မောနေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နုကို မေး၊ နုကို မေး ..."

"အံမယ် ... မေးစရာမလိုပါဘူး၊ ခိုင်က နှပ်ချေးပေတလူ နဲ့တုန်းကလည်း နှင့်ကိုနမ်းနေတာပဲ၊ ဘာဆန်းတာမှတ် လို့ နမ်းသာနမ်း"

"အား ... နှင်တော်တော် ဗရုတ်ကျပါလား နုရာ ..."

"ထွင့်ခိုင် နမ်းတာမကြိုက်ရင် ထမင်းပဲ နမ်းတော့လေ ဘတ်ဒေးကစ်(စ်) ဘတ်ဒေးကစ်(စ်) ..."

ယုဝါက လှမ်းပြောတာမို့ ထက်မင်းက မျက်နှာ တွေ ရဲလာသည်အထိ ရှက်သွားမိကာ ...

"နင်တို့ မိန်းကလေးတွေ စုမိရင် ဗရုတ်ကျဖို့ပဲ"

ဟု ပြောရင်း မုန်းကိုမကြည့်ဘဲ မျက်နှာလွှဲနေမိ ပါသည်။ ကိုယ်က မုန်းအပေါ် ရိုးသားခဲ့သူမဟုတ်တာမို့ ဒီလို စနောက်ခံရချိန်မှာ ထွင့်ခိုင်လို စပ်ဖြဲ စပ်ဖြဲ လုပ်မနေနိုင်တာ တော့ အမှန်ပင် ...။

"ဟ ... ဘာနဲ့ကြီးလဲ"

ရုတ်တရက် ထွင့်ခိုင်က နှာခေါင်းကို ရှုံ့ပွရှုံ့ လုပ်ရင်း ပြောလိုက်တာမို့ အားလုံးက နှာခေါင်း တရှုံ့ရှုံ့နှင့် အနံ့ခံလိုက်ကြပြီး ...





"ဟာ ... ဟုတ်တယ်ဟ၊ ဘာနံ့တွေလဲ၊ ဘယ်ကထွက် နေတာလဲ ...

"ဟို ... ဟိုက ထွက်နေတာ"

မုန်းက မီးဖိုချောင်ဘက်ဆီသို့ လက်မလေးဖြင့် ထိုးညွှန်ပြလိုက်မိပါသည်။

နုနဲ့ ယုဝါက မီးဖိုချောင်ဘက်သို့ သုတ်ခနဲ ထွက် သွားသည်။ ပြီးတော့ အိမ်ထဲဘက်သို့ ဖြုန်းခနဲ ပြန်ပြေးဝင်လာ တာ နှာခေါင်းရှေ့မှာ လက်ခါယမ်းပြရင်း ...

"အံမလေး ... သေတော့မှာပဲ၊ ခေါင်းတောင်ကိုက်သွား တယ်၊ မီးဖိုချောင်ထဲမှာ ရှုပ်ပွနံစော်နေတာပဲ"

မုန်းက နှာခေါင်းလေး ရှုံ့ပြရင်း ...

"ဟို ... ငါလည်း ရှင်းဖို့စိတ်မပါတာနဲ့ ..."

"အိုကေ ... ရတယ်၊ အခု ငါတို့ရောက်လာပြီပဲ၊ ကဲ ... သန့်ရှင်းရေး စ,မယ်၊ ထမင်း၊ ထွင့်ခိုင်၊ ယောကျ်ားလေး တွေဆိုပြီး အချောင်ခိုမယ်တော့ စိတ်မကူးကြနဲ့၊ ထမင်း က အမှိုက်ပစ်၊ ထွင့်ခိုင်က ဗေစင်ဆို့နေတာလေး လာ လုပ်ပေး ..."

"ဟဲ့ ... နေပါစေ၊ နောက်မှ ငါ့ဘာသာ ရှင်းမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဘာသာ အေးအေးနေစမ်းပါ မုန်းရယ် … အခု နင် ပထမဦးဆုံးလုပ်ရမှာက ရေချိုးပြီး ခေါင်းလျှော်လိုက်ဖို့ပဲ …"

"ငါ … ငါကိုယ်က နံနေလို့လား"

"အေး … နံတယ်"

"တကယ် … !"

"တကယ်ပြောတာပေါ့၊ နင် ရေမချိုးတာ ဘယ်နှရက် ရှိပြီလဲ"

မုန်းက တွေဝေသွားကာ သူ့လက်ချောင်းလေးတွေကို ချိုးနေရင်း …

"သုံးရက် … လေးရက်လောက် ရှိပြီထင်တယ်"

"ဟွန့် … နံပြီပေါ့၊ အထူးသဖြင့် နင့်ခေါင်းက အနံ့ထွက်နေတာ၊ ခေါင်းမလျှော်တာရော ဘယ်နှရက်ရှိပြီလဲ"

"တစ်ပတ်လောက် ရှိပြီထင်တယ်"

"နင်မှ မနံရင် ဘယ်သူနံမလဲ၊ သွားဟာ … သွားဟာ ရေချိုးခန်းထဲ အမြန်ဝင်တော့၊ ရေချိုးပြီးရင် လှလှလေး ပြင်၊ နင် ရေချိုးနေတုန်း ငါတို့ သန့်ရှင်းရေး လုပ်ထားလိုက်မယ်၊ ညစ်ပတ်နေတဲ့ မွေးနေ့ရှင်ဆို မွေးနေ့လုပ်





မပေးချင်ဘူး၊ ယုဝါရေ … မုန်းကို လှလှလေးပြင်ဖို့ နင် တာဝန်ယူလိုက်"

"အန်တီလည်း တစ်ခုခု တာဝန်ယူမယ်လေ"

"အန်တီက ဘုရားပန်း လဲချင်လဲလေ၊ ကန်တော့နော် အန်တီ"

အန်တီခိုင်က ခပ်ပြုံးပြုံး လက်ကလေးကာပြရင်း ဘုရားခန်းဘက်သို့ လျှောက်သွားသည်။ ယုဝါက မုန်းကို ရေချိုးခန်းဘက်သို့ ဆွဲခေါ်သွားသည်။ နုနှင့် ထွဋ်ခိုင်၊ ထမင်းတို့က မီးဖိုချောင်ထဲက အရှုပ်ထုပ်တွေကို ရှင်းကြလေသည်။

မုန်းသည် ခုလို ကိုယ်ချစ်ခင်သူများနှင့် သိုက်သိုက်ဝန်းဝန်းလေး ရှိနေပြန်တော့လည်း စိတ်သက်သာရာ ရသလိုဝင်။ ဒီရက်ပိုင်းတွေမှာ မုန်းတစ်ယောက်တည်း တစ်ခါ တစ်ခါ၊ ဓါက်လိုက်၊ တစ်ခါတစ်ခါ ကြောက်လိုက်နှင့် နေခဲ့ရတာပင် …။ မုန်း ပတ်ဝန်းကျင်မှာတော့ ကိုးရဲ့ အရိပ်တွေ ချည်းပဲမို့သာ မုန်းက သတိရခြင်းများဖြင့် တစ်ယောက်တည်း နေနိုင်ခဲ့တာ ဖြစ်သည်။

ဒီနေ့မနက် အိပ်ရာနိုးလာချိန်မှာတော့ 'မုန်းမွေးနေ့ပါလား' ဟူသော အသိစိတ်ဖြင့် မျက်လုံးမဖွင့်သေးဘဲ …



www.burmeseclassic.com

www.burmeseclassic.com



"ကိုးရေ ... မုန်းကို မွေးနေ့လက်ဆောင် ဘာပေးမှာလဲ ဟင်"

တစ်ယောက်တည်း တိုးတိုးလေး ညည်းညူရင်း ကိုးဘက်သို့ လှည့်၍ ကိုးရဲ့ခေါင်းအုံးကလေးပေါ် လက်တင်ကာ မျက်ရည်က အလိုလိုကျလာခဲ့ရသည်။

မုန်းစိတ်ထဲမှာ ဒီနေ့ ကိုးထံမှ မွေးနေ့လက်ဆောင် တစ်ခုခု ရလိမ့်မည်ဟုသာ ထင်နေသည်။

မုန်းရဲ့ မွေးနေ့ မနက်တိုင်းမှာ ကိုးက မုန်းရဲ့ မျက်ခွံလေးတွေကို ဖိနမ်းရင်း 'happy birthday ချစ်ချစ်လေး' ဟု တိုးတိုးပြော၍ မုန်းကို နှိုးတတ်သည်။ ဒီနေ့မနက်မှာလည်း အဲဒီလို နှိုးလာနိုးနှင့် မျက်ခွံလေးတွေကို အကြာကြီး စေ့ပိတ်လျက် ရှူးနမ်းစွာ စောင့်မျှော်နေခဲ့မိသေးသည်။

နောက်တော့မှ တဖြည်းဖြည်း အသိတရားကလေး ဝင်လာကာ အိပ်ရာမှ ထလာခဲ့ရသည်။ ရင်ထဲမှာ မခံရပ်နိုင်လောက်အောင် နာကျင်လာတာမို့ ကိုး အရင်တုန်းက မုန်း ပျော်အောင် လုပ်ပြခဲ့ဖူးသလို တီစီဖွင့်ရင်း သီချင်းတွေ အော်ဟစ်ဆိုနေခဲ့မိတာပင်။ ဒီလို လုပ်ရင် သက်သာရာ ရမလားလို့ပေါ့ ...။





"မုန်းရေ ပြီးပြီလား၊ မြန်မြန်ချိုး၊ အအေးပတ်ဦးမယ်"

"အေးပါ ... ပြီးပါတော့မယ်"

ယုဝါက ရေချိုးခန်းရှေ့မှာ တဘက်ကိုင်စောင့်နေရင်း လှမ်းအော်ပြောလိုက်သည်။

ဧည့်ခန်းထဲမှာတော့ ထမင်းက ဖဲကြိုးတွေ ပူစီဖောင်းတွေဖြင့် လှပအောင် ဆင်ယင်နေပါသည်။

မုန်း ရေချိုးခန်းအပြင်ထွက်လာတော့ ယုဝါက မုန်းကိုယ်ပေါ် တဘက်လေး ခြုံပေးလိုက်ပြီး အခန်းထဲသို့ ဆွဲခေါ်လာပါသည်။ ပြီးတော့ မုန်းဆံပင်တွေကို ရေခြောက်အောင် သုတ်ပေး၊ ဒရိုင်ယာနှင့် မှုတ်ပေး။ လက်သည်းနီဆိုးပေး ...။ မုန်းဝတ်ဖို့ အဝတ်အစားတွေ ထုတ်ပေး လုပ်နေတုန်းမှာ အခန်းပြင်က ထမင်းတို့ နုတို့ကလည်း မီးဖိုချောင်ကိစ္စပြီးပြီမို့ ဧည့်ခန်းက စားပွဲဝိုင်းပေါ်မှာ မွေးနေ့ကိတ်ကို အသင့်ပြင်လျက် မုန်းကို စောင့်နေကြပါသည်။

မုန်းက မနှစ်က ကိုးနဲ့ နောက်ဆုံးအတူရှိခဲ့သည့် မွေးနေ့မှာ ဝတ်ခဲ့သော အဖြူရောင်ဂါဝန်လက်ပြတ် လည်ဟိုက်လေးကို ဝတ်လျက် သန့်ရှင်းသပ်ရပ်လှစွာဖြင့် ယုဝါနှင့်အတူ အခန်းထဲမှ ထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟက်ပီဘတ်ဒေး တူးယူ xx"

ထမင်းက ... ... ဖောက်လိုက်ပြီး အားလုံး လက်ခုပ်တီး၍ မွေးနေ့သီချင်းဆိုရင်း မုန်းကို ဆီးကြိုလိုက်ကြသည်။

"ဝါး ... လှလိုက်တာဟယ်၊ နင်တို့ ငါ့အိမ်ကို ပြင်တာ မြန်လိုက်တာ"

မုန်းက မျက်နှာထား ကြည်လင်နေကာ အခန်းထဲမှာ ပြင်ထားသည့် ပူစီဖောင်းတွေ၊ ဖဲကြိုးတွေကို လှည့်ပတ်ကြည့်လိုက်သည်။

စားပွဲမှာ အားလုံးဝိုင်းထိုင်ကြတော့ ခုံတစ်နေရာစာ လွတ်နေသည်။

"ခဏလေးနော် ..."

မုန်းက ခွင့်တောင်းပြီး ကိတ်ထည့်ဖို့ ပန်းကန်တစ်ချပ် သွားယူလာကာ ထိုတစ်နေရာစာမှာ ပန်းကန်ကိုချလိုက်သည်။ ထို့နောက် ဧည့်ခန်းထောင့် စားပွဲပေါ်မှာ ထောင်ထားသော ကိုးရဲ့ ဓာတ်ပုံကို ပန်းကန်ဘေးမှာ ထောင်လိုက်သည်။

အားလုံးက မုန်းလုပ်ပုံကို ငေးကြည့်နေကြဆဲမှာ ထမင်းက မုန်းထံ ဦးထုပ်လေးတစ်လုံး ကမ်းပေးလိုက်ရင်း ...

"မုန်း ... ဒီမှာ လင်းနေဖို့ ဦးထုပ်တစ်လုံး ပိုယူလာတယ်"





"ကျေးဇူးပဲ"

မုန်းက ထိုဦးထုပ်ကလေးကို ဓာတ်ပုံနားမှာထောင်လျက်ကလေး ချထားလိုက်ပြီး ...

"အိုကေ ... ရပြီ"

ဟု ပြောကာ ကိတ်မုန့်လှီးဖို့ ဓားလေးကို လှမ်းယူလိုက်လေသည်။

နတ်တို့တစ်တွေသည် မုန်းလုပ်နေပုံကို တနင့်နင့် ငေးကြည့်နေရာက သက်ပြင်းခိုးလေးတွေ ချလိုက်ရပါသည်။

မုန်းကတော့ ကိတ်မုန့်လှီးကာနီးမှာ ဘာကိုစောင့်ဆိုင်းမှန်း မသိ စောင့်ဆိုင်းလျက် တုန့်ဆိုင်းဆိုင်း ဖြစ်နေသည်။ မုန်းစိတ်ထဲမှာ ကိုးနဲ့ ပတ်သက်သည့် တစ်စုံတစ်ရာကို လက်ခံရရှိလိမ့်မည်ဟု ထင်မြင်နေသည်။

ထိုခဏမှာ တံခါးဘဲလ်မြည်သံကို ကြားလိုက်ကြရပါသည်။

"ဟော ... ဘယ်သူများလဲ"

"ငါ သွားကြည့်လိုက်ဦးမယ်"

ယုဝါက ခပ်သွက်သွက် ထထွက်သွားသည်။ ခဏနေတော့ ဖဲကြိုးခရမ်းရောင်ဖြင့်စည်းကာ ဖဲပွင့်ကြီးဖော်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင် ပါကင်ဘူးထုပ်ကြီးကို ပွေ့ပိုက်လျက် အိမ်ထဲသို့ ပြန်ဝင်လာပါသည်။

"မုန်းရေ... နင့်ဖို့ မွေးနေ့လက်ဆောင် ထင်တယ်၊ ဘယ်သူ ပို့လိုက်တာလဲ မသိဘူး"

မုန်းသည် စိတ်ထဲ ထိတ်ခနဲဖြစ်သွားကာ နုလက်ထဲက ပါကင်ထုပ်ကြီးကို စိုက်စိုက်ကလေး ကြည့်နေလိုက်မိပါသည်။ ဘူးကိုထုတ်ထားတဲ့ ပါကင်ပေပါဟာ မုန်းအကြိုက် ခရမ်းရောင် ...။ ဖဲပွင့်နှင့် ဖဲကြိုးတွေကလည်း ခရမ်းရောင်။

"ဘယ် ... ဘယ်သူ လာပို့ပေးသွားတာလဲဟင်"

"အမြန်ချောပို့ ဝန်ဆောင်မှုက ဝန်ထမ်းတစ်ယောက်ပဲ၊ ငါပဲ လက်မှတ်ထိုး ယူထားလိုက်တာ၊ ရော့... ဖွင့်ကြည့်ဟယ်၊ ဘာများလဲလို့"

မုန်းသည် ဖဲကြိုးတွေကို သွက်သွက်လေး ဖြေလျော့ဖွင့်လိုက်သည်။ မုန်းလက်တွေက တုန်ရီအေးစက်သို့ နေပါသည်။

ဘူးကိုဖွင့်လိုက်တော့ နုတို့အားလုံး စိတ်ဝင်တစား ဝိုင်းအုံကြည့်လိုက်ကြသည်။

"လှလိုက်တာ ..."





"ဟယ် ... ဂါဝန်လေးပဲ ..."

နုတို့က ဘူးထဲမှာ ဖွဖွလေး ထည့်ထားတဲ့ ဂါဝန် ခရမ်းရောင်လေးကို ထုတ်ယူကြည့်လိုက်ရင်း ဝမ်းသာအားရ ရေရွတ်လိုက်ကြပါသည်။ ခရမ်းရင့်ရောင် ပိုးပျော့ဂါဝန်လေးဟာ ခါးအထက်ပိုင်း ကျပ်ကျပ်လေး။ ခါးအောက်ပိုင်းမှ စ၍ ခပ်ကားကား ဖားဖားဝေဝေ ပုံစံမျိုးလေးပင်...။ မုန်းကြိုက်တဲ့ အရောင်၊ မုန်းကြိုက်တဲ့ ပုံစံမျိုးလေးပေါ့။ မုန်းအကြိုက်ကို ကွက်တိသိနိုင်သူဆိုလို့ ကိုး တစ်ယောက်ကလွဲပြီး ဘယ်သူမှ မရှိနိုင်ပါ။

"ဟဲ့ ... မုန်း ... အထဲမှာ စာလေးဘာလေးပါမလားလို့ ရှာပါဦး၊ ဘယ်သူ့ဆီကလဲ သိရအောင်"

ယုဝါက သတိပေးတော့မှ မုန်းက ဂါဝန်ကို မ,ယူကြည့်လိုက်ရာ ဘူးအောက်ခြေမှာ စာအိတ်တစ်အိတ်ကို တွေ့လိုက်ရပါသည်။ စာအိတ်အရောင်ကလည်း မုန်းအကြိုက် ခရမ်းရောင်ဖျော့ဖျော့လေးပင်။

စာအိတ်ပေါ်က 'ရည်းစားစာ မဖတ်ဖူးလို့ ခဏခဏ စိတ်ကောက်တတ်တဲ့ ကောင်မလေးအတွက်' ဟု ရေးထားသော ကိုးရဲ့ လက်ရေးကို တွေ့လိုက်ရစဉ်မှာတော့ မုန်းသည် ခဏသေသွားပြီးမှ ပြန်ရှင်လာရသူလို ကယောင်ကတမ်းဖြင့်စွာ စာအိတ်ကို ခပ်မြန်မြန် ဖောက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟော့ … ချစ်ချစ်လေး … မုန်း၊ Happy birthday ပါ … ။

ခုတလော ထမင်း ကောင်းကောင်းမစားဘူး မဟုတ်လား။

ရေလည်း မှန်မှန် မချိုးဘူးမဟုတ်လား … ။

အိမ်ထဲမှာလည်း ရှုပ်ပွညစ်ပတ်နေပြီ မဟုတ်လား။

ညညဆို မီးမပိတ်ဘဲ အိပ်တယ်မဟုတ်လား … ။

အနီးကပ် စောင့်ပြောနေမယ့်သူ မရှိတော့တာနဲ့ မုန်း ဒီလိုချည်း နေနေမယ်ဆို ကိုယ် ဘယ်စိတ်ကောင်းပါ့မလဲ မုန်းရယ်။

မုန်းပျော်မှ ကိုယ်ပျော်တယ်၊ မုန်း စိတ်ညစ်ရင် ကိုယ်လည်း စိတ်ညစ်တယ်ဆိုတာ မုန်းသိတယ်မဟုတ်လား။

ကဲ … ထ … ရေချိုးခန်းဝင်တော့ … ၊ ပြီးရင် လှလှလေး ပြင်၊ ကိုယ့်ရဲ့မွေးနေ့လက်ဆောင် ဂါဝန်လေး ကိုဝတ်ပြီး မုန်းရဲ့ သူငယ်ချင်းတွေနဲ့ အတူတူ တစ်နေ့ရာရာကို ထွက်လည်တော့ကွာ၊ ဈေးဝယ်၊ ရုပ်ရှင်ကြည့်၊ ကစားကွင်းသွား၊ စတိုးဆိုင်တွေ ဘာတွေရှိရင်လည်း သွားကြည့်ပေါ့၊ အဲဒီလိုဆို မုန်းစိတ်တွေ ပေါ့ပါးလန်းဆန်းသွားလိမ့်မယ်။

ဒီနေ့ မုန်းမွေးနေ့ဆိုတော့ မုန်း အမေရော၊ သူငယ်ချင်းတွေရော မုန်းအနားမှာ စုံစုံလင်လင် ရှိနေကြမှာပေါ့။ အားလုံးထဲမှာ မုန်းအပေါ် သည်းညည်း အခံဆုံး၊ အလိုက်





အသိဆုံး ထက်မင်းလည်း ရှိနေမှာပေါ့။ သူတို့တွေနဲ့ အတူတူ လျှောက်လည်တော့နော် … ။

ဒီအချိန်မှာ မုန်းအနားမှာ ကိုယ်ရှိမနေနိုင်တော့တဲ့ အတွက် မုန်းကို အားနာပါတယ်။

ဪ … မုန်း ကိုယ့် မွေးနေ့လက်ဆောင် အင်္ကျီက နောက်ကျော ဇစ်နဲ့နော်၊ အမေနဲ့ သူငယ်ချင်းတွေဘက်ကို ကျောပေးပြီး ဇစ်လာတပ်ပေးပါဦးလို့ အော်မနေနဲ့ဦး၊ ကိုယ့်ဘာသာ တပ်တတ်အောင် ကြိုးစား။ လက်နောက်ပြန်ပစ်ပြီး အောက်ဘက်က တစ်ခါဆွဲ၊ အပေါ်က တစ်ခါထပ်ဆွဲရင် ရတယ် … ။

ကဲ … ပြီးပြီလား … ။

ပြီးရင် သွားတော့ … ။ အပြင်မှာ ကောင်းကောင်းကြီး ပျော်ပြီးမှ ပြန်လာခဲ့တော့ … ။

ကိုယ့်စကားကို နားထောင်ရင် မနက်ဖြန်ကျ နောက်ထပ် စာတစ်စောင် ထပ်ဖတ်ခွင့်ရမယ် … ။

မုန်းကို သိပ်ချစ်တဲ့ …

ကို။

မုန်းလက်ထဲက စာရွက်ကလေး လွတ်ကျသွားသည်။ နက အမြန်ကောက်ယူပြီး အားလုံးဝိုင်းအုံဖတ်လိုက်ကြသည်။ စာဖတ်ပြီးချိန်မှာ အားလုံးက မယုံနိုင်စွာဖြင့် …



www.burmeseclassic.com

www.burmeseclassic.com



"မုန်း … ဒါ … ဒါ လင်းနေ လက်ရေးလား"

"ဟုတ်တယ် … ယုဝါ"

"သူက ဘယ်လိုက ဘယ်လို …"

"သူ … သူ့ရောဂါအကြောင်း သိကတည်းက သူဆုံးသွားပြီးတဲ့နောက်ပိုင်းမှာ ငါ့ကို တတ်နိုင်သမျှ ဖြေသိမ့်ပေးဖို့ ကြိုစီစဉ်ထားခဲ့တာ ဖြစ်မယ်၊ တစ်ယောက်ယောက်ကို စာတွေ ပစ္စည်းတွေ ပေးထားပြီး အချိန်ကိုက် ပို့ပေးခိုင်းတာ ဖြစ်လိမ့်မယ်လို့ ငါထင်တယ်"

အားလုံးမှာ စကားတောင်မပြောနိုင်ကြတော့ဘဲ အံ့ဩတိတ်ဆိတ်သွားခဲ့ကြပါသည်။

နုနဲ့ ယုဝါက မသိမသာ မျက်ရည်ကျိတ်သုတ်သည်။ မုန်း မာမီက သက်ပြင်းချပြီး အဝေးသို့ငေးနေသည်။ ထွဋ်ခိုင်က အံကြိတ်၍ မျက်နှာနီရဲနေသည်။ ထမင်းကတော့ မုန်းရဲ့မျက်နှာရိပ်ကိုသာ ရင်တမမဖြင့် စောင့်ကြည့်နေမိပါသည်။

မုန်းသည် မျက်နှာသေဖြင့် ငူငူကြီးထိုင်နေသည်မှာ တစ်မိနစ် နှစ်မိနစ် …။ ငါးမိနစ်ခန့် ကြာလာသည်။ မုန်းနားက လူတွေအားလုံးလည်း မုန်းလိုပဲ ငြိမ်သက်နေကြသည်။ ထိုခဏမှာ မုန်းက ဆတ်ခနဲ ထ,ရပ်လိုက်ပြီး ပေါ့ပါးလန်းဆန်းသော အသွင်ဖြင့် …





"အိုကေ … ကိုးပြောတဲ့အတိုင်းပဲ လုပ်တော့မယ်၊ အပြင်ထွက်ကြစို့၊ အဝတ်လဲလိုက်ဦးမယ်နော်၊ ခဏစောင့်"

ဟုပြောပြီး ခရမ်းရောင်ဂါဝန်ကို ဆွဲ,ကာ အခန်းထဲသို့ အပြေးတစ်ပိုင်း ဝင်သွားလေသည်။

နုတို့တစ်တွေမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ သက်ပြင်း ပြိုင်တူချလိုက်မိကြပါသည်။

လင်းနေဟာ မိန်းမဆိုးလေးလို ဖြစ်နေတဲ့ မုန်းအပေါ် အနွံတာခံပြီး ချစ်မြတ်နိုးလှတယ်ဆိုတာ သိပေမယ့် သက်ရှိထင်ရှား မရှိတော့သည့်အချိန်ထိတိုင် မုန်းအတွက် ခုလို စီစဉ်ပေးခဲ့လိမ့်မည်ဟုတော့ သူတို့အားလုံး ထင်မထားခဲ့ကြတာ အမှန်ပင်။

အမြဲတမ်း ယောကျ်ားကိုပဲ အားကိုးနေတတ်သော မုန်းဟာ ဒီအချိန်မှာ ဘယ်လောက် ခံစား နွမ်းကြေနေမလဲဟု လင်းနေ မဆုံးမီကပင် မုန်းဆွေးပူခဲ့ပုံရသည်။ သူမရှိတော့တဲ့အခါ မုန်းရဲ့ ဧယျာဝစ္စ အသေးအမွှားလေးတွေကအစ မုန်းကိုယ်တိုင် လုပ်တတ်ကိုင်တတ် ရှိပါစေဟုလည်း ရည်ရွယ်ခဲ့ပုံရသည်။

"ဒီလို ယောကျ်ားမျိုးသာရရင် ၁၀နှစ်ကတည်းက အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြုခဲ့မိမှာ၊ ဒီလိုလူမျိုး ရှာမတွေ့ရင်တော့ တစ်သက်လုံး အပျိုကြီးပဲ လုပ်တော့မယ်ဟယ် ...”

ယုဝါက အားကျသလိုလေး ပြောနေဆဲ မုန်းက အခန်းထဲမှ ပြန်ထွက်လာသည်။ လင်းနေရဲ့ လက်ဆောင် ဂါဝန်လေး ဝတ်ထားသော မုန်းပုံစံက အခြားတစ်ယောက်လို ပြောင်းလဲနေသည်။ မုန်းရဲ့မျက်လုံးတွေထဲမှာ မျှော်လင့်ချက် ရောင်ခြည်တွေ ယှက်ဖြာနေပါသည်။

“မာမိ ... မုန်း လှလားဟင်”

“လှပါတယ်”

“နုတို့ ... ငါလှတယ်မဟုတ်လား”

“လှပါ လှပါ ...”

မုန်းက အားလုံးကို လှည့်ပတ်မေးပြီးမှ ...

“ကဲ ... သွားကြစို့”

ဟု ပြောပြီး သူ့အိတ်ကြီးကိုဆွဲကာ ရှေ့ကနေ ဦးဆောင်ထွက်သွားတာမို့ နုတို့အားလုံး မုန်းနောက်က လိုက်ပါလာခဲ့ရပါသည်။

ထိုနေ့တစ်နေ့လုံး မုန်းက လင်းနေရဲ့ စာထဲက အတိုင်း နေရာအနှံ့သို့ ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း





လျှောက်သွားနေခဲ့တာမို့ နုတို့ လင်မယားနှင့် ယုဝါက မုန်းနှင့်အတူ လိုက်ပေးနေရပါသည်။ မုန်းမေမေနှင့် ထက်မင်းကတော့ ဆိုင်မှာပဲ ဝင်ကျန်နေခဲ့ပါသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

✿ ✿ ✿

တစ်နေ့လုံး လျှောက်သွားလို့ မောသောအခါ မုန်

ကိုအားလုံး ညနေစာစားဖို့အတွက် မာမီ့ဆိုင်သို့ ဝင်လာခဲ့ကြ

သည်။

"အန်တီရေ... ဗိုက်ဆာတယ်၊ တစ်ခုခုကျွေးနော်"

"အေးပါ... အေးပါ၊ လာကြ... ထိုင်ကြ... တော်တော်

သွားခဲ့ကြရဲ့လား"

"သွားတာပေါ့ အန်တီရဲ့... နုတို့ ရုပ်ရှင်လည်း ဝင်ကြ

ပြီးပြီ၊ ဗိုလ်ချုပ်ဈေးလည်း ပတ်ခဲ့ပြီးပြီ၊ ကန်တော်ကြ

ထဲလည်း ရောက်ခဲ့သေးတယ်"

"ကောင်းတာပေါ့...၊ မုန်းလည်း အပြင်ထွက်ရတော

လန်းဆန်းသွားတာပေါ့၊ အိမ်ထဲမှာချည်း အောင်းနေတာ





ကြာရင် အာရုံတွေ နောက်လာတတ်တယ်လေ၊ သမီးတို့

ဘာစားချင်လဲ၊ မုန်းရော ဘာစားမလဲ"

"ရှိတာအကုန်စားမယ် မာမီ..."

"ဟဲ့... မုန်း တော်ရုံပဲစားပါဟယ်၊ နုင် ဗိုလ်ချုပ်ဈေး

က တညင်းသီးအုန်းနို့ဆမ်းတွေရော၊ ထမင်းနဲ့တွေရော၊

မုန့်စိမ်းပေါင်းတွေရော စားလာတာ နည်းမှမနည်းပဲ"

"ဒါပေမယ့် ငါထပ်စားချင်သေးတာကိုးဟဲ့၊ အစားစားတာ

ကို မပိတ်ပင်ကြပါနဲ့၊ ပိတ်ပင်ရင် ပြိတ္တာဖြစ်လိမ့်မယ်"

"နုင်... ခုနေ ထပ်စားရင် အန်ထွက်လိမ့်မယ်"

"မအန်ပါဘူး"

"လောင်းမလား၊ ငါက အန်တဲ့ဘက်က..."

"လုံးဝ မအန်ဘူး၊ စောင့်ကြည့်နေလိုက်..."

ယုဝါက အရေးထဲမှာ အလောင်းအစား လုပ်နေ

တာမို့ နုက 'မနိုင်ဘူး' ဟု ပြောပြီး မှန်ပုံးထဲက မုန့်တွေဘက်

သို့ အာရုံရောက်သွားကြသည်။

မုန်းမာမီကလည်း 'အန်တီလည်း သူ့ကိုမနိုင်ပါ

ဘူးဟယ်' ဟုပြောပြီး မုန့်ထည့်ဖို့ လင်ဗန်းလေးတွေထားသည့်

ဘက်သို့ လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်မင်းကတော့ ဆိုင်က စာရင်းကိုင်ကောင်လေးနှင့် စကားပြောနေတုန်းမို့ မုန်းတို့အုပ်စုဆီ မသွားနိုင်သေးပေမယ့် မုန်းတို့တွေ ဆိုင်ထဲဝင်လာကတည်းက မုန်းရဲ့မျက်နှာကို အကဲခတ်နေပြီးပြီ။

ဒီအတိုင်းလေး ကြည့်လိုက်ရင် မုန်းပုံစံက ပြုံးပျော်နေသယောင် ထင်ရပေမယ့် မုန်းရဲ့မျက်လုံးထဲမှာတော့ ဆွေးလျသော အရိပ်အယောင်တွေ ယှက်သန်းနေဆဲပင်...။ မုန်း ပျော်ချင်ယောင်ဆောင်နေတာ၊ ဒါမှမဟုတ် လင်းနေ့ အလိုကျ ပျော်နိုင်အောင် ကြိုးစားနေတာ။

မုန်းမေမေက မုန်းတို့အုပ်စုကို မုန့်တွေချကျွေးနေသည်။ နုနှင့် ယုဝါကလည်း စကားတွေ အလုအယက် ပြောနေကြသည်။ ထွဋ်ခိုင်ကလည်း အားကစားဂျာနယ်တစ်စောင်ကို စိတ်ဝင်တစား ဖတ်နေသည်။ မုန်းရဲ့အလုပ်ကတော့ အားလုံးရဲ့ အလယ်မှာ ပျော်ရွှင်နေသယောင် ဟန်ဆောင်နေရခြင်းပင်။

မုန်းသည် မာမီ ချကျွေးသမျှ မုန့်တွေကို သတိလက်လွှတ်စားရင်း ရင်ထဲမှာတော့ ငိုချင်နေခဲ့သည်။ ကိုးကို မုန်း သတိရလွန်းလို့ ရူးလုပြီလေ...။ ကိုးရဲ့ စာက မုန်းရဲ့ စိတ်ကို မျှော်လင့်ချက်တစ်မျိုးဖြင့် ရှင်သန်လာစေပေမယ့်... ကိုး





ညွှန်ကြားခဲ့တဲ့အတိုင်း လုပ်နေရပေမယ့် မုန်းရင်ထဲက ကြေကွဲစိတ်ကတော့ ဆက်လက်ရှင်သန်နေမြဲပင်...။

မုန်းသည် မဆန့်ရင်ကာစားရင်း ရင်ဝမှာ တဖြည်းဖြည်း ပျို့တက်လာသည်။ မုန်း အန်ချင်လာပြီ။ မုန်းက အံချင်စိတ်ကို ထိန်းရင်း...

"ငါ... Toilet ဝင်လိုက်ဦးမယ်"

ဟုပြောကာ ဆိုင်နောက်ဘက်သို့ ဝင်လာသည်။ မုန်းသည် ဗေစင်ရှေ့သို့ရောက်သည်နှင့် ဝေါ့ခနဲ ထိုးအန်ချလိုက်သည်။ အစာမကြေ ပြည့်နင်နေသမျှတွေ ကုန်တော့ မုန်းလည်း မောဟိုက်ကျန်ခဲ့သည်။

အားနည်းဖျော့တော့သွားသော မုန်းသည် ကိုယ့်ပုံစံကို ဆိုင်ရှေ့ကလူတွေ မမြင်မှာစိုးတာမို့ ဆိုင်နောက်ဘက် ချောင်ကျကျနေရာလေးမှာပဲ မှီထိုင်နေလိုက်သည်။ စိတ်လျော့လျက် ဟန်ဆောင်ထားသမျှတွေ ဖယ်ခွာချလိုက်သောအခါ မုန်းရဲ့ မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်အိုင်လာပါသည်။

မုန်းက မျက်ရည် ကျိတ်သုတ်နေဆဲ...

"မုန်း..."

ခေါ်သံကြောင့် မုန်းမော့ကြည့်မိသည်။ ထမင်းက မုန်းရှေ့မှာ ရပ်လာရင်း...



www.burmeseclassic.com

www.burmeseclassic.com



“နေမကောင်းဘူးလား မုန်း”

“အေး ... မကောင်းဘူး၊ အန်နေတယ်”

“ရင်ပြည့်တယ်ထင်တယ်”

“ဟုတ်မယ် ... ငါစားထားတာတွေများလို့ အစာမကြေတာပါ၊ ဒါနဲ့ နင့်ကို ငါမေးရဦးမယ်၊ ကိုး ဆုံးသွားတဲ့ကိစ္စကို နင်ဘယ်လိုမြင်လဲ”

“ငါက ဘယ်လိုမြင်ရမှာလဲ ...”

“သိပ်စိတ်ဆိုးစရာကောင်းတဲ့ ကိစ္စလို့ နင်မမြင်ဘူးလားဟင်၊ ဒီအရွယ်မှာ ကိုယ်ချစ်တဲ့ မိန်းမနဲ့ ပျော်ပျော်ရွှင်ရွှင် နေရမယ့်အချိန်မှာ သူက ဆုံးသွားတယ်၊ဒီလောက်နှမြောစရာကောင်းတဲ့ ဘဝကို အလွယ်တကူလက်လွှတ်လိုက်ရတယ်၊ ဘာကို စိတ်ဆိုးရမှန်းမသိပေမယ့် ဘယ်သူ့ကို စိတ်ဆိုးမှန်းမသိပေမယ့် ငါ အရမ်းစိတ်ဆိုးတယ်ထမင်းရယ်”

“နင် ဘယ်လို ခံစားနေရတယ်ဆိုတာ ငါနားလည်ပါတယ် မုန်းရယ် ...၊ ခုချိန်မှာ လင်းနေ မရှိတော့ပေမယ့် နင့်မှာ ဖြေသာစရာတွေ အများကြီး ရှိပါသေးတယ်၊ သူ နင့်ဘေးနားမှာရှိနေတုန်းကလည်း နင့်ကို သိပ်ချစ်ခဲ့





တယ်၊ အနွံတာခံခဲ့တယ်၊ သူမရှိတော့တဲ့အချိန်မှာလည်း နင်ဖြေသာအောင် သူ ကြိုတင်စီစဉ်ပေးခဲ့သေးတယ်”

“သူ အဲ့ဒီလောက် သိတတ်တော့ ငါ ပိုခံစားရတယ်၊ ငါ သူ့အပေါ် ဆိုးတာတောင် သူက ငါ့အပေါ် ကောင်းနိုင်လွန်းတယ်”

“အဲ့ဒါ အချစ်ပဲလေ မုန်းရဲ့၊ အချစ်က ထူးဆန်းတယ်”

“အေး ... ဟုတ်တယ်၊ အချစ်က ထူးဆန်းတယ် ... ဝေါ့”

“ဟာ ... မုန်း ...”

မုန်းက မျက်လုံးလေးတွေ ရီဝေကြောင်ငေးနေရာက ဝေါ့ခနဲ အန်ချလိုက်တာမို့ ထမင်းရဲ့ ခြေထောက်ပေါ်ကို အန်ဖတ်တွေ ကျလာသည်။

“အာ ... ပေကုန်ပြီ”

“ရတယ် ... ငါက ရတယ်၊ နင်ရော ရရဲ့လား”

“အင်း ... အင်း ... ရတယ်”

မုန်းက ရင်တလှပ်လှပ်တုန်ကာ မူးဝေလာသည်။ ထမင်းက ကိုယ့်ခြေထောက်ပေါ်က အညစ်အကြေးတွေကို ဆေးကြောဖို့ သတိမရဘဲ မုန်းကိုသာ ဖေးမထားရင်း ...

“ငါသာ မိန်းကလေးဆိုရင် ခုချိန်မှာ နင့်နားမှာ အမြဲနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး နင့်စိတ်တွေ ပျော်ရွှင်လာအောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားပေးမိမှာပဲ မုန်းရယ်”

ဟု ခပ်တိုးတိုးရေရွတ်လိုက်သော်လည်း မူးရီနေသော မုန်းကတော့ မကြားနိုင်ဘဲ ထက်မင်းလက်ပေါ်မှာ ခေါင်းငိုက်စိုက်ကျနေသည်။

နောက်ဆုံးတော့ ထက်မင်းက မုန်းကို ပွေ့ချီကာ ဆိုင်ရှေ့သို့ ထွက်လာခဲ့ရသည်။

“ဟဲ့ ... ဟဲ့ ... မုန်း ဘာဖြစ်လို့လဲ”

“မူးပြီး အန်နေလို့”

“ကဲ ... ငါမပြောဘူးလား၊ အန်တဲ့ဘက်က လောင်းထားတာ ငါနိုင်ပြီ”

“အရေးထဲမှာဟယ်၊ ကဲ ... ကဲ ... မုန်းကို အိမ်ပြန်ပို့လိုက်ကြရအောင်၊ ထက်မင်း နင်တစ်ယောက်တည်း နိုင်ရဲ့လား”

“နိုင်ပါတယ်၊ အန်တီ ကျွန်တော်တို့ မုန်းကို အိမ်ပြန်ပို့လိုက်ဦးမယ်”

“အေး ... အေး ... အားနာပါတယ် မောင်ထက်မင်းရယ်၊ မုန်း အန်ထားတာတွေနဲ့ မင်းမှာလည်း ပေရေနေပြီ”





“ရပါတယ် အန်တီ”

“ဒီကာလလေးမှာတော့ သမီးကို သည်းခံပေးကြပါကွယ်”

“တကူးတက သည်းခံပေးစရာမလိုပါဘူး အန်တီ၊ မုန်းကို ကျွန်တော်တို့အားလုံး နားလည်ပေးပြီးသားပါ”

မုန်းမေမေက သမီးရဲ့ သူငယ်ချင်းတွေကို ပြောနေရင်းက သမီးကို စိတ်မချနိုင်ဖြစ်လာရကာ ...

“အစာအိမ်တွေ ဘာတွေများ ရောင်နေသလား မသိပါဘူးကွယ်၊ အိမ်ရောက်လို့ ဗိုက်တွေ ဘာတွေနာနေရင် ဆေးရုံတွေ ဘာတွေပို့ဖို့ လိုလာဦးမှာ၊ အန်တီပါ လိုက်ခဲ့ပါ့မယ်”

ဟု ပြောရင်း ထက်မင်းတို့နှင့်အတူ လိုက်ပို့ပြင်သည်။ နက မုန်းအိတ်ကြီးကို သတိရကာ ...

“ဟဲ့ ... မုန်းရဲ့အိတ်ကြီးကော ...၊ အဲ့ဒါကျန်ခဲ့လို့ကတော့ မုန်း သောင်းကျန်းမှာသေချာတယ်”

“ဒီမှာ ငါယူလာပြီ၊ အမလေး လေးလိုက်တာဟယ်၊ သူ လွယ်နေတုန်းကတော့ မလေးသလို ခပ်သာသာအေးပဲ”



www.burmeseclassic.com

www.burmeseclassic.com



ယုဝါက မုန်းအိတ်ကြီးကို လွယ်ပြီး နောက်မှလိုက်လာသည်။

မုန်း အိမ်ရောက်ပြီး မုန်း ဘာမှမဖြစ်တာ သေချာတော့မှ အားလုံး စိတ်အေးကြရသည်။

အိပ်ပျော်သွားသော မုန်းမျက်နှာကို တစိမ့်စိမ့် အရိပ်ကြည့်နေသော ထက်မင်းကို ကြည့်ရင်း မုန်း မိခင် ဒေါ်စန္ဒာခိုင်က သက်ပြင်းဖွဖွချရပါသည်။ ထက်မင်းရဲ့ သမီးအပေါ်ထားတဲ့ သံယောဇဉ်ကို ကိုယ်ကလည်း ရိပ်မိပါသည်။ ထက်မင်းအပေါ်လည်း သနားစာနာရပါသည်။ သမီး ပျိုရွယ်စဉ်ကလည်း သမီးနှင့် မောင်ထက်မင်းကို စိတ်ကူးထဲမှာ ယှဉ်တွဲကြည့်ခဲ့မိဖူးပါသည်။ သို့သော် ရွှေဖူးစာက ပါမလာလေတော့ မောင်လင်းနေနဲ့ပဲ ရေစက်ဆုံကာ ထိုတိုတောင်းတဲ့ ရေစက်ကြောင့်ပဲ သမီးခမျာ စောစောစီးစီး မုဆိုးမကလေး ဖြစ်ခဲ့ရရှာတာပင် ...။

ဒေါ်စန္ဒာခိုင်မှာ တောင်တွေး မြောက်တွေး တွေးရင်း သက်ပြင်းတစ်ခါ ထပ်၍ချရလေသည်။

♣ ♣ ♣



♣ ♣ ♣

မှန်ပြတင်းမှ နေ့အလင်းရောင်သည် မုန်းမျက်နှာဆီသို့ လင်းဖြာလာ၏။ မုန်းသည် အိပ်နေရာမှ ခပ်ဖြည်းဖြည်းလူးလွန့်လာကာ မျက်လုံးဖွင့်ကြည့်မိသည်။ အလင်းရောင်ကြောင့် မျက်စိကျိန်းကာ ဖျတ်ခနဲ မျက်လုံးပြန်မှိတ်မိပြီးမှ ဖြည်းဖြည်းပြန်ဖွင့်ကြည့်ရသည်။

မုန်းဘေးမှာ ယုဝါကတော့ အိပ်ပျော်နေတုန်းပင်။ ညက ယုဝါ လာစောင့်အိပ်ပေးတာကိုပင် မုန်းမသိလိုက်ပါ။ မုန်းရဲ့အသိဉာဏ်တွေက ထုံပေပေ ဖြစ်နေပါသည်။

မုန်းက မထသေးဘဲ အိပ်ရာထက်မှာ ဆက်ငြိမ်နေဆဲ ဖုန်းမြည်သံကြောင့် အိပ်ရာခေါင်းရင်း စားပွဲပေါ်က ဖုန်းလေးကို လှမ်းယူကြည့်လိုက်သည်။ ထမင်းဆီက ဖုန်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... မောနင်း ထမင်း ..."

"မောနင်း ... မုန်း၊ နင် နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ငါ ညက နှင့်ပေါ် အန်ချမိတယ် ထင်တယ်၊ ဆောရီးဟာ"

"ရပါတယ် မုန်းရာ၊ အချင်းချင်းတွေပဲ ကိစ္စမရှိပါဘူး၊ ဒါနဲ့ နင် စာသွားယူပြီးပြီလား"

"စာ ... ဘာစာလဲ၊ ဟား ... ကိုးဆီက စာတစ်စောင် ဒီနေ့ရမှာပဲ ...၊ သတိပေးတာ ကျေးဇူးနော် ထမင်း၊ ငါ အောက်ထပ်က စာတိုက်ပုံးကို ပြေးဖွင့်ကြည့်လိုက်ဦးမယ်"

"ဟိတ် ... ဖြည်းဖြည်းဆင်းဦး၊ ပြေးမဆင်းနဲ့နော်၊ နင်တို့ လှေကားထစ်တွေက မှောင်တယ်၊ ခလုတ်တိုက်ပြီး လဲကျနေဦးမယ်"

"အေးပါ ... အေးပါ"

မုန်းက ဖုန်းလေးကို အိပ်ရာပေါ် ပစ်ချခဲ့ပြီး အိမ်နေရင်း ဂါဝန်ပေါ်က ဆွယ်တာအနီလေး ထပ်ဝတ်ပြီး အောက်ထပ်သို့ ခပ်မြန်မြန်ဆင်းလာခဲ့သည်။ မုန်းတို့အခန်းအတွက် ထားသည့် စာတိုက်ပုံးကလေးက မြေညီထပ် လှေကားနံရံမှာ





ချိတ်ထားတာမို့ မုန်းတို့အခန်းအတွက် စာတွေလာတိုင်း စာပို့သမားက ထိုစာတိုက်ပုံးကလေးထဲကိုပဲ ထည့်သွားတတ်တာမို့ပင်။

စာတိုက်ပုံးလေးရှေ့ ရောက်တော့ မုန်းက ကမန်းကတန်း ဖွင့်ပြီး အထဲသို့ အငမ်းမရ ကြည့်မိသည်။

အထဲမှာတော့ ခရမ်းရောင် စာအိတ်ကလေး တစ်လုံးက မုန်းကို ကြိုစောင့်နေပါသည်။

မုန်းက စာအိတ်ကလေးကို ရင်ခွင်မှာကပ်ပြီး အခန်းဆီ ပြန်ပြေးတက်လာသည်။ မုန်း အခန်းထဲပြန်ရောက်သည်အထိ အိပ်ပုပ်မ ယုဝါက မနိုးသေး ...။

မုန်းသည် ခုနစ်လွှာထိ ပြေးတက်လာရတာမို့ မောဟိုက်သော်လည်း မြူးရွှင်နေကာ စာအိတ်ကလေးကို အမြန်ဖွင့်ဖောက်လိုက်ပါသည်။

*ဟိတ် ... ချစ်ချစ်လေး မုန်း ...*

*မနက်အစောကြီး အောက်ထပ်ကိုဆင်းပြီး စာသွားယူရလို့ မောနေပြီလား ...၊ ကိုယ်ရှိနေတုန်းကတော့ အောက်ထပ်ကို ဆင်းစရာကိစ္စရှိရင် ကိုယ်ပဲဆင်းခဲ့တာလေ၊ အခု ကိုယ်မရှိတော့ မုန်း ပင်ပန်းနေမှာ စိတ် မကောင်းပါဘူးကွာ ...။*



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့က စပြီး အလေ့အကျင့် လုပ်တော့နော်...။ အပေါ်ထပ်မှာပဲ တကုတ်ကုတ်နေရင် အညောင်းမိပြီး ကျန်းမာရေး ထိခိုက်လိမ့်မယ်။ မနက်ဆို အောက်ထပ် ဆင်းပြီး ဂျာနယ်တွေ ဝယ်ဖတ်ပေါ့...။ လှေကားထစ်တွေကို ခဏခဏ အတက်အဆင်းလုပ်ရင် ခြေသလုံး ကြွက်သား သန်မာတယ်၊ အမောခံတယ်၊ ကိုယ်လက် လှုပ်ရှား လေ့ကျင့်ခန်း တစ်မျိုးပေါ့...။

ကိုယ်တို့ အိပ်ရာဘေးမှာ ထားဖို့ Table lamp လေး ဝယ်ပြီးပြီလား မုန်း၊ ဒီနေ့ပဲအပြင်ထွက်ပြီး မုန်း စိတ်ကြိုက် Table lamp လေး ရှာဝယ်နော်။

ပြီးတော့... မုန်းနဲ့ သင့်တော်မယ့် အလုပ်တစ်ခု ရှာဖို့ အကြံပေးပါရစေ...။

ကိုယ့်မုန်းလေးက သိပ်တော် သိပ်ထက်တဲ့သူ... ဒီလို မိန်းကလေးတစ်ယောက်က အမြဲ မှိုင်တွေငေးရီနေမယ်ဆိုရင် နှမြောစရာ သိပ်ကောင်းတယ်လေ၊ မုန်းရဲ့ ကိုယ်ပိုင်ဉာဏ်စွမ်းတွေကို အသုံးချဖို့ မုန်း အလုပ်လုပ်ရမယ်။ ကဲ... ဒီနေ့ကစပြီး မုန်း အလုပ်လုပ်ဖို့ ကြိုးစားတော့နော်...။

ကိုယ့်မုန်းလေး မနေ့က သူငယ်ချင်းတွေနဲ့ လျှောက်လည်ရတာ ပျော်ခဲ့ရဲ့လား...။





မုန်းကို ပျော်ရွှင်စေချင်တာဟာ ကိုယ့်ရဲ့ အကြီးမားဆုံး ဆန္ဒတစ်ခုပါ မုန်း။

ဒီနေ့လည်း မုန်း ပျော်ရအောင် လက်ဆောင် တစ်ခု ထည့်ပေးထားတယ်။

ကိုယ့်စာလေး တစ်စောင်က မုန်းကို စောင့်နေလိမ့်ဦးမယ်...။

မုန်းကိုသိပ်ချစ်တဲ့...

ကိုး။

မုန်း နှုတ်ခမ်းလေးတွေက တဖြည်းဖြည်း လူးလွန့်ပြုံးရယ်လာရပါသည်။ ကိုးစာကို ဖတ်နေရတာဟာ မုန်းနားမှာ ကိုး စကားလာပြောနေသလို ခံစားရသည်။ ခုတောင် မုန်းနံဘေးမှာ နွေးနေသည်ဟု ထင်ရသည်။

မုန်းက စာရွက်လေးကို တရိုတသေ ခေါက်နေဆဲ

"မုန်း... ငါ့ကို ပေးဖတ်ဦး"

"ဩော်... ယုဝါ နိုးပြီလား"

"အင်း..."

ယုဝါက အပျင်းဆန့်လိုက်ပြီး မုန်းလက်ထဲက စာကို လှမ်းယူလိုက်သည်။ မုန်းက စာအိတ်ထူထူလေးကို သွန်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ သော့ကလေးနှစ်ချောင်းနှင့် ကတ်ပြားလေးတစ်ပြား ထွက်ကျလာသည်။

ကတ်ပြားပေါ်မှာ လိပ်စာတစ်ခု ရေးထားသည်။ မုန်းက သိချင်ဇောကပ်လာပြီမို့ အမြန်အဝတ်လဲပြီး သော့နှင့် ကတ်ပြားလေးကို စလင်းဘတ်အိတ်ထဲထည့်ကာ အပြင်ထွက်ဖို့ ပြင်လိုက်ပါသည်။

"ဟဲ့ ... မုန်း ... ဘယ်တုန်း"

"ငါ အပြင်သွားမလို့ ..."

"ဟဲ့ ... ငါလည်း လိုက်မယ်လေ"

"နင်မှ မျက်နှာမသစ်ရသေးတာ၊ မစောင့်နိုင်တော့ဘူး၊ သွားပြီ"

"နင်ရော မျက်နှာသစ်ရသေးလို့လား မုန်းစုတ်မရဲ့"

ယုဝါ အော်ပြောတော့မှ မုန်း မျက်နှာမသစ်ရသေးတာကို သတိရသော်လည်း မုန်းက သိချင်စိတ်ဇောလှုပြီမို့ နောက်လှည့်မျက်နှာမသစ်တော့ဘဲ လှေကားထစ်တွေပေါ်မှ အပြေးတစ်ပိုင်း ဆင်းလာခဲ့လေသည်။

♣ ♣ ♣



"ဒီလိပ်စာအရဆိုရင်တော့ ဒီကွန်ဒိုပဲ ကလေးမ"

"ဟုတ်ကဲ့ ... ဦးလေး၊ ဒီမှာ ကားခနော် ..."

မုန်းက ကားခ ပိုက်ဆံထုတ်ပေးပြီး ကွန်ဒိုမီနီယမ် အဆောက်အဦးဘက်သို့ လျှောက်လာခဲ့ပါသည်။ ဒီကွန်ဒိုကြီးရှေ့မှာ မုန်း မကြာခဏ ရပ်မျှော်ကြည့်ခဲ့မိဖူးသည်။ ကိုးနှင့်အတူ ဒီကွန်ဒိုရှေ့မှဖြတ်သွားတိုင်း 'ဒီက ကွန်ဒို တစ်ခန်းလောက် ဝယ်နိုင်ရင် ကောင်းမှာပဲ' ဟု ညည်းတွားမိခဲ့ဖူးသည်။ အဲ့ဒီလို အခန်းမျိုးမှာ မထားရကောင်းလားဟု ကိုးကို မကြာခဏ ရန်လုပ်ခဲ့ဖူးပါသည်။ မိန်းလမ်းမကြီးနဲ့ နီးသော၊ ပတ်ဝန်းကျင် သန့်ရှင်းသော၊ အောက်ထပ်မှာ shopping center ရှိတာမို့



www.burmeseclassic.com

www.burmeseclassic.com



မုန်းလို ရှော့ပင်ထွက်တာ ဝါသနာပါသူအတွက် အလွန်အဆင် ပြေလှသော ဒီကွန်ဒိုကြီးထဲက အခန်းတစ်ခန်းလောက်ကို မုန်း အလွန်မက်မောလိုချင်ခဲ့မိဖူးပါသည်။

မုန်းသည် လိပ်စာကတ်မှာ ရေးထားသည့် အခန် ကို ရှာရင်း ရင်ထဲမှာ ဆတ်ဆတ်တုန်လာသလိုပင်။

အခန်းကို ရှာတွေ့တော့ ပိတ်ထားသည့် အခန် တံခါးရှေ့မှာ မုန်း ခြေစုံရပ်၍ ကြက်သေ သေသွားပါသည်

အခန်းရှေ့မှာ ခရမ်းရောင် သစ်ခွပန်းခြင်းကြီး သံတံခါးမှာ ချိပ်တွဲထားသော ပူစီဖောင်းများ။ အို ... မုန် တစ်ချိန်က အားကျခဲ့မိဖူးတဲ့ ပုံစံအတိုင်းပါပဲလား ...။ ဒါ ဒီတိုက်ခန်းဟာ ...။

မုန်းသည် တိုက်ခန်းတံခါးကို တုန်တုန်ရင်ရင် ဖွင့်လိုက်မိပါသည်။

တိုက်ခန်းထဲကို ဝင်ဝင်ချင်း ပန်းရနံ့ကို ရသည် ဧည့်ခန်းအလယ် စားပွဲပေါ်မှာ နှင်းဆီဖြူတွေ ထိုးထားသည ပန်းအိုးတစ်အိုး။ ပန်းအိုးဘေးမှာတော့ စာအိတ်ကလေး တ အိတ်။ စာအိတ်ကိုဖွင့်ကြည့်တော့ စာတစ်စောင်နှင့်အတူ စာချု တစ်စောင်ကို တွေ့ရလေသည်။





သို့ ...

ချစ်ချစ်လေး မုန်း ...

အခန်းလေးကို ကြိုက်ရဲ့လား ...

မုန်းကို နှစ်နှစ်အတွင်း မုန်းလိုချင်တဲ့ အခန်းမျိုး ဝယ်ပေးဖို့ ကတိပေးခဲ့မိပြီး ခုမှ ဝယ်ပေးနိုင်တဲ့အတွက် တောင်းပန်ပါတယ် ...။

ကိုယ် မုန်းအတွက် ရည်ရွယ်ပြီး ဒီအခန်းလေးကို ဝယ်ဖို့ အရစ်ကျ ငွေသွင်းထားခဲ့တာ။

ကံကောင်းထောက်မလို့ ကိုယ်တို့ အကျိုးဆောင် လုပ်ငန်းက သိန်းထောင်ချီတန်တဲ့ တိုက်တွေ ရောင်းထွက် အောင် လုပ်နိုင်ခဲ့တယ်။ အဲဒီကရတဲ့ အကျိုးဆောင်ခတွေကို စုပြီး တိုက်ခန်းလေးတွေ ဝယ်လိုက် ပြန်ရောင်းလိုက် လုပ်ရင်း ရတဲ့အမြတ်ငွေကို ဖြည်းဖြည်းချင်း စုထားပေးခဲ့တာ ... ကိုယ် မရှိတော့တဲ့နောက်မှာ မုန်း စိတ်ချမ်းချမ်းသာသာ နေနိုင်ဖို့ပါ။

ထမင်းတို့တွေကို အကူအညီတောင်းပြီး ဒီအခန်း လေးမှာ ပြောင်းလာနေတော့နော် ...။

ဒီအခန်းလေးက ကိုယ့်ကိုယ်စား မုန်းကို နွေးထွေး စေပါလိမ့်မယ်။

မုန်းကို သိပ်ချစ်တဲ့ ...

ကိုး။



www.burmeseclassic.com

www.burmeseclassic.com



မုန်းသည် စာရွက်လေးကို ကိုင်ထားရင်း ဦးခေါင်းတစ်ခုလုံး ချာချာလည်နေသည်ဟု ခံစားရသည်။

ဝမ်းနည်းတယ် ကိုး။ ပြီးတော့ ... နောင်တရတယ် ကိုး။ ပိုဆိုးတာက ယူကြုံးမရဖြစ်ရတာပဲ ကိုးရယ်။

ကိုးကို ရန်လုပ်ခဲ့မိတာတွေ ...

အပြစ်တွေ ပြောနေခဲ့မိတာတွေ ...

မုန်း ဘယ်လိုဖြေသိမ့်နိုင်ပါတော့မလဲ ကိုး ...။

ကိုး ... ကိုးရေ

အခု မုန်းနားမှာ ကိုးရှိနေတယ် မဟုတ်လား။ မုန်းရှေ့ကို ထွက်ခဲ့ပေးပါလား။ ကိုး မသေခဲ့ဘူး မဟုတ်လား။ မုန်းအတွက် ပန်းတွေကို ကိုးကိုယ်တိုင် ပြင်ဆင်ပေးထားတာ မဟုတ်လား။ မုန်းကို မလှည့်စားပါနဲ့လား ကိုးရယ်။

မုန်းသည် သွေးကြောတွေအားလုံး အေးခဲသွားသလို ခေတ္တခဏ တောင့်မတ်ငြိမ်သက်နေပြီးမှ လှုပ်လှုပ်ရှားရှား ဖြစ်လာကာ ယုဝါဆီ ဖုန်းလှမ်းခေါ်လိုက်ပါသည်။

"ယု ... ယုဝါ ..."

"ဟဲ့ ... မုန်း ... နင် အခု ဘယ်မှာလဲ"

"ယုဝါ ... ကိုး ... ကိုးလေ ... ကိုး မသေဘူး သိလား"

"မုန်း ... နင် ဘာဖြစ်နေတာလဲ၊ သတိထားဦးလေ"





"ငါ တကယ်ပြောနေတာ၊ ကိုး မသေဘူး၊ သေချာတယ်"

"သတိထားပါဦး မုန်းရယ်"

"ငါ အခု ကိုး ဝယ်ပေးထားတဲ့ ကွန်ဒိုအခန်းမှာ ရောက်နေတယ်၊ ကိုးက အခန်းထဲမှာရော အခန်းပြင်မှာရော ပန်းတွေ အများကြီး ပြင်ပေးထားတယ်"

"မုန်း ... သေချာ ပြန်စဉ်းစားပါဦး မုန်း၊ လင်းနေက နင့်ဆီ စာတွေ ပုံမှန်ပို့ပေးဖို့၊ နင့်အတွက် လက်ဆောင်တွေ စီစဉ်ပေးဖို့ တစ်ယောက်ယောက်ကို ခိုင်းခဲ့နိုင်တာပဲ၊ ဒါကို နင်လည်း နားလည်ပြီးသား မဟုတ်လား၊ နင် စိတ်လျှော့လိုက်ပါ မုန်း၊ လင်းနေ ဒါတွေ စီစဉ်ပေးခဲ့တာဟာ နင် ခုလို ကယောင်ချောက်ချား ယုံမှားနေဖို့ မဟုတ်ဘူး၊ နင့်စိတ်ဖြေသာဖို့နဲ့ တဖြည်းဖြည်း နင့်ဘာသာ ရပ်တည်လာနိုင်ဖို့ ရည်ရွယ်တယ်လို့ပဲ ငါ ထင်တယ်"

ယုဝါ စကားကြောင့် မုန်း ငြိမ်သက်သွားရပါသည်။

ကိုး တကယ် မရှိတော့ဘူးတဲ့ ...။ ဟင့်အင်း ... မယုံဘူး။



www.burmeseclassic.com

www.burmeseclassic.com



မုန်းသည် ထိုင်ခုံတစ်ခုံပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိပါသည်။

ထိုအချိန်တွင် ...

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြောင့် မုန်း ခန္ဓာကိုယ်လေးက တောင့်မတ်သွားသည်။

ဘယ်သူများလဲ ...

မုန်းဆီကို ဘယ်သူလာတာလဲ ... ။

ကိုးလား ....

ကိုးအကြောင်း ပြောပြမယ့် တစ်စုံတစ်ယောက် လား။

မုန်းက ဆတ်ခနဲ ထကာ တံခါးကို အမြန်ပြေးဖွင့် လိုက်သည်။

အခန်းဝမှာတော့ ဘူးလေးတစ်ဘူးကိုင်ထားသော ကောင်မလေးတစ်ယောက် ရပ်တန့်နေပါသည်။

"အစ်မ ... သမီးက ဟိုဘက်ခန်းကပါ၊ အိမ်မှာ မုန့်လုပ် စားလို့ အခန်းနီးချင်းတွေကို လိုက်ဝေပေးနေတာပါ"

"သမီး ... အစ်မ တစ်ခုလောက် မေးပါရစေ ... မနက်က ဒီအခန်းကို ဘယ်သူလာသွားလဲ၊ သမီး မြင်မိလားဟင်"





"သြော် ... မြင်တယ် အစ်မ၊ မနက်က အစ်မကြီး တစ်ယောက် ခဏလာတယ်၊ သူ့လက်ထဲမှာလည်း ပန်း တွေနဲ့ ... အခန်းဝမှာလည်း ပန်းခြင်းကြီး ချသွားတယ်၊ သမီး မနက်က ဈေးထွက်ဝယ်ရင်း သေသေချာချာ တွေ့ လိုက်တာ ..."

"သြော် ..."

မုန်းက သက်ပြင်းငွေ့ငွေ့လေးချရင်း စိတ်ကိုလျှော့ ချလိုက်သည်။

မုန်း လက်ခံရတော့မှာပဲ ... ။

ကိုး မရှိတော့တာကို မုန်း နားလည် လက်ခံရ တော့မယ်။

ကိုးရဲ့ ရည်ရွယ်ချက်ကိုလည်း မုန်း နားလည်သင့် တာပဲ မဟုတ်လား။

မုန်းစိတ်သည် တဖြည်းဖြည်း တည်ငြိမ်လာ၏။

မုန်းသည် အေးချမ်းကြည်မွေ့သော စိတ်ဖြင့်ပင် တိုက်ခန်းကို စတင်ရှင်းလင်း ပြင်ဆင်လေသည်။ ခန်းဆီးတွေ တပ်ဖို့ လိုအပ်သည့် ပစ္စည်းလေးတွေဖြည့်ဖို့ မုန်းတစ်ယောက် တည်း လိုအပ်တာတွေ ရှာဝယ်သည်။ မောသော်လည်း မုန်း



www.burmeseclassic.com

www.burmeseclassic.com



ပျော်သည်။ ကိုးနှင့် ကြင်စဦးမှာ အတူနေဖို့ အခန်းကလေးကို ပြင်ဆင်နေခဲ့တုန်းက ခံစားမှုမျိုးဖြင့် မုန်းရင်ထဲမှာ နွေးနေသည်။

အခန်းပြောင်းဖို့ ကိစ္စတွေလုပ်နေရင်းကပင် မုန်းက မုန်းနှင့် သင့်တော်မည့် အလုပ်တစ်ခုရဖို့ ရှာဖွေနေမိသည်။

မုန်း အလုပ်တစ်ခုခုလုပ်ရင်း ဒီတိုက်ခန်းမှာ အေးအေးဆေးဆေးနေရင်း ကိုးကို တစ်သက်လုံးတ,သသ သတိရနေခွင့်ရလျှင် ကျေနပ်နိုင်ပြီ။

မုန်းသည် တက်ကြွသော ခြေလှမ်းများဖြင့်ပင် နေရာစုံသို့ သွားလာရင်း ကုမ္ပဏီတွေမှာ အလုပ်လုပ်ခွင့်ရဖို့ ကြိုးစားနေခဲ့သည်။

ကိုး ဖြစ်စေချင်သော ဘဝမျိုးကို ရဖို့ မုန်း ကြိုးစားမည်။

ဒါပေမယ့် …

မုန်းဆီကို ပို့နေတဲ့ စာတွေကိုတော့ အချိန်တိုတို အတွင်း ရပ်မသွားစေချင်သေးဘူး ကိုးရယ် … ။

မုန်းဘဝကို တည့်မတ်လမ်းညွှန်ပေးဖို့ ကိုးရဲ့စာတွေကို မုန်း လိုအပ်လို့ပါ။

♣ ♣ ♣



၅

♣ ♣ ♣

နောက်တစ်ပတ်အကြာတွင် မုန်းက ကိုး ဝယ်ပေးခဲ့သော ကွန်ဒိုတိုက်ခန်းလေးသို့ ပြောင်းရွှေ့လာခဲ့ပါသည်။ မုန်း သူငယ်ချင်းတွေအားလုံးက မုန်း အိမ်ပြောင်းသည့်ကိစ္စကို မုန်း ဘာမှမပူပင်ရအောင် လိုက်လံ ကူညီပေးခဲ့ကြသည်။

မုန်းက ကျယ်ပြန့်ရှင်းလင်းသည့် ကွန်ဒိုတိုက်ခန်းရဲ့ ဝရန်တာလေးတွင် စားပွဲနှင့် ခုံပုလေးတွေချကာ သူငယ်ချင်းတွေကို ကျွေးဖို့ ဝယ်လာသည့် ကြက်ဆီထမင်းထုပ်တွေကို ပန်းကန်ထဲသို့ ထည့်ပေးနေရင်း …

"ကဲ … အားလုံးပဲ ဗိုက်ဆာရင် လာခဲ့ကြနော်၊ စားဖို့ အားလုံးရယ်ဒီပဲ"

"ကြက်ဆီထမင်းအပြင် ဘာပါသေးလဲ"

"ရေပဲပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကပ်စေးနဲ့လိုက်တာနော်၊ ငါ အပျိုကြီး ကပ်စေးနဲ့ဖို့များ ထားပါဦးတော့ ..."

နု၊ ထွင့်ခေါင်၊ ယုဝါနှင့် ထမင်းတို့ အားလုံး မုန်းရှိရာ ဝရန်တာလေးသို့ ထွက်လာကြသည်။

အားလုံး ဝိုင်းဖွဲ့စားကြရင်း မုန်းက လမ်းမထက်ဆီ အကြည့်ရောက်သွားသည်။

မုန်းပါးစပ်ထဲ ရောက်လုဆဲဆဲ ထမင်းလုတ်က လေထဲတွင် တန့်သွားကာ ထိုမြင်ကွင်းကို ငေးကြည့်နေလိုက်မိပါသည်။

အသက် ခုနစ်ဆယ်ကျော်အရွယ် အဘိုးအဘွား နှစ်ယောက်က တစ်ဦးကိုတစ်ဦး ဖေးမကာ အတူလမ်းလျှောက် ထွက်လာကြပုံကို ငေးကြည့်ရင်း မုန်းစိတ်မှာ လွမ်းမောဆွတ်ကျင်လာသည်။

"ဟဲ့ ... မုန်း စားလေ၊ ဘာငေးနေတာလဲ ..."

"ဟိုမှာ ကြည့်စမ်းပါဟယ် ... ကြည့်နူးဖို့ကောင်းလိုက်တာ"

မုန်းပြသည့်ဘက်သို့ သူတို့အားလုံး လှမ်းကြည့်လိုက်ကြသည်။

မုန်းက မျက်ရည်လေး ဝဲလာကာ ...

"ငါ သူတို့ကို အရမ်းအားကျတယ်ဟာ၊ ဒီအရွယ်ထိ





နှစ်ယောက်အတူရှိနေခွင့်ရတာ နည်းတဲ့ကုသိုလ်ကံမှ မဟုတ်တာ။ နုနဲ့ ထွင့်ခိုင်လည်း သူတို့လို အဘိုးကြီး အဘွားကြီး ဖြစ်တဲ့အထိ အတူတူရှိနေနိုင်ပါစေလို့ ငါ ဆုတောင်းပါတယ်ဟယ် ..."

မုန်းစကားကြောင့် အားလုံး စိတ်မကောင်းစွာ တွေငြိမ်သွားပြီးမှ ယုဝါက ချောင်းတစ်ချက်ဟန့်ကာ ...

"ငါ့အတွက်ကျ ဆုတောင်းမပေးဘူး"

"နင့်မှာ ယောကျ်ားမှ မရှိတာ ..."

နုက ဝင်ပြောတာမို့ ယုဝါက နုကို မျက်စောင်းထိုးရင်း ...

"မရှိတာ မဟုတ်ဘူး၊ မရှိသေးတာ"

"အဲ့မယ် ... လေကတော့ မလျော့ဘူး"

"ငါ ယောကျ်ားရရင်လည်း တစ်သက်လုံး အတူနေရဖို့ ဆုတောင်းပေးဦးလေ မုန်းရဲ့"

"မုန့်ဆီကြော်ကဖြင့် ဘယ်မှာမှန်း မသိသေးဘဲနဲ့ ..."

"နင်ဝင်မရှုပ်နဲ့ နု၊ ငါ မုန်းကိုပြောနေတာ၊ နော် ... မုန်း ဆုတောင်းပေးမယ် မဟုတ်လား"

"အေးပါ ယုဝါရယ်၊ ဆုတောင်းပေးပါမယ်"

"ခုကတည်းက ကြိုဆုတောင်းပေးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မုန်း ဆုတောင်းပေးလည်း ဆုတောင်း အလကားဖြစ်မှာ သေချာပါတယ်၊ နင်က ယောကျ်ားရမယ့်လူမှ မဟုတ်တာ၊ ဒီလောက် ဂျိုဂျောင်ကျတာ … ပြီးတော့ မြက်နုကလည်း ကြိုက်သေး …"

"ဘာ … ဘာ … ဘာမြက်နုလဲ"

"နင်က အငယ်လေးတွေပဲလျှောက်ကြိုက်နေတာ မဟုတ်လား၊ ဘာအိုမြက်နုကြိုက်ဆိုလား စကားပုံတောင်ရှိသေး"

"နုနော် … နင် … အချင်းချင်း လာနှိပ်ကွပ်မနေနဲ့ …"

နုနဲ့ ယုဝါတို့ ငြင်းခုန်စကားများနေကြတာကို ကြည့်ရင်း မုန်းစိတ်မှာ နည်းနည်းပေါ့လာပါသည်။ မုန်း သူငယ်ချင်းတွေ အားလုံးက မုန်းကိုပျော်စေချင်မှန်း သိတာမို့ မုန်းက သူတို့နှင့်အတူ ပျော်ပျော်ပါးပါး စားသောက်စကားပြောနေလိုက်သည်။

သူတို့ပြန်သွားတော့ မုန်းတစ်ယောက်တည်း တိုက်ခန်းထဲမှာ ခြောက်ခြောက်သွေ့သွေ့ ကျန်ရစ်ခဲ့သည်။

မုန်းက ဧည့်ခန်းထိုင်ခုံမှာ ခပ်ငေါင်ငေါင် ထိုင်နေဆဲ မာမီ့ဆီမှ ဖုန်းဝင်လာပါသည်။

"သမီး … မုန်း … ပြောင်းရ ရွှေ့ရတာ အဆင်ပြေရဲ့လား"





"ဟုတ်ကဲ့ … ပြေပါတယ် မာမီ"

"မာမီ ဆိုင်ပိတ်တာနဲ့ လာခဲ့မယ်"

"ဒီနေ့တော့ မလာပါနဲ့တော့ မာမီရယ်၊ မာမီပင်ပန်းပါတယ်၊ မနက်မှပဲ ဝင်လာတော့လေ"

"သမီး တစ်ယောက်တည်းလား၊ ယုဝါ လာမအိပ်ဘူးလား"

"သူ့ဒက်ဒီ နေသိပ်မကောင်းလို့ သူ ဒီညတော့ လာမအိပ်ဖြစ်ဘူး မာမီ၊ သမီး တစ်ယောက်တည်း အိပ်ရဲပါတယ်၊ စိတ်မပူပါနဲ့"

"အေးလေ … ဒါဆိုလည်း မာမီ မနက်မှပဲ လာပါတော့မယ်"

မာမီ ဖုန်းချသွားသည်။

မုန်းက ဧည့်ခန်းဆိုဖာပေါ်မှာ ခွေခွေလေး လှဲချလိုက်ပြီး မျက်လုံးမှိတ် ငြိမ်သက်နေသည်။ ခဏကြာတော့ မုန်း မေ့ခနဲ အိပ်ပျော်တော့မလို ဖြစ်သွားစဉ် …

"အခန်းသစ်လေး ကြိုက်ရဲ့လား မုန်း …"

ကိုးအသံကို ကြားလိုက်မိတာမို့ မုန်းမျက်လုံးတွေကို ဖျတ်ခနဲ ဖွင့်ကြည့်မိသည်။ အို … မုန်း စိတ်ကထင်ယောင်မှားနေခဲ့တာပဲ …။ မုန်းနားမှာ ကိုးမှမရှိဘဲ။



www.burmeseclassic.com

www.burmeseclassic.com



မုန်းသည် အခန်းသစ်လေးထဲကို ဝေ့ဝဲကြည့်ရင်း ကိုးအသံလေးတွေကို ကြားမိ ကြားမိနေရလေသည်။

♣ ♣ ♣

"တော်တော် အသစ်မက်တာပဲနော်၊ တစ်နေ့တစ်နေ့ စလင်းဘတ် အသစ်၊ ဖိနပ် အသစ်၊ အကျီ အသစ် စကတ် အသစ်၊ အသစ် အသစ်စကားတွေပဲ ကြားကြား နေရတယ်၊ အဲ့ဒီလို အသစ်မက်ပုံမျိုးနဲ့တော့ ယောကျ်ား တောင် အသစ်လိုချင်နေပြီလား မသိဘူး"

"ကိုးနော် ..."

မုန်းက ဝယ်လာသည့် ဖိနပ်သစ်ကို စီး၊ အိတ် အသစ်ကိုလွယ်၊ အကျီသစ်ကို ဝတ်ကြည့်ရင်း ကိုးရှေ့မှာ လှ သလားနေတာမို့ ကိုးက မုန်းကိုလှမ်းကြည့်ရင်း ထေ့ထေ့ငေ့ ငေါ့ပြောလိုက်တာပင်။

မုန်းက ခြေတစ်ချက် ဆောင့်ရင်း ကိုးကို မျက် စောင်းထိုးကြည့်မိသည်။ ကိုးက ခုနပြောတာ သူမဟုတ်သလ ပုံစံမျိုး ခပ်တည်တည်ဖြင့် သူ့ရှေ့က တီဗီကိုပဲ အာရုံစိုက်ကြည့် နေသည်။

မုန်းက ကိုးကို အမြင်ကတ်ကတ်နှင့် ပညာပြ





လာရကာ တီဗီကို ကိုး ကောင်းကောင်းမမြင်ရအောင် တီဗီရှေ့ ကနေ အခေါက်ခေါက်အခါခါ ဖြတ်လျှောက်နေလိုက်သည်။

"မုန်း ... တော်တော့ကွာ၊ ကိုယ် ဒီမှာ ဘောလုံးပွဲ ကြည့်နေတာ"

"ကြည့်ပေါ့ ... ကိုး ဘာသာကြည့်တာ မုန်းနဲ့ဘာဆိုင်လဲ ..."

"မုန်း ခဏခဏ ဖြတ်လျှောက်နေတော့ ကိုယ် ကောင်းကောင်း မမြင်ရတော့ဘူး"

"တီဗီကို မမြင်ရရင် မုန်းကိုပဲကြည့်ပေါ့ ..."

"နေ့တိုင်း ကြည့်နေရတာ ဘာဆန်းလို့တုန်း"

"အခုက အသစ်တွေအများကြီးနဲ့ မုန်း ပိုလှနေတယ်လေ"

"ကဲ ... မုန်းကို ကြည့်စေချင်ရင်လည်း ယောကျ်ားသစ်ရမှ ကြည့်ခိုင်းတော့ကွာ၊ ကိုယ်ကတော့ ရိုးနေလို့ မကြည့်ချင်သေးဘူး"

"ဘာ ... ဘာ ... ကိုးနော် ... ကိုးနော်"

မုန်းက ကိုးထံ လှစ်ခနဲ ပြေးသွားပြီး ကိုးကို မုန်းခန္ဓာကိုယ်နှင့် တအားပစ်တိုက်တွန်းလှဲလိုက်ပါသည်။ ကိုးက တဟားဟား အော်ရယ်ရင်း အတင်းရုန်းကန်နေသည်။ မုန်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါင်းအုံးတွေ၊ မုန်းရဲ့ မွေးပွအရုပ်တွေဖြင့် ကိုးကို တအားဖိထားလိုက်သည်။

ကိုးက ပထမတော့ ရယ်ရင်း တအားရုန်းနေသည်။ ခဏနေတော့ ရုတ်တရက်ကြီး ပျော့ခွေ ငြိမ်ကျသွားပါသည်။ မုန်းသည် လန့်သွားကာ ကိုးကိုယ်ပေါ်က ခေါင်းအုံးတွေ အရုပ်တွေကို ကမန်းကတန်း ဆွဲဖယ်လိုက်ရင်း ...

"ကိုး ... ကိုး ... ဘာဖြစ်တာလဲ၊ အသက်ရှုကျပ်သွားလို့ လားဟင် ... ကိုး"

မုန်းက ကိုးခန္ဓာကိုယ်ကို လှုပ်ကာ လှုပ်ကာ ခေါ်သော်လည်း ကိုးက ခွေခေါက်ငြိမ်သက်နေမြဲမို့ မုန်း လန့်လာကာ

"ကိုး ... ကိုး ... အမလေး ဒုက္ခပါပဲ၊ ကိုး သေပြီလား မသိပါဘူး၊ ကိုးရေ ... အီးဟီး ..."

မုန်းက ဝမ်းနည်း ထိတ်လန့်လာကာ တဟီးဟီး အော်ငိုလိုက်တော့မှ ကိုးဆီမှ အသံထွက်လာသည်။

"မငိုနဲ့လေ ... ယောကျ်ားယောင်း သေရင် ယောကျ်ားသစ် ရမှာမဟုတ်လား၊ အသစ်ဆို သဘောကျတယ် မဟုတ်လား"

"ဟင် ... ကြည့်စမ်း၊ ကိုးစုတ် ကိုးပဲ့ ..."

မုန်းသည် မျက်လုံးမဖွင့်ဘဲ ပြုံးစိစိပြောလိုက်သော





ကိုးကို စိတ်ရှိတိုင်း ထုရိုက်ပစ်လိုက်မိသည်။ ကိုးက မုန်းလက်တွေကို ဖမ်းချုပ်တွေးဖက်ထားလိုက်ပြီး မုန်းရဲ့ ပခုံးလေးပေါ် ခေါင်းတင်ကာ မုန်းနားနားကပ်၍တိုးတိုးကလေးမေးလိုက်သည်။

"မုန်း ... ခုန ကိုယ် တကယ်သေသွားရင် မုန်း ဘာဖြစ်သွားမလဲဟင် ..."

"မုန်းလည်း လိုက်သေမှာပဲ ..."

"ဟုတ်လည်း မဟုတ်ဘဲနဲ့ကွာ၊ ကိုယ်သေရင် မုန်း ယောကျ်ားအသစ်ယူမှာ မဟုတ်ဘူးလား"

"ကိုးနော် ... မဟုတ်တာမပြောနဲ့၊ ဖယ် ... ဖယ်"

"ဒီအတိုင်း ငြိမ်ငြိမ်လေး နေပေးပါ မုန်းရာ၊ ကိုယ် မုန်းကိုဖက်ထားရရင် စိတ်ချမ်းသာလို့ပါ"

မုန်းပခုံးကို သူ့မေးစေ့ဖြင့် မသိမသာလေး ကျိတ်ဖိထားရင်း ပြောလိုက်တာမို့မုန်းက ငြိမ်နေလိုက်ရသည်။ သူ့ထံမှ နွေးညှဲ့မှုကို ခံစားလိုက်ရတာမို့ မုန်းရဲ့ ကောက်ချင်နေသော စိတ်ကလေးလည်း ပြေသွားသည်။ သူက တိုးတိုးကလေး ဆက်ပြောပါသည်။

"ကိုယ်သေရင် မုန်း လိုက်သေမှာပဲဆိုတဲ့ ကလေးအတွေး မျိုး ဘယ်တော့မှ မတွေးနဲ့နော် မုန်း၊ ကို အရင်သေသွားလည်း မုန်း ဆက်ရှင်သန်ရမယ်၊ အဲဒီလို ဆက်ရှင်သန်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အချိန်တွေမှာလည်း ကိုယ့်ကို အချိန်ရှိသရွေ့ တမ်းတ လွမ်းဆွတ်နေတာမျိုး မဖြစ်ရဘူး၊ ဘဝမှာ လုပ်သင့်လုပ်ထိုက်တာတွေကို ပုံမှန်အတိုင်း ဆက်လုပ်ရင်း ပျော်ပျော်ရွှင်ရွှင် အဓိပ္ပာယ်ရှိရှိ နေထိုင်သွားရမယ်"

"အာ ... ကိုးကလည်းကွာ၊ သေစကားတွေ မပြောစမ်းပါနဲ့ကွာ"

"လူဆိုတာ သေမျိုးချည်းပဲ မုန်းရ..."

"သေကာမှ သေရော၊ ခုတော့ အဲဒါမျိုးတွေ မကြားချင်သေးဘူး"

"အေးပါ ... အေးပါ၊ မကြားချင်ရင် မပြောတော့ပါဘူး"

ကိုးက မုန်း ဆံပင်တွေကို နမ်းရှိုက်ပြီး မုန်းခန္ဓာကိုယ်လေးကို လွှတ်ပေးလိုက်သည်။ ပြီးတော့ မုန်းခေါင်းလေးကို တစ်ချက် ပုတ်လိုက်ရင်း ပြုံးစိစိဖြင့် မုန်းကိုကြည့်ကာ ...

"ကိုယ်လည်း အသစ်ကြိုက်တာပဲ မုန်းရ၊ ဒါပေမယ့် ကိုယ်က မုန်းလို ဟိုဟာလည်း အသစ်၊ ဒီဟာလည်း အသစ် ကြိုက်တတ်တဲ့သူမျိုး မဟုတ်ဘူး၊ ကိုယ် အသစ်လိုချင်တာဆိုလို့ တစ်ခုပဲရှိတယ်"

"ဘာလဲ ..."

"မယားသစ်"





"ဟင် ... ကြည့်စမ်း၊ ကဲ ... ကဲ"

မုန်းက ကိုးကို မုန်းနှာခေါင်းက အရုပ်တွေဖြင့် ကောက်ခေါက်လိုက်ပြီး ကိုးကို ကျောခိုင်း၍ ခါးထောက်ရပ်လိုက်သည်။

"ဟွန့် ... ဒီလိုကြေးဆို မုန်းကလည်း ယောကျ်ားသစ်ယူဖို့ စဉ်းစားမှဖြစ်တော့မယ်"

"ဟား ... ဟား ... စဉ်းစား ... စဉ်းစား"

"ရယ်သံကြီးကိုက အမြင်ကတ်စရာ ကောင်းလိုက်တာ"

ကိုး အော်ရယ်တော့ မုန်းက တွန်းလှဲလိုက်သည်။ ကိုး ကြမ်းပြင်ပေါ် လဲကျသွားတော့ မုန်းက ကိုးကို ခုန်အုပ်ပြီး ဝန်းလုံးပစ်လိုက်လေသည်။

"ဟ ... ဟ ... မုန်း ဘာလုပ်တာလဲ၊ ယားတယ်ကွ"

"လာခဲ့ ... ပေါက်ကရပြောတဲ့ လူကြီး၊ သတ်ပစ်မယ် လာထား"

"ဟ ... လွယ်လွယ်နဲ့ သတ်လို့ရမတဲ့လားကွ၊ လာထား"

မုန်းတို့နှစ်ယောက် ကြမ်းပြင်ပေါ်မှာ လူးလိမ့်လုံးထွေး သတ်ပုတ်လို့ မောတော့မှ ကြမ်းပြင်ပေါ်မှာပဲ ပက်လက်ကလေးတွေ လှဲရင်း ရယ်မောနေမိကြသည်။ နောက်တော့ ထိုပုံစံအတိုင်း လက်နှစ်ဖက်ကို ဆန့်တန်းကာ လက်ဖျားကလေးတွေချင်း လှမ်းထိထားရင်း အိပ်ပျော်သွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနေ့ဟာ ကိုးက သူ့ရောဂါအကြောင်း သိလာသည့် နေ့ဖြစ်သည်။ ဘာမှမသိလေသော မုန်းကတော့ ကိုးရဲ့ စကားတွေထဲက အရိပ်အယောင်တွေကို မသိမရိပ်မိခဲ့။ အဲ့ဒီနေ့ အကြောင်းပြန်တွေးတိုင်း မုန်းရင်ထဲမှာ နာကျင်မိတတ်လေသည်။

♣ ♣ ♣

မုန်းသည် ဆိုဖာပေါ်မှ ထလာပြီး ကြမ်းပြင်ပေါ်မှာ ညင်သာစွာပင် ပက်လက်လှဲလျောင်းလိုက်ပါသည်။ ပြီးတော့ မျက်လုံးစုံမှိတ်လျက် မုန်းရဲ့ လက်တစ်ဖက်ကို ဘေးဘက်သို့ ဆန့်တန်းထားလိုက်သည်။ ကိုးလက်ဖျားတွေနဲ့ ထိတွေ့ထား သလို အထိအတွေ့မျိုးကို ခံစားနေသည်ဟု မုန်း စိတ်မှာ ထင်လာသည်။

မုန်း မျက်စိတွေကို မှိတ်ထားပြီး ကိုးအကြောင်း တွေးသည်။ ကိုးအသံကို ကြားယောင်သည်။ မုန်းနားမှာ ကိုး ရှိနေသလို နွေးထွေးလာသည်။

မုန်း မျက်ဝန်းအိမ်ထောင့်စွန်း တစ်ဖက်စီမှ မျက် ရည်စုကလေး နှစ်စက်ကတော့ ကြမ်းပြင်ဆီ လိမ့်ဆင်းလျှော ကျသွားခဲ့ပါသည်။

♣ ♣ ♣



# ဒီဇင်ဘာ

www.burmeseclassic.com

www.burmeseclassic.com

❧ ❧ ❧

သို့ . . .

ကိုယ့် နတ်သမီးလေး မှန်း . . .

ခုလောက်ဆို တိုက်ခန်းသစ်မှာ နေသားတကျ ဖြစ်နေလောက်ပြီပေါ့။

တိုက်ခန်းကို သဘောကျတာနဲ့ အခန်းချည်း အောင်းမနေနဲ့ဦး။

ဒီည . . . သူငယ်ချင်းတွေခေါ်ပြီး ကိုယ်တို့သွားနေကျ ကော်ဖီဆိုင်လေးကို သွားလိုက်နော်။

အဲဒီဆိုင်လေးကို မှန်း မှတ်မိတယ် မဟုတ်လား၊ ကိုယ်တို့ အတူသွားခဲ့ဖူးတယ်လေ . . . ။ အဲဒီမှာ unplugged show လည်း ရှိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မုန်း အဲဒီကို သွားလိုက်ရင် စိတ်တွေလန်းဆန်းသွားလိမ့်မယ်။ ဒီညပဲ ဆက်ဆက်သွားလိုက်နော်။ လှလှလေးပြင်သွားဖို့လည်း မမေ့နဲ့နော်။

မုန်းကို သိပ်ချစ်တဲ့ ...

ကိုး။

♣ ♣ ♣



BURMESE CLASSIC .com

♣ ♣ ♣

မုန်းသည် ညနေကမှ သွားကောက်လာသော ...င်အခွေလေး တစ်လှုပ်လှုပ်ဖြင့် မီးရောင်ပျပျလေးသာ လင်းနေ ...သာ ကော်ဖီဆိုင်ထဲသို့ သူငယ်ချင်းတွေနှင့်အတူဝင်လာပါသည်။

မုန်းပုံစံက လွန်ခဲ့သော သုံးလတုန်းက ပုံစံမျိုးနှင့် ...ဘင် မတူတော့ဘဲ နှမ်းနယ်ဟန်ကလေးလျော့ကာ လန်းဆန်း ...ကြည်လင်နေသည်။

"ဟဲ့ ... မုန်း ဒီတစ်ခါ ဘာက ဘယ်လိုရောက်လာသလဲ"

"တို့အခန်းတွေရဲ့ လုံခြုံရေးအစောင့် ဦးလေးကြီး လာပေးသွားတာ၊ သူ့ကို မိန်းကလေးတစ်ယောက် လာပေးသွားတာတဲ့၊ ငါ့အခန်းနံပါတ်နဲ့ ငါ့နာမည်ကို ပြောပြီး ပေးခိုင်းခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူများလဲ၊ သိချင်လိုက်တာဟယ်"

"ငါလည်း သိချင်တယ်လေ"

"နှင် ဟိုတစ်ခါပြောတော့ တိုက်ခန်းကို လာသွားတယ် ဆိုတဲ့ တစ်ယောက်ကလည်း မိန်းကလေးပဲဆို၊ ခု ဓ လာပေးတဲ့ တစ်ယောက်ကလည်း မိန်းကလေးပဲဆိုတော့ အဲဒီနှစ်ယောက်က တစ်ယောက်တည်း ဖြစ်နေနိုင်တယ်"

"ငါလည်း ဒီလိုပဲ တွေးမိတယ်"

"ဘယ်သူများလဲ"

"စောင့်ဖမ်းလို့လည်း မရ..."

"အေးနော်"

မုန်းတို့ သူငယ်ချင်းတွေ ထောင့်နားကျကျ စား ဝိုင်းလေးမှာ ဝင်ထိုင်၊ အစားအသောက် မှာထားပြီး စကားတွေ အလုအယက် ပြောနေမိကြပါသည်။

ထမင်းက မုန်းကို ခပ်ငေးငေးလေးကြည့်ရင်း မုန်း မျက်နှာလေး လန်းလာသည့်အတွက် ပီတိဖြစ်နေသည်။ ခဏ တော့ မုန်း အခန်းဝရန်တာအကြောင်း စဉ်းစားမိသွားကာ...

"မုန်း...ဝရန်တာဘက်ကို ထွက်ထွက်မရပ်နဲ့နော်"

"ဘာဖြစ်လို့လဲ..."





"ဝရန်တာ လက်ရန်းက နည်းနည်းနိမ့်နေတယ်လေ၊ အရှိန်လွန်ပြီး ပြုတ်ကျမှာ ကြောက်ရတယ်"

"ငါ ကလေးမဟုတ်ပါဘူး ထမင်းရယ်"

"ကလေးမဟုတ်လို့ ပြောနေရတာပေါ့၊ ကလေးအရပ်နဲ့ ဆို ဝရန်တာက မြင့်နေတော့ အရှိန်လွန်ပြီး ပြုတ်ကျဖို့ မရှိတော့ဘူး"

"ပူတတ်ရန်ကောဟယ်...ငါက ရိုးရိုးပဲ ရပ်မှာ၊ ဆော့ ပြီး ရပ်မှာမှမဟုတ်တာ၊ ပြုတ်ကျစရာ အကြောင်းမရှိပါ ဘူး"

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဝရန်တာ ပတ်ပတ်လည်ကို သံပန်းတော့ ခပ်ပစ်မှဖြစ်မယ်၊ နှင် အဲဒီအခန်းကို ပြောင်း တဲ့နေ့ကတည်းက ငါက သံပန်းခတ်ဖို့ စိစဉ်လိုက်ချင် တာ၊ နှင်က ခွင့်မပြုလို့သာ"

"ငါ့အိမ်မှာ ကလေးသူငယ်လည်း မရှိ၊ ခွေးသူငယ်လည်း မရှိဘဲနဲ့ သံပန်းကြီး ခတ်မပစ်ချင်ပါဘူး၊ ဒီအတိုင်း လေဟာနယ်ကလေးလို ဖြစ်နေတာက ပိုပြီး လွတ်လွတ် လပ်လပ် လေညှင်းခံလို့ ကောင်းပါတယ်"

"ဒါပေမယ့်..."

www.burmeseclassic.com



"ဒါပေမယ့် ဘာဖြစ်လဲ၊ ငါ စိတ်ရှုံးပေါက်ပြီး ဝရုန်းတာက ခုန်ချမှာစိုးလို့လား၊ စိတ်ချ ... လင်းနေရဲ့ ဇနီးက ဒါမျိုးမလုပ်ဘူး၊ ကိုးကလည်း လုပ်ခွင့်မပေးဘူး၊ ငါ အခု လောကကြီးမှာ နေသာထိုင်သာလေး စ,ရှိလာပြီ၊ ကိုးစာတွေက သူမရှိလည်း ငါ နေတတ်ဖို့ သင်ပေးနိုင်တယ်လေ"

မုန်းက ကြည်ကြည်လင်လင်လေး ပြောနေတာမို့ ထက်ခင်း စိတ်အေးသွားရပါသည်။

ယုဝါကတော့ ပေါ့ပေါ့ပါးပါး နေတတ်သူမို့ သူ့စိတ်တိုင်းကျ အစားအသောက်တွေ မှာပြီးတာနှင့် ဆိုင်ထဲဝင်လာသည့် ကောင်လေးချောချောလေးတွေကို လိုက်ငေးနေပါသည်။ နုက ယုဝါကို မျက်စောင်းထိုးကာ ...

"တွေ့လား ... ဒေါ်ယုဝါတို့က မျက်လုံးကို မငြိမ်တာ"

"ကြည့်ကောင်းလို့ ကြည့်တာ ဘာဖြစ်လဲဟယ်"

"ကြည့်လည်း မသိမသာကြည့်ပေါ့ဟဲ့၊ ခု နင်ကြည့်နေတဲ့ပုံက သိသိသာသာကြီး၊ ဟိုကောင်လေးတွေက ဒီအန်တီကြီး ဘာလိုက်ကြောင်နေလဲလို့ ထင်သွားလိမ့်မယ်၊ ငါလေ နှင့်ကို ကိုရည်မွန်နဲ့သာ ပေးစားပစ်လိုက်ချင်တော့တာပဲ"





"ဟမ် ... ဘာဆိုင်လို့လဲ၊ အခြောက်ကြီးကို ငါက ဘာလုပ်ရမှာလဲ"

"သူတစ်ဖက်သားကို မသေချာဘဲ ရမ်းမစွပ်စွဲပါနဲ့ဟယ်"

"သေချာလောက်ပါတယ်ဟယ် ...၊ သူ့ကြည့်ရတာ အရမ်းနွဲ့တာပဲ၊ ပြီးတော့ မုန်းလည်း ပြောဖူးသားပဲ၊ သူက လင်းနေကို တအားကပ်တာပဲဆို ..."

"ငယ်သူငယ်ချင်းချင်း အရမ်းခင်တာနေမှာပါဟယ်၊ သူ့ဘာသာ အလှကြိုက်လို့ နုနုရွရွပုံမျိုး ပေါက်နေတာကိုတော့ အခြောက်လို့ မစွပ်စွဲသင့်ပါဘူး"

"ဒါပေမယ့် အခြောက်မဟုတ်လည်း ငါက အဲ့ဒီအရွယ်ဆို စိတ်မဝင်စားဘူး"

"မှားပါတယ်"

ယုဝါနှင့် နုတို့ပြောနေသော စကားတွေကို ထွင်ရှိခိုင်က နားငြီးလာပုံရကာ ...

"နင်တို့ မိန်းကလေးချင်း တွေ့ရင် ယောကျ်ားလေးတွေအကြောင်း အတင်းတုတ်မယ်၊ ဒါပဲမဟုတ်လား၊ နားငြီးလာပြီ၊ ယုဝါ နင် ယောကျ်ားယူမယ်ဆိုလည်း ယူလိုက်တော့ဟာ၊ နင်မယူမချင်း ညဥ့်နက်သန်းခေါင်မရှောင်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့အိမ် လာလာလည်နေတာ အနှောင့်အယှက်ဖြစ်တယ်”

“အံမယ် … အံမယ် …၊ အေး … မှတ်ထား … နောက်ဘယ်တော့မှ လာမလည်ဘူး၊ ငါဘာသာ မုန်းအိမ်သွားအိပ်မယ်”

“စိတ်ကောက်သွားတာလား၊ ချော့မယ့်လူလည်း မရှိဘဲနဲ့၊ နုရေ … ချော့မယ့်လူ ရှာပေးလိုက်ပါဦး”

“ထွင့်ခိုင်နော်”

ထွင့်ခိုင်က ယုဝါကို စ,နေရာမှ မုန်းကို လှမ်းကြည့်လိုက်ရင်း …

“မုန်း … နင် အလုပ်ရှာနေတာရော ဘယ်လိုအခြေအနေရှိလဲ”

“စိတ်တိုင်းကျအလုပ် မတွေ့သေးတော့ ရှာနေရတုန်းပေါ့ဟယ်”

“နင့်စိတ်တိုင်းကျအလုပ်က ရှိဦးမှာလား”

“ဟဲ ဟဲ … ရှိတော့ရှိတယ် ရှားတယ်ဟ”

“နင်သုံးဖို့ ပိုက်ဆံရော ရှိသေးရဲ့လား”

“ရှိသေးတယ် …၊ ကိုး ဘဏ်မှာသွင်းပေးခဲ့တဲ့ ပိုက်ဆံ





ရှိသေးတယ်၊ ငါလည်း ချွေချွေတာတာ သုံးပါတယ်၊ မာမီကလည်း လိုရင်ပေးမယ် ပြောပြီးသားပါ၊ ဒါပေမယ့် ငါက အလုပ်မလုပ်ဘဲတော့ ထိုင်မစားချင်ပါဘူး၊ အလုပ်မရှိတော့ စိတ်လေတယ်လေ၊ ကြုံရာအလုပ်ကျတော့လည်း မလုပ်ချင်ဘူး၊ ငါ ဝါသနာပါတဲ့အလုပ်မျိုးပဲလုပ်ချင်တာ”

“နင်က ချေးကိုများပါတယ်ဟာ၊ နင့်အမေဆိုင်မှာ စာရင်းကိုင်ဖြစ်ဖြစ် ဝင်လုပ်ရင်လည်း ရရက်သားနဲ့”

“အမလေး … စာရင်းဇယားတွေ စိတ်ကုန်လွန်းလို့၊ ငါက ဖန်တီးမှုပါတဲ့ အနုပညာဆန်ဆန် အလုပ်မျိုးပဲ လုပ်ချင်တာ၊ ပြီးတော့ အလုပ်ရှင်က ငါ လေးစားလောက်တဲ့ အရည်အချင်းမျိုး မရှိရင်လည်း အဲဒီလိုလူရဲ့ လက်အောက်မှာ မလုပ်ချင်ဘူး၊ ဟဲဟဲ … ငါက ဆရာကြီးဆန်ဆန် အလုပ်မျိုးပဲ လုပ်ချင်တာ”

“ဟုတ်လား … ကိုရီးယားမှာ ဂိုဏ်းစတား သွားလုပ်လိုက်ပါလား”

နုရဲ့ ခပ်ငေါ့ငေါ့အပြောကြောင့် မုန်းက ပြုံးမိနေဆဲ[…]န်းကို ကြက်သီးမွေးညှင်း စိတ်ဖြာအောင် ဆွဲဆောင်နိုင်သည့်[…]ချင်းသံကလေးကို ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးအုံ့လို့ သစ်ရွက်ကလေးတွေငြိမ်နေရင် တိမ်တွေပြိုတော့မှာ ကြိုသိတယ် x x x ဝါဆိုရယ် သိပ် သတိရမိတယ်၊ ပုန်းညို တို့ ရောက်ရှိကြောင်းကို ကြော်ငြာကာ ငွေမှုန် ငွေစ ရွာတော့ကွယ် x x x ဝါဆိုရယ် သိပ်သတိရမိတယ် x x x"

မုန်းသည် အသံလာရာ စင်မြင့်လေးဆီသို့ ချာခ လှည့်ကြည့်လိုက်မိ၏။

မုန်းမသိတဲ့ အဆိုတော်အသစ်ကလေးက အော်က လေးကို တီးရင်း ထိုသီချင်းကို သီဆိုနေခဲ့တာ ဖြစ်သည်။

မုန်းမှာ ထိုအဆိုတော်ကလေးကို ငေးကြည့်ရင်း ငြိမ်သက်စွာ မျောလွင့်နေလေသည်။

ဝါဆို ...။

မုန်းတို့ ချစ်သူနှစ်ဦးမှာ ဝါဆိုလနှင့် ထိုသီချင်း လေးက အထင်ကရ ရှိလှလေသည်။

မုန်းရဲ့ မျက်ဝန်းထဲမှာ ကော်ဖီဆိုင်လေးထဲက လူတွေ၊ အရာဝတ္ထုတွေကိုလည်း မမြင်မိတော့။ စင်မြင့်ပေါ်က အဆိုရှင်ကိုလည်း မမြင်မိတော့ဘဲ မိုးရေထဲမှာ ပြေးလွှားနေသည့် ကောင်လေးနှင့် ကောင်မလေး နှစ်ယောက်ကိုသာ မြင်မိတော့ သည်။

♣ ♣ ♣



အဲဒီတုန်းက မိုးတွေ အရမ်းရွာနေခဲ့သည်။

ကျောင်းကအပြန် လမ်းကလေးတစ်ခုပေါ်မှာ မုန်း နှင့် ကိုးတို့ ထီးကိုယ်စီဆောင်း၍ မြေနီလမ်းလေးအတိုင်း လျှောက်ပြန်လာခဲ့ကြတာကို မုန်း မှတ်မိနေသည်။ ကျောင်းမှာ ဝါဆိုလအကြောင်း စာစီစာကုံး ရေးဖို့ ဆရာသင်ပေးလိုက်တာ မို့ အဲဒီလဟာ ဝါဆိုလဟု မုန်းတို့ အမှတ်ရနေခဲ့ကြသည်။

"လင်းနေ ... ငါစိတ်ညစ်တယ်ဟ ..."

"ဘာလို့လဲ မုန်းရ ..."

မုန်းက စူပုပ်ပုပ်လေးပြောတာမို့ လင်းနေက စိတ် ဝင်စားဖြင့် မုန်းကိုလှမ်းကြည့်ရင်း မေးသည်။ မုန်းက ရေဝပ် နေသော ချိုင့်တွေထဲကို ခြေကို ဆောင့်ကာ ဆောင့်ကာ နင်း လျှောက်နေရင်း ...

"ဆရာက စာစီစာကုံးကို ဒီညအပြီးရေးခိုင်းလိုက်တာ၊ ဘယ်လိုလုပ်ပြီးမှာလဲ၊ သင်္ချာလည်း တွက်ရဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝါဆိုလအကြောင်း ရေးတာများ ဘာခက်လို့လဲ၊ အ
လက ဝါဆိုလလို့ ဆရာပြောလိုက်တယ် မဟုတ်လာ
နင် မြင်သမျှ ကြားသမျှကို ချရေးပေါ့ ..."

"ဘယ်လိုရေးရမှာလဲ ..."

"အခု မိုးတွေရွာနေတာ၊ အပင်တွေ စိမ်းနေတာ၊ ပန်းေ
ပွင့်နေတာ အဲဒါတွေ ထည့်ရေးပေါ့"

"နင်ရေးပေးပါလား"

"နင့်ဘာသာရေးပေါ့ ...၊ တစ်စီတကုံးရေးတာ နှစ်ယော
တူနေရင် ဘယ်ကောင်းမလဲ"

"နင် တော်တော်ကြီးကျယ်တယ်၊ ကဲ ... ကဲ"

"ဟ ... ဟ ... ငါ့ကို စိုကုန်ပြီဟ"

"ဟာဟ ... ကောင်းတယ်၊ စိုပစေ"

မုန်းက လင်းနေကို မျက်စောင်းထိုးလိုက်ပြီး ေ
အိုင်ကလေးတစ်ခုထဲ တအားဆောင့်နင်းလိုက်တာမို့ လင်းေ
ကို ရေတွေစင်သွားသည်။ လင်းနေက ရှောင်သည်။ မုန်း
ရယ်မောလျက် တစ်အိုင်ပြီး တစ်အိုင် လိုက်နင်းရင်း လင်းနေ
စိုအောင်လိုက်လုပ်နေသည်။ ထိုခဏမှာ မြေနီလမ်းရဲ့ နံဘေ
လက်ဖက်ရည်ဆိုင်ကလေးဆီက လွင့်လာသော သီချင်းသ





ကလေးကို ကြားလိုက်ရလေသည်။ မြန်မာ့သံ ဝါရင့် အမျိုးသမီး
အဆိုတော်ကြီးရဲ့ ကြည်လင်သောအသံကလေးကြောင့် မုန်းရော
လင်းနေပါ မြူးတူးပျော်ရွှင်လာပြီး သံပြိုင်လိုက်ဆိုမိကြသည်။

*"တံစက်မြိတ်က သစ်ခွပန်းတွေ ဝေနေချိန် x x x ပန်ဆင်ခဲ့ဖူးသူကို လွမ်းတယ် x x x ဝါဆိုရယ် သိပ်သတိရမိတယ်၊ တို့နှစ်ယောက် စကားပြောခဲ့ကြတဲ့ ခရေပင်ခြေ၊ မြေနီရောင်လမ်းကို ရောက်တိုင်းလေ x x x ဝါဆိုရယ် သိပ်သတိရမိတယ် x x x တိုင်းရှစ်ခွင်မှိုင်းညို့ဆိုင်းကာ မှုန်ရီခြယ်၊ မိုးခြိမ်းသံ သဲ့သဲ့ကြားတယ် ဝါဆိုရယ် x x x မိုးက အရင်တုန်းက အတိုင်း ရွာနေပြီကွယ် x x x လွမ်းတယ် ဝါဆိုရယ် x x x"*

မိုးတို့နှစ်ယောက်သည် အသံစူးစူးလေးတွေဖြင့်
မိုးရေထဲမှာ အသံကုန်ဟစ်၍ ဆိုလာသည်။ သီချင်းစာသားက
လက်ရှိအချိန်နှင့် ကိုက်ညီနေတာမို့ ပို၍ ဆိုလို့ကောင်းနေသည်။
နှစ်ယောက်သား ရေအိုင်တွေကို အတူဆော့နင်းရင်း အော်ဆို
နေရာမှ မုန်းက လက်ထဲက ထီးကို 'ရှုပ်တယ်' ဟုဆိုကာ
လွှင့်ပစ်လိုက်သည်။ လင်းနေက မုန်းဘက်သို့ ထီးမိုးပေးရင်း
ထီးတစ်လက်တည်း အတူဆောင်းကာ လျှောက်နေရင်းက စိတ်
ရှုပေါက်လာကာ ထိုထီးတစ်ချောင်းကိုပါ လွှင့်ပစ်လိုက်ပြီး မိုးရေ
ထဲမှာ သီချင်းအော်ဆိုလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့လေးအကြောင်းကို ဘယ်အချိန် ပြန်ပြော ပြော မုန်းတို့ ကြည်နူးမိခဲ့ကြသည်။ ထိုသီချင်းလေးကိုလည်း အသည်းထဲစွဲအောင် မှတ်မိခဲ့ကြသည်။ ထိုနှစ်ရဲ့ ဝါဆိုလလေး ကို အမြဲမှတ်မိနေခဲ့သည်။

မုန်းတို့ ချစ်သူဖြစ်ခဲ့ကြပြီးနောက် ဝါဆိုလတို ရောက်တိုင်း ထိုသီချင်းကို ဆိုမိမြဲ။ မုန်းတို့ လက်ထပ်ပြီးနောက် မှာလည်း ကြုံရင်ကြုံသလို အတူသံပြိုင် ဟစ်ဆိုကြမြဲပင်။

သိပ်မကြာခင်က ထိုသီချင်းဟောင်းကလေးကို ခေတ်ပေါ် အဆိုတော်လေး တစ်ယောက်က new version ဖြင့် ပြန်ဆိုတာမို့ ထိုစီဒီခွေကိုဝယ်ကာ မုန်းတို့မှာ ဖွင့်နားထောင် လို့ကို မဝခဲ့ပါ။

တစ်နေ့တော့ ဒီဆိုင်ကလေးမှာပဲ မုန်းတို့ သူငယ် ချင်းတွေ စုဆုံခိုက်မှာ ကိုးက စင်မြင့်ပေါ်တက်ကာ 'ဝါဆို' သီချင်းလေးကို ဆိုပြခဲ့သည်။ ထိုသီချင်းဆိုခိုက်မှာ ကိုးက မုန်းကို ငယ်ငယ်တုန်းကလို အကြည့်နုနုလေးတွေဖြင့် စိုက်ကြည့် နေခဲ့သည်။ မုန်းကလည်း ကိုယ့်ကိုယ်ကို ကုပ်ဝံ ဆံပင်တိုတို အုပ်အုပ်ဖောင်းဖောင်းလေးနှင့် ငယ်ငယ်တုန်းကလို ပုံစံမျိုးဟု ပြန်မြင်လာသည်။ ကိုးကိုလည်း ကတုံး ဆံပင်ပေါက်သာသာ





ဆံပင်ပုံနှင့် ပိန်ချောင်ချောင် ရုပ်ချွန်းချွန်း ကောင်လေးဟု ထင်မြင်လာသည်။

ကိုးက သီချင်းကို တစ်ဝက်ဆိုပြီးတာနှင့် ခဏ ရပ်ကာ ...

"ကျွန်တော်နဲ့အတူ သီဆိုဖို့ ကျွန်တော့်ချစ်ဇနီးလေး မုန်း မမကို ဖိတ်ခေါ်ပါတယ်"

ဟု ကြေညာလိုက်ရာ သူငယ်ချင်းတွေအားလုံးက လက်ခုပ်ဝိုင်းတီးကြလေသည်။ မုန်းသည် မုန်းအသံမကောင်း မှန်း၊ အော်ဟစ်ဆိုလိုက်ရင် အသံသေး အသံကြောင် ဖြစ်သွား တတ်လောက်အောင် အဆိုညံ့မှန်းသိလျက်နှင့် ခေါ်ရက်လေသော ကိုးကို စိတ်ဆိုးသွားကာ နှုတ်ခမ်းစူထော်လျက် ခေါင်းကို တအား ခါပစ်လိုက်သည်။

"မုန်း ... တက်လာခဲ့ပါ"

"မုန်း ... သွား ... သွား ... သွားဆိုလိုက်"

"ဟင့်အင်း ... ငါ ကြောက်တယ်၊ စင်ပေါ်တက်မဆိုရဲ ဘူး၊ ငါ့အသံလည်း မကောင်းဘူး"

"ဆိုတတ်သလောက် ဆိုပေါ့ဟယ်၊ နင့်ကို ဘယ်သူမှ မကဲ့ရဲ့ပါဘူး၊ သွား ... သွား ... နင်တို့နှစ်ယောက် အဲဒီ သီချင်းကို ဆိုနေကျပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုးကလည်း ခေါ်၊ သူငယ်ချင်းတွေကလည်း တွန်းတင်နေကြတာမို့ မုန်းက ကိုးကို မျက်စောင်းတစ်ချက် ထိုးပြီး စင်ပေါ်သို့ အရဲကိုးတက်လာရသည်။

စင်ပေါ်ရောက်တော့ မုန်းက ဘာကိုမှ မရှုမမိုက် ဘဲ ကိုးနှင့်အတူ သံပြိုင်အော်ဆိုရင်း တဖြည်းဖြည်း ငယ်ဘဝသို့ ပြန်ရောက်သွားသည်ဟုထင်ကာ ပျော်ရွှင်မြူးတူးလာလေသည်။

*"မိုးအုံ့လို့ သစ်ရွက်ကလေးတွေ ငြိမ်နေရင် တိမ်တွေပြိုတော့ မှာ ကြိုသိတယ် x x x ဝါဆိုရယ် သိပ် သတိရမိတယ် ... ပုန်းညက်တို့ ရောက်ရှိကြောင်းကိုကြော်ငြာကာ ငွေမှုန် ရွှေ... တွေရွာတော့ကွယ် x x x ဝါဆိုရယ် သိပ်သတိရမိတယ် x x x တိုင်းရှစ်ခွင်မိုးညို့ဆိုင်းကာ မှုန်ရှိုင်းခြယ်၊ မိုးခြိမ်းသံသဲ့သဲ့ကြား တယ် ဝါဆိုရယ် x x x မိုးက အရင်တုန်းကအတိုင်း ရွာနေပြီ ကွယ် x x x လွမ်းတယ် ဝါဆိုရယ် x x x မိန်းကလေး... မိုးစက်ကလေးတွေ ငိုနေတယ်၊ တို့မျက်နှာ မိုးစက်က... တွေ လာစင်တယ် x x x တို့အဖြစ်ကို ပြောပြပေးပါ ဝါဆို ရယ် x x x မိုးတွေ ရွာနေပြီကွယ် x x x"*

မုန်းသည် ကိုယ့်အသံ ကောင်းမကောင်း သိ... ဂရုမစိုက်တော့ဘဲ သံပြိုင်လိုက်ဆိုရင်း မြူးကြွယိမ်းနွဲ့၍နေသော...





...သည်။ မုန်းက moodအပြည့်နှင့် ယိမ်းနွဲ့ရင်း တဖြည်းဖြည်း ...ရဲ့အစွန်းသို့ ရောက်မှန်းမသိ ရောက်သွားသည်။

"ဟဲ့ ... ဟဲ့ ... မုန်း ... ချော်ကျမယ်၊ ချော်ကျမယ်"

"အမေ့ ..."

"ဟာ ... ကျပြီ"

မုန်းသည် စင်တိတ်စင် သေးသေးလေးရဲ့ အစွန်းမှ ...ခနဲ ခြေချော်ကျ၍သွားတော့သည်။

"မုန်း ... မုန်း ... ဘာဖြစ်သွားလဲ၊ ဘယ်ထိသွားလဲ"

ကိုးက မုန်းကို ပြေးထူသည်။ သူငယ်ချင်းတွေကလည်း ဝိုင်းလာသည်။ မုန်း ခြေထောက်က ထောက်လို့မရတော့တာမို့ ကိုးက ပွေ့ခေါ်လာခဲ့ရသည်။ ဆေးရုံ ရောက်ပြီး ဓာတ်မှန်ရိုက်ကြည့်တော့ မုန်း ခြေထောက်အရိုး အက်သွားကြောင်း သိရသည်။ အဲ့ဒီနေ့က မုန်းတို့နှစ်ယောက် ရန်ဖြစ်ကြလေသည်။

"အဲ့ဒါ ရှင့်ကြောင့် ... ရှင် အတင်းဖွတ်ခေါ်လို့ ဖြစ်တာ"

"အံမယ် ... ဒေါ်မုန်းမမကရော ဆိုချင်လိုက်တာမှ ရှူစိ တက်နေတာ မဟုတ်လား"

"မဆိုချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုချင်လို့သာပဲ ...၊ သူ့အသံကျယ်လွန်းလို့ ကို
အသံတောင် ဘယ်ရောက်ကပ်နေမှန်း မသိလိုက်ဘူးဗျာ"

"ဟွန့် ..."

"ဟင့် ..."

နှစ်ယောက်သား ဟွန့်ခနဲ ဟင့်ခနဲ သံပြိုင်ထွက် ကျောခိုင်းလိုက်ပြီး မကြာခင် တစ်ယောက်ကို တစ်ယောက် သမင်လည်ပြန် ကြည့်ကာ ...

"အဟမ်း ... နာနေလား"

"အဟွန်း ... နာတာပေါ့"

ဟုပြောရင်း မျက်နှာချင်း ပြန်ဆိုင်လာကာ တ ရွေ့ နီးကပ်လာလေသည်။

နောက်တော့ မုန့်ခြေထောက်ကလေးကို ကိုး ရေနွေးအိတ်ဖြင့် ကပ်ပေးရင်း စချော့၏။ မုန့် အနာယူရသည့် တစ်လလုံးလည်း ကိုးကပဲ ထမင်းပွဲရှေ့ရောက် ချက်ပြု ကျွေးမွေးပြုစုယုယနေခဲ့သည်။

မုန့်တို့အတွက် အမှတ်တရ ဝါဆိုကို အမြဲသတိ နေခဲ့သည်။

တကယ်ပါပဲ ...





တကယ်ပဲ လွမ်းပါတယ် ဝါဆိုရယ် ...။

♣ ♣ ♣

*"ကိုအဖြစ်ကို ပြောပြပေးပါ ဝါဆိုရယ်၊ မိုးတွေရွာနေပြီ ကွယ် x x x"*

သီချင်းသံဆုံးသွားသည်အထိ စိတ်သည် မျောလွင့်၍နေသည်။

အဆိုတော် ကောင်လေးက မတ်တတ်ထရပ်ကာ စင်ပေါ်က ဆင်းတော့မှ မုန့်က ထိုကောင်လေးနောက်သို့ လှစ်ခနဲ ထလိုက်လာလေသည်။

"ဒီမှာ ... ဒီမှာ ခဏလေး"

မုန့်က ကောင်လေးရှေ့မှာ ရပ်လိုက်ရင်း ...

"မင်း ... ဒီသီချင်းကို ကိုယ့်သဘောနဲ့ကိုယ် ဆိုတာလား၊ တစ်ယောက်ယောက်က တောင်းဆိုထားလို့ ဆိုတာလား"

ကောင်လေးက မုန့်ကို တွေခနဲ တစ်ချက်ကြည့်လိုက်ပြီး ...

"ကျွန်တော့်ကို ဒီနေ့ ဒီအချိန် ဒီနေရာမှာ ဒီသီချင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေးဖို့ မိန်းကလေးတစ်ယောက်က request လုပ်ထားလို့ပါ"

"ဘယ် ... ဘယ်က မိန်းကလေးလဲ"

"ကျွန်တော်တော့ သေချာမသိပါဘူး၊ ကျွန်တော့်ပရိုသတ်လို့ပဲ ပြောပါတယ်၊ ခွင့်ပြုပါဦး"

ကောင်လေး ထွက်သွားတော့ မုန်းက မလှုပ်မယှက် ရပ်တန့်ငြိမ်သက် ကျန်ရစ်ခဲ့သည်။

ကိုး ... ကိုး ဘာတွေလုပ်နေတာလဲဟင် ...။

ကိုးကို သတိရနေတဲ့ မုန်းစိတ်တွေ ဖြေသာအောင် ကိုးစီစဉ်ပေးခဲ့တာလားဟင်။ ကိုး တစ်ယောက်ယောက်ကို အကူအညီတောင်းပြီး စီစဉ်စေခဲ့တာလားဟင်။

မုန်းက သက်ပြင်းလေးချရင်း နောက်ပြန်လှည့်လိုက်တော့ မုန်းနောက်သို့ လိုက်လာသော ယုဝါကို တွေ့လိုက်ရသည်။ ယုဝါက မုန်းလက်ကို ဆုပ်ညှစ်ရင်း ...

"ငါတို့လည်း အဲ့ဒီသီချင်းနဲ့ နင်တို့နှစ်ယောက်ကို တွဲမှတ်မိနေတော့ အဲ့ဒီသီချင်းကြားကြားချင်း စိတ်ထဲ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိဘူးဟာ၊ အဲ့ဒီ လင်းနေတစ်ယောက်ကလည်း ဘာလို့ ဒီလိုစီစဉ်ခဲ့မှန်း မသိပါဘူး"





"ငါစိတ်တွေ လုံးဝ တည်ငြိမ်မှုမရသေးခင်မှာ အလွမ်းပြေလေးတွေ စီစဉ်ပေးခဲ့တာ ဖြစ်မှာပါ၊ ငါ နည်းနည်းဝမ်းနည်းပေမယ့် များများပျော်ပါတယ် ယုဝါရယ်၊ အဲ့ဒီသီချင်းလေး ကြားလိုက်ရတော့ ငါစိတ်တွေ အသစ်ဖြစ်လာသလိုပဲ သိလား၊ ပြီးတော့ သူ့အငွေ့အသက်တွေ ငါ့နားမှာ ရှိနေတုန်းလို့ ထင်လာတယ်"

မုန်းက ပြုံးပြုံးလေး ပြောရင်း ယုဝါလက်ကိုဆွဲကာ နတို့ စားပွဲဝိုင်းဆီသို့ တက်ကြွသော ခြေလှမ်းများဖြင့် ပြန်လျှောက်လာသည်။

ထက်မင်းကတော့ မုန်းကို အရိပ်တကြည့်ကြည့်နှင့်ဝင် စိတ်ထဲမှာ မွန်းကြပ်လာသလို ခံစားရသည်။

သူ့သဘောအတိုင်းဆိုရင်တော့ မုန်းကို လင်းနေရဲ့ အရိပ်တွေအောက်က လွတ်မြောက်စေချင်ပြီ။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

❧ ❧ ❧

"ဟဲ့ … နှင် အိမ်စောင့်နတ်နဲ့ မတည့်ဘူးလား၊ အပြင်ထွက်ဦးမလို့လား"

"ဟဲ ဟဲ … ခဏလေးပါ မေမေရယ်"

ယုဝါက မေမေ့ကို မျက်နှာချိုလေးသွေးရင်း အပြင်ထွက်လာပါသည်။ မေမေ ပြောလည်း ပြောစရာ၊ ယုဝါက ခြေထောက်မှာ ဗွေပါသလားတော့မသိ၊ အိမ်မှာ ခပ်ကြာကြာလေး နေမိရင်ပဲ လူက ထိုင်မရ ထမရဖြစ်လာကာ အပြင်ထွက်ဖို့ ခြေလှမ်းတပြင်ပြင် ဖြစ်နေတတ်ပါသည်။

"ဟဲ့ … ကောင်မလေး နှင် သူများအိမ် လျှောက်လည် လျှောက်အိပ်တဲ့ အကျင့်တွေ ငါမကြိုက်ဘူးနော်"

ဟု မေမေက မကြာခဏ ဆူပူမာန်မဲတတ်သော်





လည်း အဖော်မင်သော ယုဝါကတော့ ခံမပြော နားမထောင်။ ခုလို မုန်းတစ်ယောက်တည်း စိတ်မတည်မငြိမ်ဖြစ်နေတော့ အကြောင်းပြချက် ပိုကောင်းလာကာ မုန်းအိမ်မှာ မကြာခဏသွားသွားအိပ်မိသည်။ အရင်ကဆို ယုဝါက မုန်းတို့ စုံတွဲ၊ နတို့ စုံတွဲကြားထဲ ကန့်လန့် ကန့်လန့် လုပ်လွန်းတာမို့ မေမေကဆို ယုဝါကို အမြင်ကတ်လာပုံနှင့် …

"ဟဲ့ … နှင် ကိုယ့်ဘာသာ အိမ်ထောင်ပြုမှာဖြင့် မပြုဘဲနဲ့ သူများတွေကြား သွားသွားရှုပ်မနေနဲ့"

ဟု မြည်တွန်တောက်တီးနေတတ်ပါသည်။ အပြင်ထွက်ရင် ထွက်၊ မထွက်ရင် အိပ်ခန်းထဲအောင်းကာ တစ်နေကုန်ဖုန်းတွေ ပြောနေတတ်သော ယုဝါကို မေမေ ကြည့်မရတာလည်း မေမေ့အလွန် မဟုတ်ပါ။

ယုဝါက ဒီနေ့အဖို့တော့ မုန်းနဲ့ ယုဝါတို့ နှစ်ယောက်ထဲက တစ်ယောက်မဟုတ် တစ်ယောက်ကို အဖော်ခေါ်ကာ ဈေးဝယ်ထွက်မည်ဟု ကြံစည်စိတ်ကူးလာပါသည်။

ယုဝါက တက္ကဆီငှားဖို့ လမ်းထိပ်မှာရပ်နေဆဲ နထံမှ ဖုန်းဝင်လာပါသည်။

"ဟဲလို … ယုဝါ နှင် ဘယ်မှာလဲ …"



www.burmeseclassic.com

www.burmeseclassic.com



"ငါ လမ်းပေါ်မှာဟဲ့၊ နင်း ဖုန်းဆက်တာနဲ့ အတော်ပဲ ငါလည်း ခုပဲ နင့်ဆီလာမလို့၊ အိမ်ကမထွက်ခင်ကတည်း က နင့်ဆီဖုန်းခေါ်နေတာ၊ နင့်ဖုန်းက ပိတ်ထားလို့ ..."

"ငါ့ဖုန်းက ဘက်ထရီအားကုန်ပြီး သူ့ဘာသာ ပိတ်သွား တာ၊ ဒါနဲ့ နင်က အခု ငါ့ဆီဘာလာလုပ်မလို့လဲ ..."

"လာခေါ်မလို့ပေါ့၊ ဗိုလ်ချုပ်ဈေး သွားရအောင်ဟာ ..."

"အံမယ်လေး မလိုက်နိုင်ပါဘူးဟယ်၊ ငါမအားဘူးဟဲ့ ယောကျ်ားအလုပ်ကိစ္စလေးတွေ ဝိုင်းကူစရာရှိသေးတယ်"

"နင်တို့အိမ်ထောင်သည်တွေ အဲဒါ စိတ်ပျက်ဖို့ကောင်း တာ၊ ငါ့လို လွတ်လပ်မှုမျိုးကို မရှိတော့ဘူး၊ သြော် ... ဟဲ့ ... ကြုံတုန်းပြောရဦးမယ်၊ လင်းနေက ဘာတွေ လုပ်ခဲ့သလဲ မသိပါဘူးဟယ်၊ သူလုပ်တာနဲ့ မုန်းခရိုး အဟောင်းကနေ အဖန်ဖန်တလဲလဲ အသစ်ဖြစ်ပြီး စိတ် ဆင်းရဲနေရှာတော့မှာပဲ"

"နင် ဉာဏ်မမီပဲ လျှောက်မပြောစမ်းပါနဲ့ ယုဝါရယ် သူတို့ချင်းမှာ နားလည်မှုတွေ ရှိပါတယ်၊ လင်းနေက လည်း မုန်းအကြောင်းသိလို့ တဖြည်းဖြည်း မေ့သွားလာ အောင် လုပ်ပေးခဲ့တာနေမှာပါ၊ အချိန်က စကားပြော လာပါလိမ့်မယ်၊ နင် ဝင်မရှုပ်စမ်းပါနဲ့"





"အခုစိတ်ဆိုတာကလည်း ဘာကြီးမှန်းကို မသိဘူး၊ ရှုပ်နေ တာပဲ"

ယုဝါက ဖုန်းပိတ်လိုက်ပြီး စိတ်ရှုပ်ရှုပ်နှင့် ညည်း သူမိပါသည်။ ကားကလည်း ငှားမရနိုင်သေးချိန်မှာ အဖော်ခေါ် ဖို့အတွက် ကိုယ့်ကောင်ကလေးကို သတိရလာကာ ဖုန်းလှမ်း ခေါ်လိုက်သည်။

"ဟဲလို ... ကျော်လား"

"အွန်း ... ဘယ်သူလဲ"

"ကျော် ... မ,ပါ"

"သြော် ... အင်း ... မ ပြော ..."

"ကျော် အားလား၊ အားရင် မနဲ့ အဖော်လိုက်ခဲ့ပေး မလား"

"ကျွန်တော် မအားဘူး"

"ဘာလုပ်နေလို့လဲ"

"အိပ်နေလို့ ..."

"သြော် ... ဒီအချိန်ကြီး အိပ်စရာလား ..."

"ကျွန်တော် ညက နိုက်ကလပ်သွားထားတာ အိပ်ရေး ပျက်လို့ အိပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သွားပြန်ပြီလား ဒီနိုက်ကလပ်ကို ..."

"အွန်း ... သွားတာပေါ့၊ မသွားဘဲမှ မနေနိုင်တာကိုး မ,ရဲ့၊ ဒါပဲဗျာ ... ပြန်အိပ်လိုက်ဦးမယ်"

"ဟင် ... ကောင်စုတ် ကောင်ပြတ် ... နောလေး ..."

တစ်ဖက်က ဖုန်းကို အပြီးပိတ်သွားလိုက်တာမို့ ယုဝါ ဆွေ့ဆွေ့ခုန်ကျန်ခဲ့ပါသည်။ အဲဒါလေးတွေနဲ့ ပတ်သက်ရတာလည်း ပျော်စရာကောင်းသလို စိတ်ညစ်စရာလည်း ကောင်းလှပါသည်။ အင်း ... ရှောင်မှ ရှောင်မှ ...။ ဒီလို ရည်းစားလျှောက်ထားတာလေးတွေကို ဆင်ခြင်ပြီး သင့်တော်ရာလေးနဲ့ အိမ်ထောင်ပြုဖို့ စဉ်းစားမှပါပဲ။

ယုဝါက ဆင်ခြင်တွေးကလေး တွေးရင်း ဗိုက်လည်း ဆာလာပြီမို့ ကားဆက်မတားသေးဘဲ မလှမ်းမကမ်းက ကော်ဖီဆိုင်လေးဆီ လျှောက်လာခဲ့ပါသည်။

ကော်ဖီဆိုင်ထဲရောက်တော့ ဗိုက်ဆာဆာနှင့် စားစရာတွေ မှာပြီးစားနေဆဲ ယုဝါရဲ့ အနံ့အာရုံထဲမှာ မွှေးရနံ့တွေ ကြိုင်သင်းလာပါသည်။ ထိုရနံ့နှင့် မရှေးမနှောင်းမှာပဲ အသံတစ်သံ ထွက်ပေါ်လာပါသည်။

"ယုဝါ ..."





"သြော် ... ကိုရည်မွန်"

ယုဝါ ရှေ့မှာ ရပ်နေသော ကိုရည်မွန်ကို ယုဝါက အံ့အားတသြလေး နှုတ်ဆက်မိပါသည်။ နှုတ်ဆက်ရင်းလည်း ပြုံးချင်လာပါသည်။ ကိုရည်မွန်ဆီက ရနေတဲ့ ရေမွှေးနံ့ပြင်းပြင်းကလည်း ပြုံးချင်စရာ၊ ဖက်ဖူးရောင် စပို့ရှပ်ကလေးနဲ့ စိမ်းစိုစို တိုင်လ်ဘောင်းဘီလေးကို နနရှရှ ကျော့ကျော့မော့မော့ ဝတ်ထားပုံကလည်း ပြုံးချင်စရာမို့ပင်။ အင်း ... ပြုံးချင်စရာကောင်းတာကလွဲရင် ရုပ်ရည်လေး အပြောအဆိုလေးကတော့ မဆိုးပါဘူး။ ဒါပေမယ့် ခပ်ခြောက်ခြောက်လေး ဖြစ်နေတာ ခက်တယ်။

"ယုဝါ တစ်ယောက်တည်းလား ..."

"ကိုရည်မွန်ရော ..."

"အဟင်း ... တစ်ယောက်တည်းပေါ့ဗျာ၊ အဖော်မှ မရှိတာ ..."

အမယ် ... သူ့ဥပမိနဲ့များ လာကြော်ငြာဝင်နေရပြန်ပြီ။

"ကိုရည်မွန်က ဒီနားမှာ နေတာလား"

"မဟုတ်ဘူးဗျ၊ ကျွန်တော့် အဒေါ်ဝမ်းကွဲတစ်ယောက်က ဒီနားက ( ... ... ) လမ်းမှာ နေတာလေ၊ အဲဒော



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ စားစရာတစ်ခုခုလုပ်တိုင်း ကျွန်တော့်ပဲ ပို့နိုး
လို့ လာလာပို့ရတာ ...၊ ဒီနားရောက်တိုင်း ဒီဆိုင်
ကို ကြိုက်တာနဲ့ ခဏခဏဝင်ဖြစ်တယ်၊ ယုဝါ
ဒီနားပဲ နေတာလား"

"ယုဝါတို့လမ်းက ကိုရည်မွန့် အဒေါ်တို့လမ်းနဲ့ တ
လမ်းပဲ ခြားတယ်"

"သြော် ... ဟုတ်လား၊ ဒါဆို နောက်တစ်ခါ အဒေါ်
စားစရာပို့ရင် ယုဝါတို့အိမ်ဖို့ပါ ပိုထည့်လာပြီး ဝင်ပို့
ရစေ"

"နေပါစေ ... ကိုရည်မွန်၊ ရပါတယ် ... ယုဝါကလည်
အိမ်သိပ်မကပ်ဘူး၊ မေမေကလည်း သူ့အလုပ်ကိစ္စနဲ့
အပြင်သွားနေတတ်တော့ အိမ်မှာလူမရှိတာ များ
တယ်"

ယုဝါက သူလို ခပ်နွဲ့နွဲ့လူနှင့် သိပ်အရောမဝင်
တာနှင့် ငြင်းလိုက်မိပါသည်။ ယုဝါစိတ်ထဲမှာ ကိုရည်မွန်
ယောကျ်ားအစစ်လို့ မယုံကြည်နိုင်ပါ။ ဘယ်မိန်းကလေး
လည်း သူ့လိုပုံစံကို ကြိုက်မှာမဟုတ်ပါဘူးဟု ထင်သ
သူ့အရွယ်၊ သူ့ရုပ်ရည်၊ သူ့အလုပ်အကိုင် စတဲ့ အချက်အလ





တွေက ယုဝါနှင့် အသင့်တော်ဆုံးပဲဟု နက ပြောပေမယ့်
ယုဝါ စိတ်မဝင်စားတာဟာ သူ့ကို အခြောက်ရယ်လို့ သံသယ
ကြီးစွာ ဝင်မိလို့သာပင် ...။

"ကိုရည်မွန် အဖော်မရှိဘူးဆိုတာက လင်းနေ ဆုံးသွား
တာကြောင့်လည်း ပါမယ်ထင်တယ်နော်၊ ဟိုတုန်းက
တော့ တတွဲတွဲမဟုတ်လား"

"ဒါလည်း တစ်ဝက်တော့ ပါတာပေါ့ဗျာ၊ ဒါကြောင့်
ချည်းပဲတော့ မဟုတ်ပါဘူး"

ယုဝါက ကိုရည်မွန်ရဲ့ အပြောအဆို အမူအရာတွေ
ကို သေသေချာချာ အကဲခတ်နေမိပါသည်။ မုန်းနဲ့ပတ်သက်ပြီး
ကိုရည်မွန့်ကို မစိမ်းပေမယ့် ခုလို နှစ်ယောက်တည်း ဆုံရတာ
တတော့ ဒါ ပထမဆုံးပင်။

"ကျွန်တော် ဒီမှာပဲ ထိုင်လိုက်မယ်နော်"

"သြော် ... ထိုင်ပါရှင် ... ထိုင်ပါ"

ကိုရည်မွန်က ယုဝါနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ
ဝင်ထိုင်ပြီး စားစရာမှာလိုက်သည်။ ယုဝါကတော့ စားလက်စမို့
ကိုရည်မွန့်ကို စကားသိပ်မပြောဖြစ်တော့ဘဲ အစားကိုသာ အာရုံ
စိုက်၍ စားနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ..."

ချွဲပျစ်ပျစ် ဆောင့်အောင့်အောင့် ခေါ်သံကလေးက ယုဝါနဲ့ အနီးဆုံးနေရာဆီမှ ထွက်ပေါ်လာတာမို့ ယုဝါက ဟန် ဘာဂါ ကိုက်လက်စ တန်းလန်းနှင့်ပင် ကိုယ့်ရှေ့ကလူကို မျက် လှမ်းကြည့်လိုက်ရပါသည်။

"ကိုကြီးတို့ကတော့ သမီးကို ရှောင်တယ်နော်၊ ဘယ် မလဲ ... ကိုကြီး အဒေါ်အိမ်က ထွက်သွားတာ မြင် ကတည်းက သမီးက နောက်ကနေ စက်ဘီးနဲ့ လိုက်လာ တာပေါ့ ..."

ကောင်မလေးက ကိုရည်မွန့်နားက ခုံမှာ ဖောင် ခနဲ ဝင်ထိုင်ချလိုက်ပြီး ကိုရည်မွန်ရှေ့ မုန့်ပန်းကန်ထဲက မုန့် တစ်ခုကို လှမ်းယူစားလိုက်ပါသည်။ တစ်ဆက်တည်း ယုဝါကို ပါ ခပ်စွေစွေ လှမ်းကြည့်လိုက်ရင်း မျက်ခုံးတစ်ချက်ပင့်ကာ ...

"ဒီအစ်မက ကိုကြီး အစ်မလား ...၊ ရုပ်သိပ်မတူဘူး နော်၊ သူက ကိုကြီးလောက်တော့ မချောဘူး"

ကိုယ့်ကိုယ်ကိုတော့ သွက်လက်ပြီထင်မိသော ယု မှာ ကောင်မလေးပုံစံကို တအံ့တဩကြီး စိုက်ကြည့်နေမိပါသည်။ ကောင်မလေးပုံစံက ကိုရည်မွန့်ကို အသေရရ အရှင်ရရ ပုံစံမျိုး





ခေါက်နေသည်။ မိန်းကလေးတစ်ယောက်ရဲ့ အသည်းအသန် စိတ်ဝင်စားခြင်းကြောင့်ပင် ထိုစိတ်ဝင်စားမှုကို ခံယူရရှိသော ယောကျ်ားဟာ ပိုပြီး ဆွဲဆောင်မှုရှိလာသည်။

"သဲသဲ ... သူက ကိုယ့်အစ်မ မဟုတ်ပါဘူး၊ ကိုယ့်မိတ်ဆွေပါ၊ သဲသဲ စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ၊ သဲသဲက ကိုယ့်ညီမအရွယ်ပါ၊ သဲသဲကို ကိုယ့်ညီမအရင်းလေးလို သဘောထားပါတယ်၊ ဒီလို ဗရုတ်သုတ်ခ ပုံစံမျိုး အပြောအဆိုမျိုး မလုပ်ဖို့ ကိုယ် မေတ္တာရပ်ခံပါတယ်"

သူ့ရဲ့ လူကြီး လူကောင်းဆန်၍ ယောကျ်ားပီသသော အပြောအဆိုကြောင့် သူ့ပုံစံဟာ ယုဝါရဲ့ မျက်စိထဲမှာ ယောကျ်ားပီသလာသည်။ ယုဝါကို ဆွဲဆောင်နိုင်လာသည်။

"သမီးက ကိုကြီးကို ခင်လို့ပါ၊ သံယောဇဉ် ရှိလို့ပါ"

သူမရဲ့ အသည်းအသန် မက်မောလိုလားဟန်က ည်း ကိုရည်မွန့်ကို အရောင်တင်ပေးနေ၏။

"သံယောဇဉ်မှာလည်း စည်းဆိုတာ ရှိတယ် သဲသဲ၊ လောကမှာ သံယောဇဉ်အမျိုးမျိုးရှိတယ်၊ သံယောဇဉ်ကို သူ့အကန့်နဲ့သူ ထားတတ်ရတယ်၊ အရောင်မဆိုးသင့်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုးလည်း မဆိုးချင်တဲ့ သံယောဇဉ်တွေလည်း ရှိတတ်တယ်”

သူ့ရဲ့ ပြောင်မြောက်လှပသော စကားလုံးတွေကို နားဆင်ရင်း သူ့ကိုအထင်ကြီးလာမိ၏။

“သဲသဲ … ပြန်ပါတော့၊ ဒီမှာ ကိုယ့်မိတ်ဆွေကိုလည်း အားနာစရာကောင်းပါတယ်”

သူ့ကို ကြည့်ရင်း ကြည့်ရင်း သူဟာ မိန်းကလေးတွေကို ဆွဲဆောင်နိုင်စွမ်းရှိသော ယောကျ်ားစင်စစ် ကောင်းဖြစ်လိမ့်မည်ဟု ယုဝါက ယုံကြည်လာမိ၏။

“အဟင့် … ကိုကြီး ရက်စက်တယ်၊ မုန်းတယ်”

ကောင်မလေးက ဖောင့်ခနဲ ထရပ်ပြီး လှစ်ခနဲ ထွက်ပြေးသွား၏။ သူက သက်ပြင်းတစ်ချက် ချရင်း ခေါင်းကို မသိမသာ ခါယမ်းလိုက်၏။

ယုဝါသည် ရုတ်တရက်ပင် သဘော … ပြောင်း သွားကာ …

“ဒါနဲ့ ကိုရည်မွန့် အခေါ်ဆို လာလာပို့တဲ့ စားစရာ တာ ဘာတွေများလဲ”

“ခင်ဗျာ … သြော် … အစုံပါပဲ၊ နန်းကြီးသုပ်၊ မြီးရှည်





ရွှေတောင်ခေါက်ဆွဲ၊ မုန့်ဟင်းခါး … တစ်လှည့်စီ လုပ်စား ဖြစ်နေတာဆိုတော့ …”

“ဟာ … ဒါဆို မိုက်တာပေါ့၊ ယုဝါ အကြိုက်ပဲ၊ နောက်တစ်ခါ လာရင် အိမ်ကိုဝင်ခဲ့လေ …”

“ခင်ဗျာ …”

“အဟင်း … ဘာမုန့်တွေဆိုတာ သိရတော့ အရမ်းစားချင်သွားလို့လေ၊ ကိုရည်မွန် လာမယ့်ရက်ဆို ယုဝါဆီ ဖုန်းကြိုဆက်လိုက်ပေါ့၊ အဲဒါဆို ယုဝါ စောင့်နေပေးလို့ ရတယ်လေ”

“သြော် … ဟုတ်ကဲ့ … ဟုတ်ကဲ့”

ကိုရည်မွန်က ယုဝါကို နားမလည်သလိုလေး ကြည့်လိုက်ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်ပြလိုက်ပါသည်။

စားသောက်ပြီးတော့ ကိုရည်မွန်က သူ့ကားဖြင့် ယုဝါကို မုန်းအိမ်အထိ လိုက်ပို့ပေးသွားပါသည်။ ယုဝါက ကိုရည်မွန့်ကို နှုတ်ဆက်ပြီး ခြတ်လှေကားဆီ လျှောက်သွားနေဆဲမှာ ကျော်ထဲမှ ဖုန်းဝင်လာသည်။

“မ,လား … ကျွန်တော် အိပ်ရာနိုးပြီ၊ ဘယ်လိုက်ပို့ရမလဲ ပြော …”



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... မလိုတော့ဘူး ... ရပြီ ..."

ယုဝါက ခပ်တင်းတင်းလေး ပြောပြီး ဖုန်းပိတ်ကာ စာတိုက်လေယာဉ်ကားထဲသို့ လှမ်းဝင်လိုက်ပါသည်။

♣ ♣ ♣



ပေဖော်ဝါရီ

www.burmeseclassic.com

www.burmeseclassic.com

မုန်းသည် မုန်းတို့ ကွန်ဒိုအဆောက်အဦးရဲ့ မြေအောက်ထပ် ကားပါကင်နားက လုံခြုံရေးအစောင့်ကြီး ထိုင်နေတဲ့ ခုံလေးရှေ့မှာ မလှုပ်မယှက်ကလေး ရပ်နေမိပါသည်။ မုန်း ရပ်နေတာဖြင့် ကြာလှပြီ၊ ငိုက်နေသော ဦးလေးကြီးက ခုထိ ခေါင်းထောင်မလာသေးပါ။

“အဟမ်း ...”

မုန်းသည် ကိုယ့်အခန်းကိုလည်း ပြန်တက်မသွားချင်သေး။ ဦးလေးကြီးကို နှိုးရမှာလည်း အားနာ၊ ဦးလေးကြီးဆီမှာ စာရောက်မရောက် သိချင်လှပြီမို့ မသိမသာလေးတော့ ချောင်းတစ်ချက်ဟန့်၍ အသံပြုလိုက်ပါ၏။ သို့သော် ဦးလေးကြီးက လှုပ်မလာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ... ဦးလေးရေ ..."

မုန်းက ခါးကိုကိုင်းကာ ဦးလေးကြီးကို ငုံ့ကြည့်ရင်း ခပ်တိုးတိုး ဆက်ခေါ်၏။ ဦးလေးကြီးက သူ့လက်မောင်းသူ သုံးလေးချက် ကုပ်လိုက်ပြီး တစ်ဖက်သို့ ခေါင်းလှည့်ကာ ဆက်အိပ်နေ၏။

မုန်းမှာ ရပ်စောင့်နေရတာ ကြာပြီမို့ ခြေထောက်လည်း ညောင်း၊ ခြေထောက်ကို ခြင်လာလာကိုက်နေတာကိုလည်း သိသည်မို့ ခြေထောက်ကို ဘယ်ညာပြောင်း၍ ခြေဆောင့်လိုက်သည်။

ခဏနေတော့ မုန်းက ဦးလေးကြီးရဲ့ အိပ်နိုင်ပုံကို အမြင်ကတ်လာကာ သူ့အင်္ကျီလက်မောင်းအစဆီ အသာလေး လက်လှမ်းလိုက်ပြီး အင်္ကျီစကို လက်ညှိုးနှင့် လက်မညှပ်၍ ဓာတ်ဓာတ်ဆို နှစ်ချက်ဆင့်၍ ဆောင့်ဆွဲပြီးမှ ခါးကို ပြန်ဆန့်ကာ ဟိုဒီကြည့်ရင်း မသိချင်ယောင် ဆောင်နေလိုက်ပါသည်။

ဦးလေးကြီးက မျက်လုံးဖွင့်လာကာ ...

"ကလေးမ ... ဦးလေး အင်္ကျီကို လာဆွဲလား"

"ရှင် ...၊ မဆွဲပါဘူး၊ သူငယ်ချင်း လာမယ်ဆိုလို့ အခန်းမတွေ့မှာစိုးလို့ ဒီနားမှာ လာရပ်စောင့်နေတာပါ၊ ဪ ဒါနဲ့ ကျွန်မ စာတွေ ဘာတွေ မရောက်ဘူးလား"





"ဦးလေးကို နေ့တိုင်း လာလာမေးရတာ မပင်ပန်းဘူးလားကွယ်၊ စာရောက်ရင် ဦးလေး လာပေးမှာပေါ့"

ဦးလေးကြီး စကားကြောင့် မုန်းက စိတ်ပျက်လက်လျှော့ကာ ပြန်လှည့်လာဆဲ ...

"ဦးလေးလည်း ခုပဲ လာပေးမလို့ပါကွယ်"

မုန်းက ချာခနဲလှည့်ကာ ဦးလေးကြီးဆီ ပြန်ပြေးလာသည်။

"ဘယ်မှာလဲ ... ဘယ်မှာလဲ"

"ပေးပါ့မယ်၊ ပေးပါ့မယ်"

မုန်းက အငမ်းမရမေးနေတာမို့ ဦးလေးကြီးက သူ့အိတ်ကြီးထဲကို ခပ်မြန်မြန် မွှေနှောက်ရှာနေရပါသည်။ မုန်းက စိတ်မရှည်နိုင်တော့တာမို့ ...

"ဦးလေးကြီး ... ခဏနော်"

ဟု ခွင့်တောင်းကာ ဦးလေးကြီးအိတ်ကို လှမ်းယူလိုက်ပြီး တစ်ဖက်ခုံပေါ်သို့ ထိုအိတ်ကို မှောက်သွန်ချလိုက်မိပါသည်။ ဦးလေးကြီးကလည်း မုန်းလုပ်ရပ်ကို အံ့သြမင်သက်စွာ ကြည့်နေပါသည်။

"ဒါ ... ဒါ ... ဒါမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မုန်းက မုန်းနှာမည်ကို ကွန်ပျူတာစာလုံးဖြင့် ရေး
ထားသည့် မာတောင့်တောင့် စာအိတ်ထူထူလေးကို ဆွဲယူဖောက်
ကြည့်လိုက်တော့ ခရီးသွားလက်မှတ် သုံးစောင်နှင့် စာလေး
တစ်စောင်ကို တွေ့ရလေသည်။

မုန်းသည် စာအိတ်ကလေးကို ရင်ခွင်မှာအပ်လိုက်
ပြီး ဦးလေးကြီးကိုတောင် ကျေးဇူးစကားဆိုဖို့ မေ့ကာ ဓာတ်
လှေကားထဲသို့ ပြေးဝင်လာခဲ့သည်။

ဓာတ်လှေကားတံခါးက တစ်ဝက်ထိ ပိတ်လာပြီး
မှ ပြန်ပွင့်သွားကာ နတ်လင်မယားရော မာမီပါ ဝင်လာသည်။
မုန်းသည် ပျော်မြူးသွားကာ ...

"အတော်ပဲ ... နတ်တို့ မာမီတို့ လာတာနဲ့ အတော်ပဲ
ဒီမှာ ... ဒီမှာကြည့်ပါဦး၊ ဒါ ကိုး ပို့ခိုင်းထားခဲ့တဲ့ စာ
ကိုးဆီက စာမရတာ နှစ်လကြာပြီးမှ ရတဲ့စာ၊ ပြီးတော့
လက်မှတ်တွေလည်း ပါသေးတယ်"

"ဘာလက်မှတ်လဲ ..."

"ခရီးသွား ကုမ္ပဏီတစ်ခုကနေ မှာပေးထားတဲ့ လက်မှတ်
ငါတို့ ချောင်းသာသွားဖို့ ကိုး စီစဉ်ပေးခဲ့တာ"

"စာထဲမှာ ဘာရေးထားသေးလဲ"





"မသိသေးဘူး၊ အခန်းရောက်မှ ဖွင့်ကြည့်ရမှာ"

အခန်းကိုပြန်ရောက်တော့ မုန်းက အိပ်နေသော
ယုဝါကိုပါ ပြေးနှိုးလိုက်ပြီး စာအိတ်ကို အားလုံးခေါင်းချင်းဆိုင်
၍ ဖောက်ဖတ်လိုက်ပါသည်။

*မုန်း ...*

*ကိုယ့်ကို လွမ်းတဲ့စိတ်တွေ တဖြည်းဖြည်း သက်သာ
ရာ ရလာနေပြီလို့ ကိုယ်ထင်ပါတယ်။*

*အကယ်၍ ကိုယ်နဲ့ပတ်သက်ပြီး အလွမ်းပြေတစ်ခုခု
ကို မြင်ရရင် မုန်း ပိုပြီး စိတ်သက်သာရာရမယ်ဆိုရင်တော့
ကိုယ် စီစဉ်ပေးခဲ့တဲ့ ခရီးကို သွားလိုက်ပါ။*

*အဲဒီမှာ အလွမ်းပြေအစီအစဉ်လေးတစ်ခု မုန်းအတွက်
စီစဉ်ထားပါတယ်။*

*လက်မှတ်က သုံးစောင်နော်။ ယုဝါအိမ်ထောင် မကျ
သေးရင် ယုဝါကို ခေါ်သွားပေါ့။ နတ်လည်း ထွန်းခိုင်နဲ့ ခွဲနိုင်
တယ်ဆို ခေါ်သွားလိုက်ပေါ့။ ထွန်းခိုင်ကတော့ သူ့အလုပ်နဲ့သူ
လုပ်နိုင်မယ်မထင်ဘူး၊ ထမင်းကလည်း ဆိုင်အလုပ်တစ်ဖက်
နဲ့ မဟုတ်လား။*

*နတ်ရေ ... ယုဝါရေ ... နင်တို့ ငါ့မိန်းမကို လိုက် စောင့်
ရှောက်ပေးကြဦးနော်။ ထွန်းခိုင်၊ ထမင်း ... မင်းတို့အတွက်*



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်မပါလို့ စိတ်မဆိုးကြေးနော်။ သူတို့ မိန်းကလေးတွေချင်း လွတ်လွတ်လပ်လပ် သွားကြပါစေ... ၊ ထွန်းခိုင်... မင်းလည်း ဆရာမကြီး နမရှိတော့ ဘီယာဆိုင်လေး ကာရာအိုကေဆိုင်လေး သွားလို့ရတာပေါ့ကွာ... နော်။

ယုဝါနဲ့ နုရေ... ငါ့မိန်းမကို ပျော်အောင်ထားပေးနော်။

မုန်းရေ... သွားဖြစ်အောင် သွားလိုက်နော်။

မုန်းကို သိပ်ချစ်တဲ့...

ကိုး။

"ဟွန့်... လင်းနေတို့ကတော့ သူများတကာ လင်မယားကို ကိန္နရာချောင်းခြားအောင် လုပ်ပြန်ပြီ"

"ဟဲ့... နုအပိုတွေ ပြောမနေစမ်းနဲ့၊ နင်ပဲ ခဏခဏ ပြောနေတာလေ၊ အပျိုဘဝတုန်းကလိုမျိုး မိန်းကလေး သူငယ်ချင်းတွေချည်း စုပြီး ချောင်းသာကိုသွားချင်သေးတယ်ဆို..."

"ဟင်... ချောင်းသာကို သွားရမှာလား"

"ဟုတ်တယ်လေ၊ ဒီမှာ မတွေ့ဘူးလား လက်မှတ်"

"ဟယ်... ချောင်းသာဆို လိုက်မှာပေါ့၊ ခိုင်... နု လိုက်သွားမယ်နော် ခိုင် နော်"





"မိန်းမတို့ကတော့ မနိုင်ဘူးကွာ"

"ဟဲ့... ဟဲ့... လက်မှတ်ကို သေချာကြည့်ဦး၊ ဘယ်နေ့သွားရမှာလဲ၊ ဘယ်မှာတည်းရမှာလဲ"

"သန်ဘက်ခါ date နဲ့ဟဲ့...၊ (...)ဟိုတယ်မှာ တည်းဖို့အတွက်ပါ တစ်ခါတည်း စီစဉ်ထားတယ်တဲ့၊ လက်မှတ်မှာ ပါတယ်"

"ဒါဆို ရက်က ကပ်နေပြီပဲ... ငါတို့ ဒီနေ့ ဈေးဝယ်ထွက်ရမှာ၊ ကမ်းခြေဖက်ရှင်လေး ဘာလေး ဝယ်ရအောင်"

"ခရီးစဉ်က ဘယ်နှရက်ခရီးစဉ်လဲ"

"သုံးညအိပ် လေးရက်ခရီးပဲ"

"အေး... အဲ့ဒီလောက်ဆို အတော်ပဲ၊ သွားဖို့ အဆင်ပြေတယ်"

နုနဲ့ ယုဝါတို့ တက်ကြွနေကြပါတယ်။ မာမီကတော့ မုန်း ပခုံးလေးကို လာဖက်ကာ...

"ကောင်းကောင်း ပျော်ခဲ့နော်... သမီး"

"ဟုတ်... မာမီ"

"သမီး ဦးနှောက်ထဲမှာ မှိုင်းညို့နေတာတွေအားလုံးကို ပင်လယ်ရေနဲ့ ဆေးပစ်ခဲ့တော့..."



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားထဲမှာ သောင်တင်နေတဲ့ အလွမ်းကိုတော့ ပင်လယ်ရေနဲ့ ဆေးပစ်လို့ မရနိုင်ပါဘူး မာမီရယ်ဟု မုန်းက စိတ်ထဲမှ ပြန်ပြောရင်း ခေါင်းညိတ်ပြလိုက်ရပါသည်။

အလွမ်းပြေ အစီအစဉ်တဲ့ ...

ဘာများလဲ ကိုးရယ်။

မုန်း ... ရင်ခုန်လိုက်တာ။

♣ ♣ ♣



မုန်းသည် ခြေဖျားကလေးတွေကို ရေနှစ်ထား ...က် ပင်လယ်ကို မျက်နှာမူ၍ ရပ်တန့်နေပါသည်။ ပင်လယ် ...ကြောင့် မုန်းခန္ဓာကိုယ်ပေါ်က အဖြူရောင် အသားပျော့ပျော့ ...ဝန်စလေးနှင့် လည်စည်းပဝါလေးက လူးလွန့်လှုပ်ခတ်နေ ...ည်။ ဆံပင်တွေရော ဂါဝန်စလေးပါ နောက်သို့ လွင့်နေသော ...ရဲ့ ပါးလှပ်လှပ် ခန္ဓာကိုယ်လေးကို လေက သယ်ဆောင်၍ ...က်သို့လွင့်ထွက်သွားစေမလားဟုတောင် ထင်ရသည်။ မုန်း ...ည် လက်ကလေးပိုက်လျက် မျက်လုံးကို စုံမှိတ်ထားလိုက်ပါ ...ည်။

မုန်း အာရုံထဲမှာ အရိပ်တွေ ထင်လာသည်။ အသံ ...ွေ ကြားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလိုပဲ လှိုင်းသံတဝုန်းဝုန်း ... အဝေးက လွင့်လာသော ရယ်သံတချို့တစ်ဝက်၊ အုန်းလက်တွေကို လေတိုးသံသဲ့သဲ့ ...၊ ပြီးတော့ ... လူအုပ်ကြားက မြင်လိုက်ရသော သူ့မျက်နှာနှင့် သူ့လက်ဖဝါးပေါ်မှာ တဖြည်းဖြည်း ထောင်မတ်လာသော ဘောလ်ပဲန်လေး တစ်ချောင်း။

အဲဒီတုန်းကတော့ ကိုးဟာ မျက်လှည့်ဆရာလေးပေါ့ ...။

♣ ♣ ♣



☙ ☙ ☙

အဲဒီတုန်းက ...

သောင်ပြင်ကိုဖြတ်၍ တစ်ယောက်တည်း စက်ဘီးအပြင်းနင်းလာသော ဆယ့်ရှစ်နှစ်သမီးကလေး မုန်းသည် ပျော်လွန်းလှတာမို့ အူးဟူးဟု အော်ရင်း လက်နှစ်ဖက်ကို လွှတ်မြှောက်လိုက်ပြီးမှ စက်ဘီးလက်ကိုင်ကို အမြန်ပြန်ကိုင်ပြီး ရှေ့ဆက်နင်းလာသည်။

ပျော်စရာရှိလျှင် အလွန်ပျော်တတ်သော အရွယ်မို့ မုန်းရင်ထဲမှာ အပျော်တွေပြည့်နေသည်။ သူငယ်ချင်းတွေနှင့် အတူ ချောင်းသာသို့ ပထမဦးဆုံးအကြိမ် ရောက်ဖူးတာမို့ ကမ်းခြေရဲ့ ဘယ်နေရာမဆို မုန်းအတွက် အထူးအဆန်းဖြစ်နေသည်။ ပင်လယ်ကြီးကလည်း အံ့သြစရာဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းက စက်ဘီးနင်းလာရင်း မောတော့မှ ကမ်းခြေ မှာ စက်ဘီးရောလူပါ ပစ်လှဲလိုက်ပါသည်။ ထိုအချိန်မှာ မုန် မြင်ကွင်းထဲသို့ ဝင်ရောက်လာတာက ကလေးတစ်အုပ်ပင် ကလေးတွေကြားထဲမှာ လူကြီးတချို့လည်း ပါသည်။ သူတို့ အားလုံးက တစ်စုံတစ်ရာကို ဝိုင်းအုံကြည့်နေကြပုံမျိုး။

မုန်းသည် သူတို့ကို စိတ်ဝင်စားလာတာမို့ သောင ပြင်ပေါ် လက်နောက်ပြန်ထောက်၍ ခြေဆင်းထိုင်နေရာမှ အသ ကလေး ထကာ သူတို့နောက်နားသို့ ချဉ်းကပ်သွားလိုက် သည်။ သူတို့နှင့်နီးလာတော့ သူတို့ကြားက အသံတစ်သံ ကြားလာရသည်။

"ဦ ... ထလော့ ရပ်လော့ ဟပ်ချလောင်း"

"ဦ ... ထလော့ ရပ်လော့ ဟပ်ချလောင်း"

အသံက မျက်လှည့်ဆရာ အသံမျိုးမို့ မုန်းက ကလေးတွေကြားထဲ တိုးဖော့ဝင်ကြည့်လိုက်တော့ ဘယ်လ ဖဝါးပေါ်မှာ ဘောလ်ပဲန်တစ်ချောင်းတင်ထားပြီး ညာလက် ညှို့ခေါ်သလိုမျိုး လုပ်နေသော မျက်လှည့်ပြကွက်ကို မြင် သည်။

သူ့ကြည့်ရတာ မျက်လှည့်ဆရာတော့လည်





မဟုတ်။ သူ့အသက်က ငယ်လွန်းသည်။ သူ့ပုံစံက မိုက်လွန်းသည်။ ရှေ့ဆံပင်တစ်ခြမ်းက မျက်နှာပေါ် တစ်ဝက်တစ်ပျက် အုပ်လျက် ...။ တီရှပ်လက်ပြတ် လိမ္မော်ရောင်နှင့် ဘောင်းဘီတို အဖြူရောင်လေး ဝတ်ထားသော သူ့ပုံစံက သန့်ပြန့်ထင်းလင်း နေသည်။ မုန်းသည် သူ့ဆံပင်လေးတွေ လှုပ်နေတာက စ၍ သူ့ခြေချောင်းကလေးတွေ သဲပြင်ပေါ် ကုပ်ထားတာအဆုံး မြင်အောင်ကြည့်လိုက်ပြီးမှ သူ့မျက်လှည့်ပြကွက်ကို ဆက်ကြည့် နေလိုက်သည်။ သူ့ပါးစပ်ကတော့ ရယ်စရာစကားလုံးတွေ ဆက်ရွတ်နေသည်။

"ဦ ... ထလော့ ရပ်လော့ ဟပ်ချလောင်း"

မုန်း ကြည့်နေစဉ်မှာပင် တကယ်ပဲ ဘောလ်ပဲန် လေးက တရွေ့ရွေ့ ထောင်မတ်လာပါတော့သည်။ ကလေးတွေ ရဲ့ ဟာခနဲ ဟင်ခနဲ အော်သံကိုကြားရသည်။

မုန်းက စိတ်မြန် လက်မြန်နှင့် ရှေ့တိုးသွားကာ ...

"ဒီမှာ ... အဲ့ဒါ ဘယ်လိုလုပ်လိုက်တာလဲ၊ ပြောပြပါ လား"

"မျက်လှည့်ပြပါတယ်ဆိုမှပြောပြစရာလား၊ ဒါ secret (လျှို့ဝှက်ချက်) လေ"

"ဟွန့် ... ကြီးကျယ်လို့၊ နေပေါ့ ... မပြောတည်း"



www.burmeseclassic.com

www.burmeseclassic.com



မုန်းက ပခုံးတွန့်၍ လှည့်ထွက်လာပြီးမှ နောက်သို့ လှည့်ကြည့်ကာ ...

"အဲ့ဒါ ဘယ်မှာသင်ထားတာလဲ ..."

"သူငယ်ချင်း တစ်ယောက်ဆီက သင်ထားတာပေါ့၊ မင်း သင်ချင်လို့လား"

"မသင်ချင်ပါဘူး"

မုန်းက သူ့ရဲ့ မချိုမချဉ် မျက်နှာထားကို သဘော မကျတာမို့ ဘုပြောပြီး ကိုယ့်စက်ဘီးလေးဆီ ပြန်လျှောက်လာခဲ့သည်။

မုန်းသည် လှဲထားသော စက်ဘီးလေးကို ဆွဲလှထူမလိုက်ပြီး နင်းထွက်လာသည်။ သူကလည်း လူအုပ်ကြားထဲမှ တိုးထွက်လာပြီး ကမ်းခြေအတိုင်း လျှောက်လာနေသည်။ မုန်းနှင့် သူ မျက်နှာချင်းဆိုင်ကပ်၍ ဖြတ်သွားချိန်မှာ ပင်လယ်လေက သူ့မျက်နှာပေါ်အုပ်နေသော ဆံပင်တွေကို ဆွဲဖယ်ပစ်လိုက်သည်။

"ဟင် ... လင်းနေ ... လင်းနေ မဟုတ်လား"

မုန်းရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ သူ့ပုံစံက မုန်း ခြောက်တန်းနှစ်လောက်က ကွဲသွားသော သူငယ်ချင်း လင်းနေနှင့် တူနေသည်ဟု ထင်မိလို့ပင် ...။





မုန်းရဲ့ သူငယ်ချင်း လင်းနေက ခြောက်တန်း စာမေးပွဲ ဖြေအပြီးမှာ သူ့ဖခင် အလုပ်ပြောင်းရွှေ့ရာသို့ လိုက်ပါသွားခဲ့တာပင်။ နောက်တော့ သူတို့လည်း တစ်မြို့ပြီး တစ်မြို့ ပြောင်း၊ မုန်းတို့အိမ်လိပ်စာကလည်း ပြောင်းခဲ့တာမို့ အဆက် အသွယ် ပြတ်တောက်သွားခဲ့ရသည်။ မုန်းတို့ ခွဲတုန်းကတော့ သူ့အသံက ပိစိညှက်လေး၊ သူ့ခန္ဓာကိုယ်က ပိန်ချောင်ညှက် လေး။ ခုတော့ လက်မောင်း ကြွက်သားလေး ခပ်ကြွကြွ၊ အသံ က ခပ်သြသြ၊ မျက်နှာမှာ အမွှေးအမျှင်စစနဲ့ပေမယ့် မျက်လုံး မျက်ခုံးလေးတွေနှင့် နှာတံကလေး၊ နှုတ်ခမ်းကလေးတွေကတော့ အရင်ပုံစံနဲ့ လွဲမနေပါပေ။

မုန်းသည် ချက်ချင်းပင် စက်ဘီးကို လင်းနေဘက်သို့ ပြန်လှည့်နင်းလာပြီး လင်းနေရှေ့မှာ ပိတ်ရပ်လိုက်ရင်း ...

"ဟေ့ ... နင် ငါ့သူငယ်ချင်း လင်းနေ မဟုတ်လား"

သူက မုန်းကို စိုက်ကြည့်နေလိုက်ပြီးမှ ပခုံးတစ်ချက် တွန့်လိုက်ရင်း ...

"နိုး ..."

ဟု တစ်လုံးတည်းသာ ပြောပြီး မုန်းကို ဂရုမစိုက်သလို ဆက်၍ လျှောက်သွားလေသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ရက်မှာ မုန်းက မနက်ရော ညနေ
ပင်လယ်ထဲမှာ ဘောကွင်းစီးလို့ ကောင်းနေပါတော့သည်။

အဲဒီတုန်းကလည်း မုန်းနှင့်အတူ နုရော ယုဝါ
ပါသည်မို့ သုံးယောက်သား ဘောကွင်းကိုယ်စီဖြင့် လှိုင်းငြိမ်
ခိုက်မှာ တငြိမ့်ငြိမ့် မျောနေသည်။

ထိုအခိုက်မှာ ဘောကွင်းတစ်ခုကို ကိုင်၍ ပင်လ
ဆီပြေးဆင်းလာနေသော မျက်လှည့်ဆရာလေးကို လှမ်းမြင်လိုက်
ရပါသည်။

မုန်းက မုန်းရဲ့ ဘောကွင်းကို ယုဝါတို့နှင့်နီးအောင်
ရေကို လက်ဖြင့်ယက်၍ ရွေ့လာရင်း ...

"ဟဲ့ ... နု ... ဟိုမှာကြည့်စမ်း ... ဟိုကောင်လေး
လင်းနေနဲ့ မတူဘူးလား"





"သိပ်မတူပါဘူး"

"အဲဒါ နင်တို့ အဝေးကကြည့်လို့၊ ငါ မနေ့က အနီးကပ်
ကြည့်လာတာ တူတယ်ဟဲ့၊ ဒါပေမယ့် သူ့ကို သွားမေး
တော့ သူငြင်းတယ်"

"သူငြင်းမှတော့ မဟုတ်တာ သေချာလို့ပေါ့၊ ခပ်ဆင်ဆင်
လူတွေ အများကြီးရှိတတ်ပါတယ် မုန်းရာ ..."

"အေးလေ ... ဟုတ်ပါတယ်၊ လင်းနေသာဆို ငါ့ကို
မမှတ်မိဘဲ မနေပါဘူး၊ ငါတို့ ဒီလောက်ခင်ခဲ့ကြတာ ..."

မုန်းက သူ့ကိုဆက်ကြည့်မနေတော့ဘဲ ကိုယ့်ဘာ
သာ ဘောကွင်းစီးနေလိုက်သည်။ မုန်းက ကြာကြာ အငြိမ်နေ
တတ်သူတော့ မဟုတ်။ ခြေထောက်ဖြင့် ရေပြင်ကို ထိုးကန်ကာ
ဘောကွင်းကို ရွေ့အောင်လုပ်နေတာမို့ မုန်းရဲ့ ဘောကွင်းက
နုတို့နဲ့ ဝေးလာပါသည်။

"ဟဲ့ ... မုန်း လူစုမကွဲစေနဲ့၊ အဝေးကြီးမသွားနဲ့"

"အေးပါ ..."

ယုဝါက လှမ်းအော်ပေမယ့် မုန်းက ရေကူးတတ်
သူမို့ ကမ်းခြေနှင့် ခပ်လှမ်းလှမ်း ခြေထောက်မမီသော နေရာသို့
ယက်ကန်၍ ကူးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကူးနေရင်းက မှန်းနဲ့ ခပ်နီးနီးမှာ ဘောကွင်းကိုင်၍ ရေကူးနေသော မျက်လှည့်ဆရာလေးကိုတွေ့လိုက်ရပါသည်။

မှန်းက သူ့ကို မသိချင်ယောင်ဆောင်ကာ ဆက်ကူးနေဆဲမှာပဲ သူ့အော်သံကို ကြားလိုက်ရတာဖြစ်သည်။

"အား ... ဘောကွင်းလွတ်သွား၊ ရေနစ်ပြီဗျ၊ ကျွန်တော် ရေမကူးတတ်ဘူးဗျ၊ ကယ်ပါဦးဗျ"

မှန်း လှည့်ကြည့်မိတော့ ဘောကွင်းလွတ်ကာ ရေထဲမှာ ယက်ကန်ယက်ကန် အော်ဟစ်နေသော သူ့ကိုတွေ့လိုက်ရသည်။ မှန်းက မနေစိမ့်နိုင်သူမို့ သူ့ဆီအမြန်ကူးခတ်သွားရင်း

"လာ ... လာ ... လက်ကမ်းလိုက်၊ ဒီဘောကွင်းကို လှမ်းကိုင်လိုက်"

သူက မှန်း စီးနေသော ဘောကွင်းကို လှမ်းကိုင်လိုက်သည်။

"ကျေးဇူး ..."

သူက အမောဆို့သံဖြင့် ပြောလိုက်ပြီး မှန်းနှင့်အတူ ကမ်းခြေဘက်သို့ ပြန်ကူးလာသည်။ သို့သော် ဘာ့ကြောင့်မှန်း မသိဘဲ ဘောကွင်းက ကမ်းဘက်သို့ တော်တော်နှင့် မကပ်နိုင်ဘဲ ဖြစ်နေသည်။





မှန်း မသင်္ကာ၍ သူကူးခတ်ပုံကို သေချာစောင့်ကြည့်တော့မှ သူက ကမ်းဘက်နှင့် ဆန့်ကျင်၍ မသိမသာ ကူးယက်နေမှန်း ရိပ်မိလိုက်သည်။ လူညာကြီး ... ရေကူးတတ်ရဲ့သားနဲ့။ မှန်း တစ်ဖက်သို့လှည့်၍ ပြုံးရသည်။

မှန်းက သူရေကူးတတ်မှန်း ရိပ်မိသော်လည်း မသိချင်ယောင်ဆောင်ကာ လွှတ်ထားလိုက်သည်။ သူက မှန်းနှင့်အတူ ဘောကွင်းကို ကိုင်ကာ ကူးယက်နေရင်း ...

"မင်း သူငယ်ချင်းက ကိုယ်နဲ့တော်တော်တူလို့လား"

"ဆိုပါတော့ ..."

"ကိုယ့်လောက် ချောလား"

"ဟ ဟ ... ကိုးဆယ်ဆသာသေး"

"မင်းနဲ့ ဘယ်လောက်တောင်ခင်လဲ"

"အခင်ဆုံး ..."

"သူကရော မင်းကို အခင်ဆုံးလို့ သတ်မှတ်ရဲ့လား"

"သတ်မှတ်တာပေါ့"

"မထင်နဲ့ ... ခုလောက်ဆို မင်းထက်ခင်တဲ့သူမျိုး တွေ့နေလောက်ရောပေါ့"

"သူ့တစ်သက် မှန်းထက်ပိုပြီး ဘယ်သူ့ကိုမှ မခင်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မုန်းတို့နှစ်ယောက်သား စကားတပြောပြောနှင့် ကမ်းခြေဘက်သို့ နီးလာသည်။

"ရှင့်ခြေထောက် ထောက်လို့မှီရင် ဘောကွင်းကို လွှတ်တော့လေ"

"မမှီသေးဘူး"

"မုန်းတောင်မှ ခြေထောက်လို့ မှီနေပြီ၊ ရှင်က မမှီသေးဘူးဆိုတော့ အရပ်တော်တော်ပုပုံရတယ်နော်"

"ဟုတ်တယ် ... ကျွန်တော်က အရပ်ပုတယ်"

"မနေ့ကတွေ့လိုက်တာတော့ မပုပါဘူး"

"ကျွန်တော့်အရပ်က တစ်နေ့နဲ့ တစ်နေ့ မတူဘူးဗျ၊ ရှည်တဲ့နေ့ ရှည်တယ်၊ ပုတဲ့နေ့ ပုတယ်"

"အံ့ဖွယ်ပါလား ..."

သူက ဒူးခေါင်းလောက် ရေအနက်ထိ ခြေကိုကွေးကုပ်ထားကာ ဘောကွင်းကိုကိုင်ထားပြီး မလွှဲသာသည့်အဆုံးကျမှ ဘောကွင်းကို လွှတ်၍ ကမ်းပေါ် ပြန်တက်သွားလေသည်။

လက်နောက်ပြန် ပြသွားသော သူ့ပုံကို လှမ်းကြည့်ရင်း မုန်းက အသံသဲ့သဲ့ကလေး ရယ်မောကျန်ခဲ့ရလေသည်။

♣ ♣ ♣



♠ ♠ ♠

နောက်တစ်နေ့မှာ မနက်အစောကြီး မုန်းတစ်ယောက်တည်း ပင်လယ်ထဲသို့ ဆင်းလာခဲ့ပါသည်။ မုန်းတို့ သူငယ်ချင်းတွေထဲမှာ မုန်းက ရေအကြိုက်ဆုံး။ ရောက်သည့်နေ့ကတည်းက ပင်လယ်ထဲကို တစ်နေ့ သုံးခါလောက်ဆင်းနေတာမို့ အသားတွေတောင် သိသိသာသာ မဲပြာလာသည်။ ဒေါ်တို့ နုတို့ကတော့ အသားမည်းမှာစိုးလို့ဟုဆိုကာ တစ်နေ့ တစ်ခါလောက်သာ ရေထဲဆင်းပြီး ကျန်တဲ့အချိန်တွေမှာ အင်္ကျီဖြူ လက်ရှည်ကိုယ်စီဖြင့် သူတို့ကိုယ်သူတို့ ဥနေကြတာပင်။

မုန်း ဆင်းလာသည့်အချိန်ဟာ မနက်ခင်း အစောကြီးမို့ ပင်လယ်ထဲမှာ လူသိပ်မတွေ့၊ ကမ်းခြေမှာတော့ လမ်းလျှောက်သည့်သူတွေ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်း ဆင်းလာနေစဉ်မှာပဲ တစ်ဖက် ဟိုတယ်ဝန်းထဲမှ မျက်လှည့်ဆရာ ထွက်လာတာကို လှမ်းမြင်လိုက်ရသည်။ သူက မုန်းကို မမြင်ဘဲ ပင်လယ်ထဲ ပြေးဆင်းသွားသည်။

သူ့လက်ထဲမှာ ဘောကွင်းမပါ။

သူက ရေနက်ဘက်သို့ ကျင်လည်စွာ ကူးခတ်သွားပါသည်။

"ဟင်း ... ဟင်း ... လူညာကြီး"

မုန်း ထင်တဲ့အတိုင်း သူ ရေကူးတတ်တာကို မျက်ဝါးထင်ထင် မြင်လိုက်ရတာမို့ မုန်းက သူ့ကို ပညာပြန်ပြဖို့ ဆုံးဖြတ်လိုက်သည်။

မုန်းသည် ပင်လယ်ထဲသို့ လှစ်ခနဲ ဆင်းလာပြီး နှာခေါင်းလေးပဲဖော်ကာ ရေနက်ဘက်သို့ ကူးသွားလိုက်သည်။ သူက မုန်းကိုမမြင်၊ သူ့ဘာသာ လူးလာခေါက်တုန့် ကူးခတ်မြူးရွှင်နေသည်။ မုန်းက မုန်းအော်သံကို သူကြားလောက်သည့် နေရာအထိ ကူးသွားပြီးမှ လက်ကလေးနှစ်ဖက်မြှောက်ကာ မြုပ်ချည်ပေါ်ချည်လုပ်ရင်း ...

"အမလေး ... ကြွက်တက်လို့ ... ကြွက်တက်နေလို့ ကယ်ကြပါဦး"





ဟု အော်ဟစ်လိုက်သည်။ သူကလည်း မုန်းမှန်း သိပုံမရဘဲ မုန်းဆီ လက်ပစ်ကူးလာနေသည်။ သူ အနားရောက်ခါမှ မုန်းက သူ့နောက်ဘက်သို့ ရေငုပ်၍ကူးသွားသည်။ ပြီးမှ ဘွားခနဲ ပြန်ပေါ်လာကာ ...

"ဟား ... ဟား ... လူညာကြီး ရေကူးတတ်ရဲ့သားနဲ့ ရှက်ဖွယ် ... ရှက်ဖွယ်"

ဟု အော်ပြီး ကမ်းခြေဘက်သို့ ပြန်ကူးလာခဲ့သည်။ ထို့နောက် ကမ်းခြေဘက်သို့ ပြေးတက်ရင်း လက်နှစ်ဖက်ကို ခန့်တန်းကာ လက်ညှိုးနှစ်ချောင်းကို ကွေးလိုက် ဆန့်လိုက်ဖြင့် 'ကျော် ကျော်' လုပ်လာသည်။ ထိုအခိုက်မှာ ပင်လယ်ပြင်ဆီမှ သူ့ရဲ့သီချင်းအော်ဆိုလိုက်သံက ကမ်းခြေအထိ လွင့်တက်လာလေသည်။

*"တစ်စက်မြတ်က သစ်ခွပန်းတွေ ဝေနေချိန် ပန်ဆင်ခဲ့ဖူးသူကို လွမ်းတယ် ... ဝါဆိုရယ် သိပ်သတိရမိတယ်"*

"ဟင် ..."

မုန်းသည် ဆတ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်၏။ သူက မုန်းကိုမကြည့်ဘဲ ကောင်းကင်ကို မော့ကြည့်ကာ အော်ဆိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



*"တိုင်းရှစ်ခွင် မှိုင်းညှို့ဆိုင်းကာ မှုန်ရီခြယ်၊ မိုးခြိမ်းသံ သဲ့သဲ့ကြားတယ် ဝါဆိုရယ် x x x မိုးက အရင်တုန်းက အတိုင်းရွာနေပြီကွယ် x x x လွမ်းတယ် ဝါဆိုရယ်"*

"လင်းနေ ..."

မုန်းသည် မျက်လုံးလေးတွေ မှေးပိတ်သွားသည်အထိ တအားပြုံးပစ်လိုက်ရင်း ပင်လယ်ဆီ ပြန်လှည့်ပြေးလာသည်။ သူကလည်း မုန်းရှိရာ ကမ်းခြေဆီ တအားပြေးတက်လာသည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင်မိကြတော့မှ ကိုယ်ရှိန်သတ်ကာ ရပ်တန့်လိုက်ရင်း ...

"လင်းနေ ... နင့် ငါကိုမှတ်မိသားနဲ့ ညာတယ်"

"အခုလို ပုံစံမျိုးနဲ့ ပြန်တွေ့ရတော့ ပိုပျော်စရာ မကောင်းဘူးလား၊ ငါက္ဂ နင့်ကိုနောက်ချင်လို့ မသိချင်ယောင်ဆောင်နေတာ"

"နင် တော်တော်ဆိုးပါလား ... ကဲ ..."

မုန်းက လင်းနေရဲ့ ရင်ဘတ်ကို ရုတ်တရက်ဆောင့်တွန်းလိုက်ပြီး သဲပြင်ပေါ်တွန်းလှဲပစ်လိုက်သည်။ လင်းနေက ပြန်ထဖို့ ကြိုးစားသည်။ မုန်းက သူ ထမလာနိုင်အောင် သဲတွေကို ဆုပ်ယူပြီး ပစ်ပေါက်နေလိုက်သည်။





သူက သဲတွေကိုတိမ်းရှောင်ရင်း ထလာကာ မုန်း...က်ကိုလှမ်းဆွဲပြီး ပင်လယ်ဆီ ခေါ်သွားလေသည်။

"လာခဲ့ ... ကြွက်စုပ်၊ ရေမွန်းအောင် လုပ်ပစ်မယ်"

လင်းနေက မုန်းကို ရေထဲတွန်းလှဲလိုက်ပြီး ရေကို...က်နှစ်ဖက်ဖြင့် ကြုံးကြုံးပက်နေတာမို့ မုန်းမှာ ခေါင်းမဖော်...ဲ ရေမွန်းလာသည်။ သို့သော် မုန်းက ခေသူမဟုတ်တာမို့ ...အောက်က သူ့ခြေထောက်ကို ကြုံးဆွဲလိုက်ရာ သူ့ခန္ဓာကိုယ်...ာ ရေထဲသို့ ပက်လက်လဲကျသွားလေသည်။

"ဘတစ်ပြန် ကျားတစ်ပြန်ဆိုတာ ဒါပဲဟေ့ ..."

မုန်းက အသံစူးစူးလေးဖြင့် အော်ရင်း ပြန်ကြုံး...ာကာ သူ့ကို ရေမွန်းအောင် ပက်လေသည်။

ထိုခဏလေးမှာပင် မုန်းနှင့် လင်းနေသည် ငယ်...်တုန်းကလိုပဲ ပြန်လည် ရင်းနှီးသွားခဲ့ရသည်။

အဲ့ဒီညမှာ မုန်းတို့ သူငယ်ချင်းတွေ စုကာ သောင်...ာ မီးပုံပွဲလေး လုပ်ကြသည်။

လင်းနေက မုန်းကို သံယောဇဉ်ညှို့မျက်ဝန်းတွေ...း ခကြာခဏ လှမ်းကြည့်ရင်း ဇော်ဝင်းထွဋ်ရဲ့ သီချင်းလေး...ုဒ်ကို ဆိုပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



*"သူ့စကားလေးများ ကြမ်းတဲ့အခါ x x x ကိုယ့်နှလုံးသား*
*လေး ဝမ်းနည်းသွား x x x တစ်ယောက်တည်း ကိုတ်ကြေ*
*လည်း တစ်သက်လုံး ချစ်နေမှာ x x x*

*"တစ်ယောက် တစ်ခွန်း စကားများကြတဲ့အခါ*
*ကျွန်တော်ပဲ အရှုံးပေးလိုက်ရတာ၊ နာကြည်းလို့မခေါ် မပြော*
*လည်း x x x အချစ်များ သူ့ဆီမှာ x x x"*

ထိုသီချင်းလေးက မုန်းရဲ့ နှလုံးသားထဲကို နစ်ဝင်
သွားခဲ့ပါသည်။

မုန်းတို့ လက်ထပ်ခဲ့ကြပြီးနောက်မှာ မုန်းနဲ့သူ
စကားများတိုင်း သူက ဂစ်တာလေးတီးရင်း ထိုသီချင်းလေးကို
ဆိုပြတတ်မြဲပင်။ မုန်းကလည်း သီချင်းဆုံးသွားနှင့် ဟင့်ခနဲ
ငိုချမိကာ သူ့ကိုပြေးဖက်မိမြဲပင် ...။ ထိုသီချင်းက မုန်းစိတ်
ကို ဝမ်းနည်းညွတ်ပြောင်းစေခဲ့သည်။ မုန်း ဘယ်လောက် စိတ်
ကောက်ကောက် သူက ထိုသီချင်းလေးဆို၍ ချော့တိုင်း စိတ်
ပျော့ရမြဲပင်။

ကိုးက မုန်းကို ချွင်းချက်မရှိ ချစ်မြတ်နိုးခဲ့သူ
ဖြစ်သည်။

ချွင်းချက်မရှိ သည်းခံ အလျှော့ပေးခဲ့သူဖြစ်သည်





ကိုး အချစ်ကိုမှီအောင် ဘယ်သူကမှ မုန်းကို မချစ်
နိုင်ဘူးဆိုတာ သေချာသည်။

မုန်းသည်လည်း ကိုးကို ချစ်ခဲ့သလို အချစ်မျိုးဖြင့်
ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးဆိုတာ သေချာသည်။

မုန်းဘဝမှာ ကိုးလိုလူမျိုးတစ်ဦးတည်းသာ ရှိခဲ့
သည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

* * *

"ဟေး … မုန်း … လာခဲ့ … ရေထဲဆင်းခဲ့ …"

ပင်လယ်ကို မျက်နှာမူ၍ ရပ်တန့်နေခဲ့သော

သည် နုနှင့် ယုဝါရဲ့ အော်ဟစ်ခေါ်သံများကို ကြား

အတိတ်ကနေ နိုးထလာရပါသည်။

"မဆင်းတော့ဘူး"

"ဘာ မဆင်းရမှာလဲ၊ နင် ရေ ဒီလောက်ကြိုက်

လာခဲ့ …"

နုနှင့် ယုဝါက ကမ်းပေါ် ပြေးတက်လာက

၏ ရေထဲသို့ ဆွဲချတော့သည်။

"ဟဲ့ … ဖယ်ကြပါဟယ်၊ မလုပ်ပါနဲ့ … ငါမဆ

လို့ပါ"





"ဆင်းကြည့်ရင် နင်ပျော်သွားမယ်၊ ချောင်းသာရောက်ပြီး ရေထဲမဆင်းရင် နှုတတ်တယ်ဟဲ့"

"အဟင် … ဟင်း … ယုဝါတို့ကတော့ ပေါက်ကရပြောပြီ၊ ဟဲ့ … ဟဲ့ … ဖယ်ပါဟယ်"

"မရဘူး၊ လာခဲ့ … ကဲ …"

ယုဝါတို့နှစ်ယောက်က မုန်းကို ရေနှစ်လိုက်ပြီး လေမွေ့ရာကြီးပေါ်သို့ ချီမတင်လိုက်ကြသည်။ ပြီးတော့ သူတို့နှစ်ယောက်လည်း တက်ထိုင်လိုက်ကြသည်။

"ဟယ် … သုံးယောက်တောင် စီးတော့ နှစ်သွားမှာပေါ့"

"မနစ်ပါဘူးဟယ်၊ မကြောက်စမ်းပါနဲ့၊ နစ်လည်း မုန်းနဲ့နုက ရေကူးတတ်တော့ ရေမကူးတတ်တဲ့ ငါတစ်ယောက်တည်းကို နှစ်ယောက် အတူကယ်ပေါ့"

မုန်းတို့ သုံးယောက်မှာ လှိုင်းစီးရင်း ရေထဲမှာ စကားတပြောပြောနှင့် မျောနေကြပါသည်။

"မုန်း …"

"အင်ဟင် …"

"လင်းနေရဲ့ အလွမ်းပြေအစီအစဉ်က ဘာများလဲ မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ငါလည်းသိချင်နေတာ၊ ခုထိတော့ ဘာမှမထူး သေးပါဘူး"

"တို့သုံးယောက်ထဲမှာ ထူးတဲ့တစ်ယောက် ရှိနေတာကော နင်သိလား မှုန်း"

နမေးခွန်းကြောင့် မှုန်းက မျက်ခုံးလေးပင့်မိကာ …

"ဘယ်သူ ဘာထူးလို့လဲ … ၊ နု … ဧကန္တ နင့်မှာ ကိုယ်ဝန်များ ရှိနေပြီလား"

"မဟုတ်ပါဘူး၊ ထူးနေတာက ယုဝါ …"

"ယုဝါက ဘာတွေထူးလို့လဲ …"

"သူ မကြာခင် ထူးတော့မှာ …"

"ဟုတ်လား … ဘာများလဲ၊ ငါသိချင်လာပြီ၊ ပြောကြပါဟဲ့"

"ယုဝါ အိမ်ထောင်ပြုတော့မှာ …"

"ဟယ် … တကယ်"

"တကယ်ပေါ့ …"

"ဘယ်သူနဲ့လဲ၊ အရင်ရည်းစားနဲ့လား၊ ခုရည်းစားနဲ့လား အိမ်ထောင်ပြုဖို့အထိ စဉ်းစားမှန်း ငါတောင်မသိလိုက် ရပါလား"





"သူယူမယ့်လူကို နင်သိရင် အရမ်းအံ့သြလိမ့်မယ်၊ ပြီးတော့ စိတ်လည်းဆိုးလိမ့်မယ်"

"ဘယ်သူမို့လို့လဲ …"

"ကိုရည်မွန်မို့လို့ပေါ့"

"ဟင် …"

မှုန်းထံမှ အာမေဋိတ်သံ အကျယ်ကြီး ထွက်လာပါသည်။ မှုန်းသည် လုံးဝ မယုံနိုင်သေးဘဲ …

"နင်တို့ မနောက်ကြနဲ့နော်၊ ကိုရည်မွန်အကြောင်း နင်တို့ မသိတာလည်း မဟုတ်ဘဲနဲ့၊ ယုဝါ ကိုရည်မွန်ကိုယူရင် ယုဝါ ရှုံးလို့ပဲ"

"နင် ဒီလိုတော့ မပြောပါနဲ့ မှုန်း"

ယုဝါက ခပ်ဆတ်ဆတ် ဝင်ပြောလိုက်တာမို့ မှုန်းက ယုဝါကို အံ့အံ့သြသြလေး စိုက်ကြည့်မိလိုက်ပါသည်။ သူငယ်ချင်းတွေကြားမှာ ဒီလို လေသံမျိုး မကြားဖူးခဲ့လို့ပင်။

"ယုဝါ … နင် တကယ် …"

"ဟုတ်တယ်၊ တကယ်ပဲ … ကိုရည်မွန်နဲ့ ငါနဲ့ ချစ်သူတွေ ဖြစ်သွားကြပြီ၊ ကိုရည်မွန်ကို နင် သဘောမကျမှန်းသိလို့ ငါ မပြောပြမိတာ၊ နုကိုပြောပြထားလို့ နုတော့ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နုရယ် ... နှင်သိရက်သားနဲ့ ဘာလို့ မတားတာလဲ"

"တားရအောင် ငါ့လူက ဘာဖြစ်နေလို့လဲ ..."

"ခြောက်နေတယ်ထင်လို့ပေါ့ဟဲ့"

"ထင်တယ်ဆိုကတည်းက သေချာမှုမှ မရှိတာ၊ ငါ့

အကြောင်းကို နှင်က ငါ့ထက် ပိုမသိနိုင်ပါဘူး"

"ယုဝါ ... နှင် ငါ့ကို စိန်ခေါ်စကားတွေ မပြောနဲ့နော်"

"နှင်က ရမ်းစွပ်စွဲချင်တာကိုး"

"ဟဲ့ ... တော်ကြတော့"

"နု ... နှင်ကြည့်စမ်း၊ ယုဝါ ငါ့ကို ရန်စွယ်ငေါ်ငေါ်ဖြ

နေလိုက်တာ"

ယုဝါနှင့် မုန်းမှာ စကားမများစဖူး ထများနေ

ရာ နုက နှစ်ယောက်ကြားမှာ စိတ်ရှုပ်လာပါသည်။

"ကဲ ... ဒီပုံအတိုင်းဆို မြန်မြန်လှူစုခွဲမှ ဖြစ်တော့မယ်

ကမ်းကို မြန်မြန်ကပ်မှဖြစ်မယ်"

နုက အလျင်စလိုနှင့်ပင် လက်ထဲက လှော်တက်

ဖြင့် တစ်ဖက်စောင်းနှင်း အားသွန်လှော်လိုက်ရာ အစကတည်

ကမှ ဝိတ်များနေသော လေမွှေ့ရာကြီးက စောင်းမှောက်သွား

တော့သည်။





"အမလေး ... ငါရေမကူးတတ်ဘူး၊ ငါရေမကူးတတ်ဘူး။

ကယ်ကြပါဦး ...၊ ငါ့ကို ကယ်ကြဦးနော်၊ တစ်ယောက်

တည်း မထားခဲ့နဲ့နော်"

"ဟဲ့ ... ယုဝါမရဲ့ နှင့်က အတင်းကုပ်ကပ်ထားတော့

ငါတို့ပါ နစ်ကုန်မှာပေါ့ဟဲ့၊ ဘောကွင်း သွားဆွဲပါရစေ

ဦးဟဲ့"

သုံးယောက်သား ဝရုန်းသုန်းကား ဖြစ်လျက် ယုဝါ

ကို တွဲကူကာ လွတ်ထွက်သွားသည့် ဘောကွင်းကို လှမ်းဆွဲ

ကာမှ အချိန်ကိုက် ဖောက်ခွဲလိုက်သလိုမျိုး ဘောကွင်းထဲမှ

ရှူးခနဲအသံကြီးမြည်ကာ လေလျော့ ပိန်ရှုံ့လာလေသည်။

"ကယ်ကြပါ"

သုံးယောက်လုံးရဲ့ သံပြိုင်အော်ဟစ်သံကြီးက ရူးရှ

ကျယ်လွင့်စွာ ထွက်ပေါ်လာပါသည်။

ထိုအချိန်မှာပင် မလှမ်းမကမ်းဆီမှာ ရေကူးနေသူ

တစ်ယောက်က မုန်းတို့ထံသို့ အမြန်ကူးခတ်လာပြီး သူ့ဘော

ကွင်းကို ထိုးပေးလိုက်သည်။

"ရော့ ... ရော့ ... ဒီကွင်းကို ကိုင်ထားကြ၊ ကျွန်တော်

ဆွဲပြီး ကူးသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လုံး ထိုသူပေးသော ဘောကွင်းကို အငမ်းမရ လှမ်းကိုင်လိုက်ကြသည်။ သူက ဘောကွင်းကို ထိန်းပြီး ရေကိမ်ဘက်သို့ ဆွဲခေါ်သွားတော့သည်။

ကမ်းပေါ်ရောက်တော့မှ မုန်းတို့အားလုံး သက်ပြင်းချနိုင်ကြကာ ...

"ကျေးဇူးပဲနော်၊ ရှင် ကူညီပေးလို့ ...၊ ရှင် ... ရှင်က"

နက သူ့ကိုကြည့်၍ပြောရင်းတန်းလန်း ရပ်သွားတာမို့ မုန်းရော ယုဝါပါ ထိုသူ့ကို လှမ်းကြည့်လိုက်မိသည်။ ပြီးတော့ မုန်းတို့ သုံးယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။ နကလည်း မုန်းကို မသိမသာ လက်လှမ်းကုပ်လိုက်သည်။ မုန်းကတော့ သူ့မျက်နှာကို အံ့ဩမင်သက်စွာ စိုက်ကြည့်နေမိပါသည်။

ကိုးမှာ ညီရင်းအစ်ကိုလည်းမရှိပါဘဲ သူက ဘာလို့ ကိုးနဲ့တူနေရတာလဲ ...။ မုန်းရှေ့ကို ဘာလို့ တိုက်တိုက်ဆိုင်ဆိုင်ကြီး ရောက်လာခဲ့ရတာလဲ ...။

"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ ...၊ ကြုံလို့ကူညီတာပါ၊ လွတ်လွတ်လပ်လပ် ကစားကြပါ၊ ကျွန်တော်တော့ ရေထဲဆင်းတာ ကြာနေပြီ၊ သွားလိုက်ဦးမယ်"





သူ နှုတ်ဆက်ထွက်သွားသည်။ နက လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ...

"ဒီမှာ ... ဒီမှာ ... ရှင့်နာမည် ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် တိုးဟန်ပါ"

"ရှင်က ဘယ်ဟိုတယ်မှာ တည်းတာလဲ"

"လိုင်လိုင်းမှာပါ"

"ကျွန်မတို့က Hotel Max မှာပါ၊ မိတ်ဖြစ်ဆွေဖြစ် တစ်ညလောက် ထမင်းအတူစားရအောင်ပါ"

"ကျွန်တော်က ထမင်းမကြိုက်ဘူး၊ အကင်ပဲ ကြိုက်တာဗျ၊ ကမ်းခြေမှာ မီးပုံလေးနဲ့ အကင်လေးနဲ့ဆိုရင် ရပါပြီ"

"အိုကေလေ ... မနက်ဖြန်ည ဆုံတာပေါ့၊ အကင်စားဖို့ ကျွန်မတို့ စီစဉ်ထားလိုက်ပါ့မယ်"

"သင့်ခံယူ ...၊ ဟိုတစ်ယောက် အရမ်းချမ်းနေပြီထင်တယ်၊ ခဏလေးနော် ..."

သူက အင်္ကျီအပါးလေးဖြင့် ပခုံးကျုံ့ လက်ပိုက်ထားသော မုန်းကို မေးတစ်ချက်ဆတ်ပြလိုက်ပြီး ဘောကွင်းတွေပေါ်မှာ တင်ထားသည့် သူ့တဘက်ကြီးကြီးကို ယူလာကာ မုန်းတစ်ကိုယ်လုံးလုံအောင် ခြုံလွှမ်းပေးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီလောက်ဆို အချမ်းလုံပြီနော် ... အိုကေ"

ဟုပြောကာ ပေါ့ပေါ့ပါးပါး ပြေးထွက်သွားသည်။ သူ ခပ်လှမ်းလှမ်းရောက်တော့မှ နုက အိခနဲ အော်ပစ်လိုက်ရင်း ...

"တူလိုက်တာ ... တူလိုက်တာ၊ လင်းနေနဲ့အရမ်းတူတာပဲ နော် ... မုန်း၊ အရပ် အမောင်းကအစ ဘော်ဒီဆိုဒ်ပါ တူနေတာ၊ ညီအစ်ကိုလို့ပြောရင် ယုံနိုင်တယ်၊ လင်းနေက တစ်ဦးတည်းသော သားဆိုတာ သေချာရဲ့လား မုန်း"

"သေချာပါတယ်ဟယ် ..."

"လင်းနေ အဖေကရော အခြေအနေ ဘယ်လိုရှိလဲ"

"ဟင် ... ဘာကိုလဲ"

"ဟို ... ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို အရင်က ဇာတ်လမ်းတွေ ဘာတွေရှိခဲ့ရင်၊ အဖေတူအမေကွဲ ညီတွေ ဘာတွေ ရှိရင်ရှိနိုင်တယ်လေ"

"ကြံကြံဖန်ဖန် နုရယ်၊ သူ့အဖေက ခပ်ရိုးရိုး အညာသားကြီးပါ"

"ဒါပေမယ့် မပြောနိုင်ဘူးလေ ..."

နု မသက်ာဖြစ်လည်း ဖြစ်လောက်စရာ ...။ သူက





ကိုးနှင့်တူလွန်းလှပါသည်။ အမြွာလိုမျိုး ချွတ်စွပ်တူတာမျိုးတော့ မဟုတ်၊ မျက်နှာရော ကိုယ်နေဟန်ထားပါ ခြုံငုံကြည့်လိုက်လျှင် တူနေတာမျိုး ဖြစ်သည်။

မုန်းရင်မှာ လှုပ်ခတ်ရပါသည်။ ရုတ်တရက် ကိုးပဲ အနားရောက်လာသလို စိတ်လှုပ်ရှားမိရပါသည်။

ကိုး သွားခိုင်းတဲ့ ခရီးမှာ ကိုးနဲ့တူတဲ့သူနဲ့ တွေ့ဆုံရတာ တိုက်ဆိုင်မှုသက်သက်လား။ ဒါမှမဟုတ် ...

"ဟဲ့ ... မုန်း ... လင်းနေရဲ့ အလွမ်းပြေအစီအစဉ်ဆိုတာ ဒါများလား၊ သူနဲ့တူတဲ့သူနဲ့တွေ့ရင် သူ့ကို အလွမ်းပြေ မယ်လို့ သူယူဆခဲ့တာလား"

"ငါလည်း ဘယ်သိနိုင်ပါ့မလဲ နုရယ် ..."

"ထူးဆန်းတာတော့ အမှန်ပဲဟ ...၊ သူစီစဉ်ပေးထားတဲ့ ခရီးမှာ သူနဲ့တူတဲ့လူနဲ့ ဆုံရတယ်ဆိုတာ တိုက်ဆိုင်မှု သက်သက်တော့ မဖြစ်နိုင်ဘူး"

မုန်းက သက်ပြင်းလေးချမိရင်း တဖြည်းဖြည်း ဝေးသွားသည့် သူ့ကျောပြင်ကို လှမ်းမျှော်ငေးကြည့်နေမိလေသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

“မုန်းရေ ... လှလှလေးပြင်ဟယ်၊ ရော့ ... ရော့ ... ငါ့အကျီလေး ယူဝတ်လိုက်ပါလား၊ လိမ္မော်ရောင်တောက်တောက်ကြီးကို ဝယ်ပြီးမှ ငါနဲ့မလိုက်မုန်းသိလို့ ဝတ်ဖို့ ဝန်လေးနေတာ၊ နင်နဲ့ဆိုရင်တော့ အရမ်းလိုက်မှာ၊ နင့်အသားကဖြူတော့ ဘာဝတ်ဝတ်လှတယ်၊ ငါ့အကျီနဲ့ ယုဝါရဲ့ ဘောင်းဘီရှည်အနီလေး တွဲဝတ်လိုက်ရင် အရမ်းလန်းသွားမယ်”

“အရောင်တောက်တောက်ကြီးတွေ မဝတ်ချင်ပါဘူး နှရယ်”

“မဝတ်ချင်လည်း ဝတ်ရမယ်၊ အဝတ်အစားကလည်း လူ့စိတ်ကို ပြောင်းလဲစေတယ်ဟဲ့၊ ခုနောက်ပိုင်း နင်ဝတ်လိုက်မှဖြင့် အဖြူအမည်း မီးခိုးထဲက မထွက်ဘူး၊





အရောင်မှိုင်းမှိုင်းတွေပဲ နင်ဝတ်နေတော့ မြင်ရတဲ့လူကော ကာယကံရှင်ရော အာရုံမလန်းဘူးပေါ့”

တိုးဟန်နှင့် ချိန်းထားသည့် သောင်ပြင်ကို သွားခါနီးမှာ နှက မုန်းဝတ်ဖို့ အရောင်တောက်တောက် ဒီဇိုင်းလန်းလန်း အဝတ်အစားတွေချည်း ရွေးပေးနေတာမို့ မုန်းမှာ မနည်းငြင်းနေရပါသည်။ ယုဝါကတော့ မနေ့က စိတ်ကောက်ရှိန် မပြေသေးတာမို့ မုန်းကို စကားသိပ်မပြောဘဲ မျက်နှာက စူပုပ်ပုပ် ဖြစ်နေသည်။

နှက ယုဝါကို လှမ်းကြည့်ရင်း ...

“ယုဝါ ... သွား ... နင့်ဘောင်းဘီရှည် အနီရောင် ယူလာခဲ့ ...”

ယုဝါက ဓောင့်ဓောင့်ဆို ထ,ထွက်သွားပြီး ဘောင်းဘီယူလာကာ မုန်းရှေ့မှာ ဆောင့်အောင့်ချပေးလိုက်သည်။

“ဟဲ့ ... အဲ့ဒါ ဘာဖြစ်တာလဲ”

“နင်က ငါ့ရည်းစားကို မကောင်းမြင်လို့ နင့်ကို ငါ စိတ်ကောက်နေတာပေါ့”

“ငါက ကောက်ရမှာပါဟဲ့၊ နင်က အရင်စပြီး ငါ့ကို ရန်လိုတဲ့စကားတွေ ပြောထားတာ”



www.burmeseclassic.com

www.burmeseclassic.com



"နင်အရင် စပြောလို့ ငါက ပြောရတာ"

"ကဲ ... တော်ပါတော့ဟယ် ကလေးတွေ ကျနေတာပဲ ယုဝါ ... လာ၊ မုန်းဆံပင်ကောက်တွေကို ဆူးလိပ်နဲ့ သေချာပြန်လိပ်ပေးစမ်း ..."

ယုဝါက ဇတ်ဆိုထလာပြီး မုန်းဆံပင်တွေကို ဆွဲ၍ လိပ်လိုက်တာမို့ မုန်းက မျက်နှာလေး ရှုံ့တွရင်း ...

"အမလေး ... လူသတ်တော့မယ့်အတိုင်းပဲ၊ ဖြည်းဖြည်း လုပ်ပါဟဲ့ ..."

"အဟိ ..."

"ဟင်း ..."

ယုဝါကလည်း တဖြည်းဖြည်း ပြုံးစိစိဖြစ်လာ မုန်းကလည်း စိတ်ပြေပြီမို့ ယုဝါကို မှန်ထဲကနေ မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ချိန်မှာ ရာသီဥတုက ပြန်သာယာလာပါသည်။

မုန်းက မုန်းလှပရေးအတွက် ပျာယာခတ်နေသည့် နုကို လှမ်းကြည့်ရင်း ...

"နင် ... ငါ့ကို ဘာလို့ ဒီလောက်လှစေချင်နေတာလဲ နု၊ တိုးဟန်နဲ့ ငါ့ကို စိတ်ထဲမှာ ဘယ်လိုရည်ရွယ်နေတာလဲ၊ ငါ့အနေနဲ့ ကိုးနဲ့တူတဲ့ ယောကျ်ားတစ်ယောက်အပေါ်





အလွယ်တကူ ကိုင်းညွတ်သွားလိမ့်မယ်လို့ နင်ထင်နေသလား"

"အဲဒီလိုတော့ မထင်ပါဘူး မုန်းရယ်၊ ဒါပေမယ့် ခုချိန်မှာ နင့်ကို ပျော်စေချင်တယ်၊ နင့်စိတ်ကို သက်သောင့်သက်သာ ဖြစ်စေချင်တယ်၊ ဒီလို လှပတဲ့နေရာမှာ လှလှလေးဝတ်ပြီး လင်းနေတဲ့တူတဲ့ လူစာစ်ယောက်နဲ့ တွေ့ဆုံခင်မင်ခွင့်ရလိုက်ရင် နင့်စိတ်ထဲမှာ သာယာပြီး အလွမ်းပြေသွားလိမ့်မယ်လို့ ငါထင်မိလို့ပါ"

မုန်းက နုကိုကြည့်၍ ပြုံးလိုက်ရင်း ...

"အေးလေ ... နင့်ဗျူဟာ တကယ်ထိရောက်မလားဆိုတာ ကြည့်ရသေးတာပေါ့"

"တိုးဟန်ကိုမြင်တော့ နင့်စိတ်ထဲမှာ မလှုပ်ရှားဘူးလား ပြော ..."

"လှုပ်ရှားပါတယ်၊ ငါဝန်ခံပါတယ်၊ ဒါပေမယ့် အစားထိုးချင်တဲ့အထိတော့ မဟုတ်ပါဘူး"

"အခြေအနေ ကြည့်သေးတာပေါ့လေ"

မုန်းကို နုနှင့် ယုဝါက အလှဆုံး အတောက်ပဆုံးဖြစ်အောင် ပြင်ဆင်ပေးလိုက်ကြသည်။

ထိုညနေမှာ မုန်းတို့သုံးယောက်က အသင့်ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် အကင်ချောင်းတွေကို ယူလာပြီး ကမ်းခြေမှာ မီးပုံပွဲလေးလုပ်ဖို့ စီစဉ်လိုက်ကြသည်။

မုန်းတို့ ပြင်ဆင်နေတုန်းမှာ ဂစ်တာလေးတစ်လက်ဆွဲကာ မုန်းတို့ဆီ လျှောက်လာနေသော တိုးဟန်ကို လှမ်းမြင်လိုက်ရသည်။

"ဟဲ့ ... ဟဲ့ ... ကြည့်လိုက်ကြစမ်း၊ သူလျှောက်လာနေတဲ့ စတိုင်လ်ကိုက လင်းနေနဲ့ အရမ်းတူနေတာဟ ..."

နုက မုန်းကို လက်ကုပ်ပြီး ပြောလိုက်တာမို့ တိုးဟန်ကို မုန်း လှမ်းကြည့်လိုက်မိပါသည်။

တကယ်ပဲ ... ကိုးနဲ့တူနိုင်လွန်းတာတော့ အမှန်ပင်။ မုန်းသည် သူ့ကိုကြည့်ရင်း ရင်ထဲမှာ တစ်မျိုးလေး ဆွတ်ပျံ့လာသလို ခံစားရသည်။ စိတ်မာတတ်တက်ကြွသလိုလည်း ဖြစ်လာသည်။

"ဟား ... မွေးနေတာပဲ၊ စားရချည်သေးရဲ့"

သူက ရင်းရင်းနှီးနှီးပြောရင်း မုန်းတို့အနားမှာ လာထိုင်သည်။ နုက အသားချောင်းတွေကို အပြန်ပြန်အလှန်လှန် ကင်နေရင်း ...

"အားရပါးရသာ စားပါရှင်၊ စားပြီးရင်တော့ ရှင့်လက်ထဲက ဂစ်တာကို အသုံးပြုဖို့ မမေ့နဲ့ပေါ့"





"ဂစ်တာ တီးပြရမှာလား"

"အတီးချည်းပဲတော့ မရဘူး၊ အဆိုလေးပါ ပါမှ"

"တတ်သလောက် မှတ်သလောက်လေးတော့ ဟဲရတာပေါ့ဗျာ၊ ဒါနဲ့ ခင်ဗျားတို့ နာမည်တွေ ကျွန်တော် မသိရသေးဘူးနော်"

"ကျွန်မက နုရွှေရည်၊ သူက ယုဝါ၊ သူကတော့ မုန်းမမတဲ့ ..."

"ဟား ... နာမည်က အမိုက်စားပဲ၊ ပြီးတော့ ခင်ဗျားတို့ သုံးယောက်ထဲမှာ မုန်းမမက အလှဆုံးပဲ"

"ဟယ် ... ကြည့်စမ်း၊ အားလည်းမနာတတ်ဘူးတော့"

"ဟဲ ဟဲ ... ကျွန်တော်က အဲဒီလိုပဲ စကားအပြောအဆို သိပ်မတတ်ဘူး"

"ထားပါတော့ ...၊ ဒါနဲ့ ရှင်က ဒီကမ်းခြေကို တစ်ယောက်တည်း လာတာလား"

"တစ်ယောက်တည်းပဲလေ"

"ဟင် ... ရှင်မပျင်းဘူးလား"

"ရေထဲဆင်းလိုက်၊ စားလိုက် သောက်လိုက် အိပ်လိုက် လမ်းလျှောက်လိုက် လုပ်နေရတာနဲ့ ပျင်းဖို့တောင် အချိန်မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းတယ်နော်၊ ချောင်းသာကိုများ တစ်ယောက် တည်း လာရတယ်လို့ ..."

"ကျွန်တော်က နှစ်တိုင်း ဖေဖော်ဝါရီ ၁၃ ဆို ဒီရောက် တစ်ယောက်တည်း လာပြီး တစ်ပတ်လောက် နေပြီး ပြန်တာ ထုံးစံလိုဖြစ်နေပြီလေ"

နက ဘာ့ကြောင့် ဖေဖော်ဝါရီ ၁၃ မှာ လာရသလဲ ဟု ဆက်မေးချင်ပေမယ့် ခုမှတွေ့ပြီး သိပ်စပ်စုရာ ကျမှာစိုး သဖြင့် ဆက်မမေးဖြစ်တော့ပါ။

လေးယောက်သား ကင်လိုက် စားလိုက်၊ တွေ့ရာ လေးပါး ပေါ့ပေါ့ပါးပါးစကားလေးတွေ ပြောလိုက်ဖြင့် တဖြည်း ဖြည်း ညမှောင်လာတော့မှ သူက ဂစ်တာကြိုး စ,ညှိလိုက်ပါ သည်။

"ကဲ ... ဖျော်ဖြေရေး အစီအစဉ် စ,တင်ပါတော့မယ်"

"အိုကေ ... နားဆင်ဖို့ အသင့်ပါ"

ယုဝါက ခပ်သွက်သွက် ဝင်ထောက်ခံလိုက်တော့ သူက ပြုံးပြီး ဂစ်တာ စ,တီးလေသည်။

ဂစ်တာသံ ပီပြင်လာချိန်မှာ မုန်းတစ်ကိုယ်လုံး ထူပူလာသလို ခံစားရသည်။ ထို့နောက် သူ့သီချင်းသံ ...။





*"သူ့စကားလေးများ ကြမ်းတဲ့အခါ x x x ကိုယ့်နှလုံးသား လေး ဝမ်းနည်းသွား x x x တစ်ယောက်တည်း ကျိတ်ကြေကွဲ လည်း x x x အချစ်များ သူ့ဆီမှာ x x x"*

မုန်းရဲ့ နှလုံးသွေးများသည် ရုတ်တရက် ရပ်ဆိုင်း သွားပြီဟု ထင်လိုက်ရ၏။

ငြိမ်သက်နေသော မုန်းရဲ့ခန္ဓာကိုယ်သည် ဘယ် သူမှ မသိအောင် တုန်ရင်နေလေ၏။

မုန်းသည် သူ့ကို ငေးကြည့်နေရင်း 'ဒါ တိုက်ဆိုင် မှုလား ... ကိုးရဲ့ အကွက်ဆင်ထားမှုလား' ဟု ရင်ထဲမှာ အကြိမ် ကြိမ် အော်ဟစ်နေမိသည်။ ပြီးတော့ မုန်း နှလုံးသားတွေ နာ ကျင်လာသလိုပင်။

သီချင်းဆုံးသွားတော့ သူက ပြုံးလိုက်ပြီး ...

"ကဲ ... ပရိသတ်တွေလည်း ငိုက်တောင်နေကြပြီထင် တယ်၊ အိပ်ချင်ပြေလေး ဖြေဖျော်စရာတစ်ခုတော့ ကျန် သေးတယ်ဗျ"

ဟု ပြောရင်း သူ့ဂျာကင်အိတ်ထဲက တစ်စုံတစ်ရာ ကို ထုတ်ယူလိုက်ပါသည်။

ထိုတစ်စုံတစ်ရာဟာ ဘောလ်ပဲန်လေး တစ်ချောင်း ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဘောလ်ပဲန်ကို လက်ဖဝါးထဲသို့ ထည့်လိုက်ပြီး …

"ဒီဘောလ်ပဲန်ကို မတ်တတ်ထရပ်အောင် လုပ်ပြပါမယ် ကြည့်ရှုအားပေးကြပါ"

မုန်းသည် သူ့လက်ဖဝါးထဲက တရွေ့ရွေ့ထောင်လာနေသော ဘောလ်ပဲန်လေးကို စိုက်ကြည့်ရင်း အသက်ရှူ ရပ်မတတ် ဆို့ကြပ်၍သွားလေသည်။

"မုန်း …"

ရုတ်တရက် မိုက်ခနဲ ဖြစ်ကာ ငိုက်ကျသွားသော မုန်းကို နနှင့် ယုဝါက လှမ်းဆွဲတွဲလိုက်ကြသည်။ မုန်းသည် အသက်ကို တပင်တပန်း ရှိုက်၍ ရှုလိုက်ရင်း …

"ဆောရီး … ငါ ခေါင်းမူးလာလို့ ပြန်တော့မယ်၊ ကိုတိုးဟန် မုန်းကို ခွင့်ပြုပါဦး"

"ကျွန်တော် လိုက်ပို့ပါ့မယ်"

"ရပါတယ် ကိုတိုးဟန်၊ မုန်းဘာသာ ပြန်ပါ့မယ်"

"ငါတို့လည်း လိုက်ခဲ့မှာပေါ့၊ ကိုတိုးဟန် ကျွန်မတို့ကိုလည်း ခွင့်ပြုပါဦး မနက်မှ ဆုံတာပေါ့"

"အိုကေ … မနု၊ ကျွန်တော့်အတွက်တော့ ဂုဏ်ယူစရာပါပဲ"





"ရှင် … ဘာကိုလဲ"

"ကျွန်တော့် မျက်လှည့်ပြကွက်က ထူးဆန်းလွန်းတော့ မုန်းမမတောင် ရုတ်တရက် ရှော့(ခ်)ရပြီး မူးမိုက်သွားရတယ်လေ"

"ဟုတ်ပါ့ … ကိုတိုးဟန်ရယ်"

နနှင့် ယုဝါက မုန်းလက်ကို တစ်ဖက်တစ်ချက်မှ တွဲ၍ ဟိုတယ်ဘက်သို့ ပြန်လျှောက်လာခဲ့ကြသည်။ ခပ်ဝေးဝေး ရောက်တော့ တိုးဟန်ရဲ့ လှမ်းအော်မေးသံကို ကြားရသည်။

"ကျွန်တော် ရှုဆေးလာပို့ပေးရမလား …"

"ရတယ် … ရတယ်၊ ကျွန်မတို့မှာ ပါတယ်"

ယုဝါက ပြန်အော်ပြောလိုက်တော့ သူက စိတ်မချသလို ရပ်ကြည့်ကျန်ခဲ့သည်။

ဘန်ဂလိုရှေ့ရောက်တော့ နုက မုန်းမျက်နှာကို ကြည့်ရင်း …

"မုန်း … နင် အဆင်မပြေရဲ့လားဟယ် …၊ ငါတို့လည်း နင်နဲ့ လင်းနေ အကြောင်းတွေ သိထားတော့ ခုလို တိုက်ဆိုင်တာတွေကို အရမ်း အံ့သြပါတယ်၊ ဒါကို တိုက်ဆိုင်မှုလို့တောင် လက်မခံချင်တော့ပါဘူး"

"နု … ယုဝါ … ငါ အခု တစ်ယောက်တည်းပဲ နေချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဝရန်တာမှာ ငါ ခဏထိုင်နေပါရစေနော်၊ နင်တို့ပျော်နေတာတွေ ငါ့ကြောင့် အနှောင့်အယှက်မဖြစ်ပါစေနဲ့၊ နင်တို့ဘာသာ အခန်းထဲမှာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေကြပါ၊ ဝရန်တာဘက် ထွက်တဲ့တံခါးကိုလည်း ငါ ခဏပိတ်ထားမယ်နော်"

"အေးပါ ... အေးပါ ... နင် အဆင်ပြေသလိုနေပါ၊ ငါတို့နင့်ကို နားလည်ပြီးသားပါ၊ ဝရန်တာမှာ အေးတော့အေးတယ်၊ တဘက်ထူထူလေးတော့ ခြုံထား၊ နေဦး ... အခန်းထဲမှာ ငါသွားယူပေးမယ်၊ မနေ့က ကိုတိုးဟန် ပေးလိုက်တဲ့ တဘက်ကို လောင်ဒရီအပ်ထားတာ ရလောက်ပြီ၊ အဲ့ဒီ တဘက်ကထူတယ်၊ အဲဒါပဲ ခဏခြုံထားလိုက်"

နုက အခန်းထဲက တဘက်ကို သွားယူလာပြီး မုန်းကို ခြုံပေးလိုက်သည်။ မုန်းက တဘက်ကို ရင်ဘတ်ဖေအောင် ဆွဲထပ်ခြုံလိုက်ပြီး ဝရန်တာက ကုလားထိုင်လေးမှာ ထိုင်ကျန်ရစ်ပါသည်။

လှိုင်းသံတွေ ကြားနေရသည်။ အမှောင်ထဲမှာ ပင်လယ်ဆီ မှန်းမျှော်ငေးနေတာမို့ တစ်ချက်တစ်ချက်မှာ လှိုင်းဖြူဖြူလေးတွေ လိပ်တက်လာတာကို အလင်းရောင် မှုန်မှုန်ထဲမှာ တစ်ချက်တစ်ချက် လက်ခနဲ လက်ခနဲ မြင်နေရသည်။





မုန်း အတွေးတွေထဲမှာ အားငယ်နွမ်းလျနေသည်။ ဝေဝါးတွေးရှုပ်နေသည်။ ရင်ခုန်နှုန်းတွေက ပုံမှန်ထက် မြန်လျက် လက်ဖျား ခြေဖျားတွေ အေးစက်လာနေပါသည်။

တိုးဟန်နဲ့တွေ့ရတာဟာ တိုက်ဆိုင်မှုလို့ မုန်း ဘယ်လိုယုံနိုင်တော့မှာလဲ ...။ ဘောလ်ပဲန်လေး ထောင်လာအောင် မျက်လှည့်ပြတဲ့အဖြစ်ဟာ ဒီလောကမှာ ဘယ်လောက် ပေါပေါများများရှိလို့ လာတိုက်ဆိုင်ရမှာလဲ။ ကိုးနဲ့တူတဲ့ လူက ကိုးဆိုနေကျ သီချင်းကို ဆိုပြီး ကိုးပြနေကျ မျက်လှည့်ကလေးကို လာပြတယ်ဆိုတာ တိုက်ဆိုင်မှုလို့ ယုံနိုင်စရာမှမရှိဘဲ ...။ ဒါဟာ ကိုးစနက်ပဲ။ ကိုး တစ်ခုခုကို ရည်ရွယ်တာပဲ ...။

မုန်းသည် တွေးရင်း တွေးရင်း ကိုးကို စိတ်တိုလာမိပါသည်။ အနားမှာသာ ကိုးရှိနေရင် စိတ်ရှိလက်ရှိ ထုရိုက်ပစ်မိမလားပဲ။

မုန်းသည် ခုချက်ချင်းပဲ တိုးဟန်ကို သွားရှာကာ တိုးဟန်ရဲ့ ဇစ်မြစ်ကို မေးစမ်းလိုက်ချင်သည်။ ကိုးနဲ့ ဘယ်တုန်းက သိပြီး ဘာတွေ ညှိထားသလဲဟု မေးလိုက်ချင်သည်။

မုန်းက ဆောက်တည်ရာမရဖြစ်လာကာ နုတို့ကို တိုင်ပင်ရင်ကောင်းမလားဟု စဉ်းစားရင်း အခန်းဘက်သို့ ကူး



www.burmeseclassic.com

www.burmeseclassic.com



သည့် တံခါးလေးကို အသာဟာမိစဉ် အတွင်းမှ ယုဝါရဲ့ တက်ကြွလိုက်လှဲသံကလေးကို ကြားလိုက်ရသည်။

"ငါတော့ လက်ထပ်ပြီးရင် ကလေးအမြန်ယူဖို့ စဉ်းစားထားတယ်၊ အသက်က ၃၀နား ကပ်ပြီဆိုတော့ ချက်ချင်းယူလိုက်တာပဲ ကောင်းတယ် ...၊"

"လောလောဆယ်တော့ ကိုရည်မွန် စုထားတဲ့ ငွေက သိပ်မများဘူးဆိုတော့ မင်္ဂလာဆောင်ကိုတော့ တော်ရုံသင့်ရုံကလေးပဲ လုပ်ရင်ကောင်းမယ်၊ ငါက အရမ်း မင်္ဂလာဆောင်ချင်လို့သာ ဆောင်ရမှာ၊ ပိုက်ဆံတော့ နှမြောသား၊ မင်္ဂလာဝတ်စုံကိုတော့ မချုပ်တော့ဘူးဟ၊ ငှားပဲဝတ်တော့မယ်၊ ငှားတဲ့ဈေးကတောင် သိန်းချီရှိတာ၊ ငါက နည်းနည်းပိန်တော့ ထိုင်မသိမ်းနဲ့ သိပ်မလိုက်ဘူး၊ အနောက်တိုင်းဆန်ဆန် ဂါဝန်ကားကားလေးပဲ ဝတ်မှဖြစ်မှာ"

မုန်းက ယုဝါရဲ့ အပျော်ကို မဖျက်ဆီးချင်တော့တာမို့ တံခါးကို ပြန်စေ့ထားခဲ့ပြီး ကမ်းခြေဘက်သို့ ဆင်းလာခဲ့ပါသည်။

မုန်းသည် တဘက်ထူထူလေးကို ခြုံရင်း ရေလှိုင်းအိအိတို့ ထိနမ်းစွတ်စိုသော သဲမြေပေါ် ဖိနပ်မပါဘဲ နင်းလျှောက်





လာပါသည်။ တစ်နေရာရောက်တော့ မုန်းက ရေစပ်ကို ခြေဖဝါး နှစ်ရုံဆင်းလာကာ ပင်လယ်ဆီ ရပ်မျှော်ငေးနေဆဲ ...

"ခြေထောက် အေးဦးမယ်"

နောက်ဘက်မှအသံကြောင့် မုန်း လှည့်ကြည့်တော့ လူတစ်ယောက်ရပ်နေတာကို ရိုးတိုးရိပ်တိတ် မြင်ရသည်။ ညနေက ကိုတိုးဟန် ဝတ်ထားသော တီရှပ်ဖြူဖြူနှင့် ဘောင်းဘီပုံစံကို မှတ်မိသွားကာ ...

"ကိုတိုးဟန်လားဟင်"

"ဟုတ်ပါတယ်"

"ရှင် ခုထိ ဟိုတယ် မပြန်သေးဘူးလား"

"မုန်းမမရော ဘာလို့ ပြန်ထွက်လာတာလဲ"

"လေညင်းခံရင်း လှိုင်းသံနားထောင်ချင်လို့"

"me too၊ ကျွန်တော်လည်း အတူတူပဲ"

မုန်းတို့ ပြိုင်တူရယ်မိကြသည်။ ရယ်မိခိုက်မှာ စိတ်နည်းနည်းပေါ့သွားသည်ဟု ထင်ရသည်။ ကမ်းခြေအတိုင်း ဆက်လျှောက်လာတာမို့ မလှမ်းမကမ်း မီးပုံပွဲလေးတွေရဲ့ မီးရောင်ဖြင့် တစ်ယောက်ကို တစ်ယောက် သဲသဲကွဲကွဲ မြင်လာပါသည်။

"မုန်းမမ ...."



www.burmeseclassic.com

www.burmeseclassic.com



"မုန်းပဲ ခေါ်ပါရှင်၊ မုန်းရဲ့မိတ်ဆွေတွေကလည်း မုန်းလို့ပဲ ခေါ်ကြပါတယ်"

"မုန်း ခေါင်းမူးသက်သာသွားပြီလား"

"သက်သာသွားပါပြီ၊ မုန်း ထပြန်လာခဲ့မိလို့ ရှင် စိတ်ကသိကအောက်ဖြစ်သွားရင် ဆောရီးနော်"

"မဖြစ်ပါဘူး၊ ကျွန်တော့်အရွယ်က အဲဒီလောက် သဘောထား နုရမယ့် အရွယ်မှ မဟုတ်တော့တာ"

"မုန်းသိချင်တာလေးတစ်ခု ရှိတယ်"

"မျက်လှည့်အကြောင်းမှ ဟုတ်ရဲ့လား"

မုန်းက တစ်ချက်ရယ်မိရင်း ...

"ရှင်ထင်တဲ့ အတိုင်းပါပဲ၊ အဲဒီ မျက်လှည့်ပြကွက်တို ဘယ်ကသင်လာတာလဲဟင်"

"မျက်လှည့်ဆရာ တစ်ယောက်ဆီက ဉာဏ်ပူဇော်ခပေးပြီး သင်ထားတာ၊ အဲဒီ တစ်ကွက်တည်းပါဗျာ၊ မိတ်ဆွေသစ်တွေရရင် ပိုပြီး ခင်မင်သွားအောင် ဒါလေးထုတ်ထုတ်ပြပြီး အရောဝင်ရတာပေါ့"

မုန်းက ဘာမှဆက်မမေးဖြစ်သေးဘဲ နှုတ်ဆိတ်လျက်ရှေ့ဆက်လျှောက်လာသည်။ သူက မုန်းနှင့်အတူ လျှောက်လိုက်လာရင်း ...





"ညနေက ကျွန်တော် သီချင်းဆိုပြတာ နားထောင်လို့ကောင်းရဲ့လား"

"ကောင်းပါတယ်၊ အရမ်းကောင်းပါတယ်"

"ဟဲ ဟဲ ... လျှို့ဝှက်ချက်တစ်ခု ပြောပြမယ်၊ ကျွန်တော့်ဘဝမှာ သီချင်းဆိုလို့ အဲဒီ တစ်ပုဒ်တည်းကိုပဲ ကောင်းကောင်း ဆိုတတ်တာဗျ၊ ဂစ်တာ ပိုင်ပိုင်နိုင်နိုင် တီးနိုင်တာလည်း အဲဒီတစ်ပုဒ်တည်းပဲ။ ဒါတောင်မှ သူငယ်ချင်းတစ်ယောက် သင်ပေးထားလို့ တတ်တာ"

"သူငယ်ချင်း ... !"

"ဟုတ်တယ်၊ ကျွန်တော့်မှာ ကျွန်တော် အရမ်းချစ်တဲ့ ကျွန်တော်နဲ့ ရုပ်ချင်းဆင်တဲ့ သူငယ်ချင်းတစ်ယောက် ရှိခဲ့တယ်၊ သူက အဆိုရော အတီးပါ ပိုင်တယ်၊ ခုန မျက်လှည့်ကွက်လေး သင်တုန်းကတော့ သူနဲ့ ကျွန်တော် အတူတူသင်ကြတာ"

မုန်းနှလုံးသားတွေသည် ရုတ်တရက် တဒိတ်ဒိတ်ခုန်ကာ ခန္ဓာကိုယ်တစ်ခုလုံး ထူပူဖိန်းရှိန်းလာပါသည်။

"သူငယ်ချင်းတစ်ယောက် ရှိခဲ့တယ်ဆိုတော့ အခု အဲဒီ သူငယ်ချင်းက ... ?"

"ဆုံးသွားရှာပါပြီ၊ သူနဲ့ ကျွန်တော်က စတန်းနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က စ,ခင်ကြတာ၊ ကျွန်တော်က ဂျစ်တစ်တစ် ပေတေတေ၊ သူက နူးနူးညံ့ညံ့ စိတ်ကူးယဉ်သမား၊ ကျွန်တော် ရည်းစား စထားတော့ သူ့ကိုလည်း ရည်းစားထားဖို့ ဆွယ်ရတယ်၊ သူက ရည်းစားထားဖို့ စိတ်မဝင်စားခဲ့ဘူး၊ သူငယ်ငယ်တုန်းက ခင်ခဲ့တယ်ဆိုတဲ့ ကောင်မလေး အကြောင်းကိုပဲ အမြဲပြောတယ်၊ ဒီကောင်က သီချင်းဆိုရင် မြိန်မှာသံ၊ စတီရီယို အကုန်ဆိုတတ်တဲ့ကောင်၊ စိတ်ထားလည်း အရမ်းနူးညံ့တယ်၊ အနုပညာအလုပ် မလုပ်ပေမယ့် အနုပညာဆန်တဲ့ လူမျိုးပဲ"

"သူက ဘာရောဂါနဲ့ ဆုံးတာလဲ"

"ဘာရိန်းကျူမာ တဲ့"

မုန်းသည် ခြေလှမ်းဆက်မလှမ်းဖြစ်တော့ဘဲ ရပ်တန့်နေလိုက်မိပါသည်။ ရင်ဘတ်တစ်ခုလုံး လှိုက်ဆို့လာကာ တစ်ခုခု အန်ထွက်ကျလာတော့မလို ခံစားနေရပါသည်။

"ကျွန်တော်နဲ့ သူက အဆက်အသွယ်ပြတ်နေတာတော့ ကြာပါပြီ၊ ဆယ်တန်းဖြေပြီး နောက်ပိုင်း ကျွန်တော်က စင်ကာပူမှာ ကျောင်းသွားတက်တယ်၊ ကျွန်တော် ဟိုမှာ ကျောင်းတက်နေတုန်း သူအိမ်ထောင်ကျတယ်တဲ့၊ သူ ဘယ်သူနဲ့ အိမ်ထောင်ကျသွားမှန်းတောင် မသိလိုက်ဘူး၊





လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော်လောက်ကမှ ကျွန်တော် ဒီချောင်းသာကို ပြန်လာတုန်း သူနဲ့ဆုံရတာ ...၊

"သူက သူ့မှာ ရောဂါရှိနေမှန်း သိတာနဲ့ သူ့အမျိုးသမီးကိုလည်း မပြောရက်ဘဲ စိတ်ညစ်စိတ်လေပြီး ချောင်းသာကို တစ်ယောက်တည်း ထွက်လာခဲ့တာတဲ့လေ ...၊

ကျွန်တော်ကလည်း ကျွန်တော် အရမ်းချစ်တဲ့ ချစ်သူက ဖေဖော်ဝါရီ ၁၄ ရက်နေ့မှာ ကျွန်တော်နဲ့အတူ လျှောက်လည်ရင်း အက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားခဲ့တာဆိုတော့ နှစ်တိုင်း ဖေဖော်ဝါရီ ၁၃ ရက်လောက်ကတည်းက ဒီကိုလာပြီး ကိုယ့်ကိုယ်ကို စိတ်ဖြေသာအောင် နေရတာပေါ့ဗျာ"

"ဒါဆို ... ရှင် ဒီကို နှစ်တိုင်း ဒီအချိန်ဆို ဒီကိုလာတတ်မှန်း သူသိတာပေါ့နော်"

"သိတာပေါ့၊ သူနဲ့ ဒီမှာပြန်ဆုံတဲ့ နေ့ကဆို နှစ်ယောက်သား အပြန်အလှန် နှစ်သိမ့်ခဲ့ရတာပေါ့ဗျာ၊ နောက်တော့ ကျွန်တော့်အလုပ်ကလည်း စင်ကာပူဆိုတော့ ခွင့်ရက်စေ့တာနဲ့ ဟိုပြန်သွားရတယ်လေ၊ သူဆုံးတာကိုတော့ တော်တော်နောက်ကျပြီးမှ သိရတာနဲ့ ပြန်မလာဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ကျန်ရစ်ခဲ့တဲ့ သူ့အမျိုးသမီးကိုလည်း ကျွန်တေ
သေချာမသိခဲ့ဘူးလေ”

ကိုတိုးဟန်ရဲ့ စကားလုံးတွေက မုန်းကို လေ
တိုင်း တစ်ခုလို ရိုက်ခတ်လျက်ရှိသည်။ မုန်းသည် အလုပ်ကို
ဟု အကြောင်းပြကာ ကိုးတစ်ယောက်တည်း နှစ်ညအိပ် သုံးရ
ခရီး ထွက်ခဲ့သော အချိန်ကို ပြန်သတိရလာမိသည်။ ဒါဆို
အဲ့ဒီရက်တွေမှာ သူတစ်ယောက်တည်း ဖြေသာစေဖို့ ချောင်းသ
ကို သွားခဲ့တာပေါ့။ အဲ့ဒီအချိန်မှာ တိုးဟန်နဲ့ ပြန်ဆုံခဲ့တာပေ
တိုးဟန် နှစ်တိုင်း ဒီအချိန် ဒီလိုနေရာကို လာတတ်တာ
သူသိခဲ့တာပေါ့။ ဒါကြောင့် တိုးဟန်နဲ့ တွေ့နိုင်မယ့်အချိန်
တွက်ဆပြီး မုန်းကို ချောင်းသာကို လာစေခဲ့တာပေါ့။ အ
လည်း ကြီးပါပေ့ ကိုးရယ် ...။

“ကျွန်တော့် သူငယ်ချင်းက ဘယ်လောက် စိတ်ကူး
ဆန်သလဲဆိုရင် ဒီချောင်းသာမှာ သူနေနေတဲ့အချိန်
တုန်းက သူသေသွားခဲ့ရင် သူ့အမျိုးသမီးမှာ အချိန်
တစ်ခုထိ ဖြေသာစရာရအောင် ပို့ပေးခဲ့ဖို့ စာတွေ
ရေးနေခဲ့တာ ...၊ အဲ့ဒီစာတွေ ပို့ဖို့ သူ ဘယ်လိုစီ
သလဲတော့ မသိဘူး”





မုန်းရဲ့ ခန္ဓာကိုယ်သည် ရုတ်တရက် ယိမ်းယိုင်
သွားတာမို့ သူက ဖျတ်ခနဲ လှမ်းဖက်ထွေ့လိုက်သည်။ ကိုးနဲ့
တူလှစွာသော သူ့မျက်နှာနှင့် အလွန်အမင်း နီးကပ်သွားခဲ့ရ၏။
မုန်းသည် ခဏလေး တုန်လှုပ်သွားပြီးမှ ချက်ချင်း သတိဝင်ကာ
မုန်းခန္ဓာကိုယ်ကို ပြန်ထိန်းမတ်လိုက်၏။ တိုးဟန်က တိုးဟန်၊
ကိုးဟာ ကိုး။ တိုးဟန်ဟာ ဘယ်တော့မှ ကိုးဖြစ်မလာနိုင်တာ
ကို မုန်း ခံစားမိလာသည်။

“မုန်း ... နေမကောင်းဘူးလားဟင်၊ ခေါင်းပြန်မူးလာလို့
လား”

သူ့အသံက ကိုးလိုပဲ ကြင်နာလွန်းသည်။ သို့သော်
သူဟာ ကိုး မဟုတ်။

မုန်းသည် သူနှင့် မျက်နှာချင်းဆိုင် ရပ်တန့်လိုက်
ရင်း ...

“ကိုတိုးဟန်ရဲ့ သူငယ်ချင်းက လင်းနေမဟုတ်လားဟင်”

“ဗျာ ... ဟုတ်ပါတယ်၊ မုန်း ဘယ်လိုသိ ...”

“ရှင့်သူငယ်ချင်းရဲ့ အမျိုးသမီး ဆိုတာ မုန်း ပါပဲ
ကိုတိုးဟန်”

“ဗျာ ...”



www.burmeseclassic.com

www.burmeseclassic.com



သူ … ရုတ်တရက် အံ့ဩနှုတ်ဆိတ်သွားသည်။

"သူ့အကြောင်းတွေ အားလုံးသိခွင့်ရခဲ့တဲ့အတွက် ကျေး
ပါပဲ ကိုတိုးဟန်၊ မုန်းကို ခွင့်ပြုပါဦး"

မုန်း သူ့အနားမှ ပြေးထွက်လာခဲ့သည်။ မလှမ်း
မကမ်းရောက်တော့ မုန်းကိုယ်ပေါ်မှာ ခြုံထားသည့် တဘက်
သူ့ထံပြန်ပေးဖို့ သတိရကာ နောက်ပြန်လှည့်ကြည့်မိရင်း လှမ်း
အော်ပြောလိုက်သည်။

"မနက်ကျမှ ရှင့် တဘက် ပြန်ပေးမယ်"

"နေပါစေ … မုန်းပဲ ယူထားလိုက်ပါတော့ … "

သူကလည်း ပြန်အော်ပြောလိုက်သည်။ မုန်းက
တဘက်ကို ခပ်တင်းတင်း ဆွဲခြုံလိုက်ပြီး ဘန်ဂလိုဘက်သို့
ဆက်ပြေးလာခဲ့သည်။

ဘန်ဂလိုအခန်းတံခါးကို ဖြုန်းခနဲ ဖွင့်ကာ အခန်း
ထဲ ပြေးဝင်လာသော မုန်းကြောင့် ယုဝါနှင့် နုက လန့်သွား
နှင့် …

"ဟဲ့ … မုန်း … ဘာဖြစ်လို့လဲ၊ ဝရန်တာမှာ နင်မရှိတော
မုန်း သိလို့ ငါတို့တောင် ခုပဲလိုက်လာကြတော့မလို့ …
ဒီမှာ နင့်အတွက် စာတစ်စောင်လည်း ရောက်လာလို့ … "





"စာ … ၊ ဘာစာလဲ … "

မုန်းက အသက်ရှူသံမြန်ဆန်လျက်ပင် အမော
တကော မေးသည်။

"လင်းနေဆီကနေလာနေကျ စာမျိုးပဲ၊ ညနေက ဟိုတယ်
ဝန်ထမ်း ကောင်လေးတစ်ယောက် လာပေးသွားတာ"

"ပေး … "

မုန်းက နုလက်ထဲက စာကို ဖျတ်ခနဲ ဆွဲယူလိုက်
အမို့ နုနှင့် ယုဝါက မုန်းအပြုအမူကို တအံ့တဩ စိုက်ကြည့်
နေကြသည်။

မုန်းက စာကို ခပ်မြန်မြန် ဖွင့်ဖတ်လိုက်သည်။

*မုန်း …*

*လွမ်းနေသလား …*

*အလွမ်းပြေသလား …*

*အလွမ်းပြေရုံအပြင် မုန်းစိတ်မှာ ခံစားမှုအသစ် တစ်ခု
ဖြစ်လာခဲ့ရင်လည်း …*

*ကိုယ် ကြည်ဖြူကျေနပ်နိုင်ပါတယ်။*

*မုန်းကို သိပ်ချစ်တဲ့ …*

*'ကိုး'*



www.burmeseclassic.com

www.burmeseclassic.com



"သွား ..."

မုန်းသည် စာကို မွေ့ရာပေါ်သို့ ပစ်ပေါက်ချလိုက် ရင်း ...

"ရှင်က မုန်းအနားမှာ မရှိတော့တာတောင် မုန်းကို ရန်စချင်သေးတာလား၊ မုန်းကို စိန်ခေါ်တာလား၊ အတဲ စမ်းတာလား၊ ရှင် ဒီလိုလုပ်စရာလား၊ ရှင်က အောင် သွယ်တော်ကြီးလား၊ ရှင် မုန်းနဲ့ရန်ဖြစ်ချင်နေတာလား နလပိန်းတုံးကြီးရဲ့ ...၊ လူအ လူနုကြီးရဲ့"

မုန်းက မျက်စိစုံမှိတ်၍ ကိုးကို ရန်တွေ့သလို ကြုံးအော်၍ ရန်တွေ့လိုက်ပြီးမှ မွေ့ရာပေါ် ပစ်မှောက်ချကာ တဟီးဟီး ငိုကြွေးလိုက်မိလေသည်။

♣ ♣ ♣



မဟာလ

www.burmeseclassic.com

www.burmeseclassic.com

"မုန်းရေ… ငါ နုပါ၊ နင်ဘာလို့ ငါတို့ကို အတွေ့မခံသေးတာလဲ၊ နင်တစ်ယောက်တည်း အခန်းအောင်းမနေနဲ့၊ ရူးသွားလိမ့်မယ်၊ ဘယ်သူနဲ့မှ မတွေ့ချင်ဘူးဆိုလည်း ဖုန်းလေးတော့ ကိုင်သင့်ပါတယ်၊ နင့်အတွက် စိတ်ပူနေတယ်၊ ဖုန်းပြန်ဆက်ပါ …"

"ဟဲ့…မုန်း ငါ ယုဝါပါ၊ ငါ အခု နင့်ကို အရမ်းစိတ်ဆိုးနေတယ်၊ ငါက မေလထဲမှာ မင်္ဂလာဆောင်တော့မှာ၊ ငါ့မင်္ဂလာဆောင်ကိစ္စကို နင် နည်းနည်းလေးမှ မကူညီတော့ဘူးလား၊ ကိုရည်မွန့်ကို နင် ခုထိ သံသယဝင်တုန်းပဲလား၊ နင် ငါနဲ့အဆက်အသွယ်မလုပ်ရင် နင့်ကို ငါ့မင်္ဂလာဆောင် မဖိတ်တော့ဘူး၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



“သမီးရေ… မာမီကို သွေးတိုးအောင် မလုပ်စမ်းနဲ့ဟယ်၊ မာမီ သမီးအတွက် စိုးရိမ်တယ်၊ မာမီ့ဆီ ဖုန်းဆက်ပါဦး”

“မုန်း … ငါ ထမင်းပါ၊ နင့်ခံစားမှုတွေကို ငါနားလည်ပါတယ်၊ တစ်ယောက်တည်း ကျိတ်ခံစားမယ့်အစား ငါတို့ကို ရင်ဖွင့်လိုက်ပါလား၊ ငါ နင့်ကိုတွေ့ချင်တယ်၊ အရမ်း စိတ်ပူနေတယ်”

မုန်းသည် တစ်နေ့လုံး ဖုန်းမကိုင်ဘဲ ညနေကျမှ ဖုန်း အသံဖမ်းစက်ကို ဖွင့်လိုက်လျှင် ထိုအသံများကို ကြားရမြဲ တည်း။

မုန်းကလည်း ညနေတိုင်း ဖုန်းဖြေစက်မှာ အသံ သွင်းထားလိုက်၏။

“မာမီ၊ နု၊ ထွန်းခိုင်၊ ယုဝါ၊ ထမင်း … မုန်း နေကောင်း ပါတယ်၊ စိတ်မပူပါနဲ့၊ မုန်းစိတ်တွေကို ပြန်တည်ဆောက် ဖို့ အချိန်လေးတစ်ခုတော့ ပေးပါနော် …”

စသဖြင့် အသံသွင်းထားလိုက်မြဲဖြစ်၏။ နုတို့ ဖုန်းဆက်တိုင်း ဖုန်းဖြေစက်မှ မုန်းအသံကိုကြားရပြီး တိုက်ရိုက် ဖုန်းပြောခွင့်မရတာ နှစ်ပတ်ကျော် ကြာခဲ့ပြီဖြစ်သည်။

မုန်းသည် ချောင်းသာက ပြန်လာကတည်းက





စိတ်နှလုံးတွေ ပြိုကွဲလာကာ ဘယ်သူ့ကိုမှ အဆက်အသွယ် မလုပ်ဘဲ အိမ်တွင်းအောင်းနေခဲ့သည်။ မုန်းတစ်ယောက်တည်း နေခွင့်ပြုပါဟု အားလုံးကို ပန်ကြားထားသဖြင့် သူတို့က မုန်း ကို လွှတ်ထားပေးရပေမယ့် ဖုန်းအဆက်အသွယ်လောက်တော့ ရှိချင်ကြ၏။ မုန်းကလည်း ဖုန်းတောင်မပြောချင်ပေ …။

မုန်းသည် နေ့စဉ်နှင့်အမျှ စာဖတ်၊ တီဗီကြည့်၊ သီချင်းနားထောင်၊ စားချင်တာရှိရင် ရေခဲသေတ္တာထဲ ဝယ် ထည့်ထားတာတွေကို ထုတ်ကာ ချက်ပြုတ်စားရင်း အချိန်ဖြုန်း၍ နေသည်။

မုန်းသည် အပြင်ထွက်ပြီးလည်း အလုပ်မလုပ်ချင်၊ လူတွေနဲ့လည်း မတွေ့ချင်။ စိတ်က လေလွင့်ကျဆင်း၍နေ သည်။

မုန်းက ကိုးနဲ့ တိုးဟန်ရဲ့ ဆက်စပ်ပတ်သက်ပုံနှင့် ကိုး ရည်ရွယ်ချက်ကို သိခဲ့ရပြီး နောက်တစ်နေ့ မနက်စောစော မှာပဲ ချောင်းသာမှ ပြန်လာခဲ့တာဖြစ်သည်။ ယုဝါနှင့် နုက နေချင်သေးပေမယ့် မုန်းကို အလိုလိုက်ပြီး ပြန်ခဲ့ရတာပင်။ တိုးဟန်ကိုလည်း မုန်းတို့ နှုတ်မဆက်ဖြစ်ခဲ့ကြပါ။

မုန်းသည် စိတ်ထဲ လေတောတောညစ်တစ်တစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေရင်းက ခုတင်ပေါ် လှဲချပြီး စာအုပ်တစ်အုပ်ကို ဆွဲယူလှန်လှောလိုက်စဉ်မှာပင် အိမ်ရှေ့ဆီက ဘဲလ်တီးသံကိုကြားလိုက်ရတာမို့ စိတ်မရှည်စွာ ကျွတ်ခနဲ စုပ်သပ်လိုက်မိသည်။

မုန်းက တံခါးဆီ လျှောက်သွားပြီး ချောင်းကြည့်ပေါက်မှ ချောင်းကြည့်လိုက်တော့ အထုပ်တစ်ထုပ်ကို ပိုက်ထားသော ယူနီဖောင်းဝတ်ထားသည့် လူတစ်ယောက်ကို တွေ့လိုက်ရပါသည်။

မုန်းက အတွင်းတံခါး တစ်ထပ်ကို ဆွဲဖွင့်လိုက်ရင်း …

"ဘာကိစ္စလဲ"

ဟု ခပ်ဆတ်ဆတ် မေးမိသည်။

"အမြန်ချောပို့ ဝန်ဆောင်မှုကပါ၊ အစ်မအတွက် ပါဆယ်လာပို့တာပါ၊ အစ်မက မုန်းမမလား"

"ဟုတ်တယ်"

"ဒါဆို ဒီမှာ လက်မှတ်ထိုးပြီး ဒီပါဆယ်ထုပ်ကို လက်ခံပေးပါ"

"ဘာထုပ်ကြီးလဲ"

"စာအုပ်တွေပါ"





"ဘာစာအုပ်လဲ …"

"အဲဒါတော့ ကျွန်တော် ဂဃနဏ မသိဘူးခင်ဗျ၊ အစ်မဘာသာ ဖွင့်ကြည့်လိုက်ပါ"

"ကဲ … ပေး … ပေး"

မုန်းက စိတ်မရှည်သလို ပုံစံနှင့် စာအုပ်ကို ခပ်မြန်မြန် ဆွဲယူပြီး လက်မှတ်ထိုးပေးလိုက်တော့ ဝန်ထမ်းက မုန်းကို 'အံ့သြဆလံသ' သလို အကြည့်မျိုးဖြင့် တစ်ချက်ကြည့်သည်။

"ဘာကြည့်တာလဲ …"

"ခင်ဗျာ … မကြည့် မကြည့်ပါဘူး"

ဝန်ထမ်းက မုန်းပုံစံကို လန့်ပုံနှင့် ခပ်မြန်မြန် ထွက်သွားသည်။

မုန်းက လေးလှသည့် စာအုပ်ထုပ်ကြီးကို ဆွဲလာကာ ခုတင်ပေါ်သို့ ဗုန်းခနဲ ပစ်ချလိုက်ပြီးမှ ပါကင်စက္ကူကို ဆွဲဖြဲဖြည်ကြည့်လိုက်ပါသည်။

မုန်း တွေ့ရသည်မှာ နိုင်ငံခြားမှ ထုတ်ဝေသည့် ဖက်ရှင်ဒီဇိုင်း စာအုပ်များပင် …။ အဝတ်အစား ဒီဇိုင်းများစွာ ပါဝင်သည့် စာအုပ်တွေကို မုန်းက အံ့အံ့သြသြလေး လှန်လှောကြည့်နေစဉ်မှာ စာအုပ်ကြားမှ စာအိတ် ခရမ်းရောင်လေးကို တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းသည် စာအိတ်ကလေးကို ဖတ်လည်း ဖတ်ချင်၊ ဖတ်လည်း မဖတ်ရဲဘဲ စိတ်တိုလာကာ စာအိတ်ကို ကြည့်၍ ခါးထောက်လိုက်မိရင်း ...

"ရှင် ဘာတွေရေးထားပြန်ပြီလဲ ကိုး၊ ရှင် ဘာတွေ အကွက်ဆင်ဦးမလို့လဲ ...၊ မုန်းဘာသာ အေးအေးဆေးဆေး နေနေတာကို သဘောမကျဘူးလား၊ မုန်း ရှင့်ကို စိတ်ကောက်နေတာ ရှင်မသိဘူးလား"

ဟု ကိုး အနားမှာရှိသကဲ့သို့ ဗျစ်တောက် ဗျစ်တောက် ပြောပြီးမှ စာအိတ်ကလေးကို ဆွဲယူဖောက်ဖတ်လိုက်မိသည်။

*မုန်း ...*

*ကိုယ့်ကြောင့် မုန်း စိတ်အနှောင့်အယှက် ဖြစ်နေသလား ...။*

*ဘာအတွက်ပဲ စိတ်အနှောင့်အယှက်ဖြစ်ဖြစ် အလုပ်တစ်ခုခုမှာ စိတ်နှစ်ထားလိုက်ရင် ပျော်ရွှင်လာပါလိမ့်မယ်။*

*မုန်းမှာ ပါရမီပါလာတဲ့ မုန်းနဲ့ အကိုက်ညီဆုံး အလုပ်က ဖက်ရှင်ဒီဇိုင်းအလုပ်ပဲ၊ မုန်းမှာ ဖက်ရှင်အမြင် ရှိတယ်၊ အနုပညာလည်း ရှိတယ်၊ မုန်းဘာသာ အပျင်းပြေ သဘော*





*အနေနဲ့ အဝတ်တွေ ချုပ်ချုပ်ဝတ်တာလည်း ကိုယ်မြင်ဖူးခဲ့တယ်။*

*ကိုယ်ပို့ပေးခဲ့တဲ့ စာအုပ်တွေကို ဖတ်ပါ။ လေ့လာပါ။ တီထွင်ကြံဆပါ။ ဖန်တီးပါ။ တစ်နေ့မှာ အောင်မြင်တဲ့ဖက်ရှင်ဒီဇိုင်းပညာရှင်တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ကိုယ် မျှော်လင့်ပါတယ်။*

*မုန်းကို သိပ်ချစ်တဲ့ ...*

*'ကိုး'။*

မုန်းသည် စာရွက်လေးကို ကိုင်ရင်း ငိုင်တွေငြိမ်သက်သွားရ၏။ ဘယ်အလုပ်ရှင်ရဲ့ လက်အောက်မှာမှ အဆင်ပြေပြေ အလုပ်မလုပ်နိုင်တဲ့ မုန်းလို မိန်းကလေးမျိုးနဲ့ ကိုက်ညီသင့်တော်တဲ့ အလုပ်မျိုးကို ကိုး ညွှန်ပြခဲ့တာ။ မုန်းအတွက် အဲဒီလောက်ထိ စဉ်းစားပေးခဲ့တာ။ သေတာတောင် မုန်းအတွက် စိတ်မဖြောင့်နိုင်ခဲ့တာ။

စိတ်ချပါ ကိုး။

ကိုး ဖြစ်စေချင်တဲ့ ပုံစံမျိုးနဲ့ မုန်း ရပ်တည်နိုင်ရပါစေမယ်။

အဲဒီနောက်မှာတော့ မုန်းသည် သွက်လက်စွာ စတင်လှုပ်ရှားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗီရိုတွေကို ဖွင့်၏။ မချုပ်ဖြစ်သေးသော ပိတ်စတွေကို ဆွဲယူကာ မွေ့ရာပေါ်မှာ ဖြန့်ချထားရင်း ကတ်ကြေးတစ်လက်ဖြင့် မုန်း အလုပ်များ၍သွားလေသည်။

ထိုနေ့မှ စ၍ မုန်းသည် အိမ်ထဲ တကုပ်ကုပ်နှင့် ပင် အဝတ်အစားများကို လေ့လာစမ်းသပ် ချုပ်လုပ်တော့သည်။

နောက်တစ်ပတ်ခန့် ကြာလျှင် ...

မုန်းသည် မုန်းကိုယ်တိုင် ဒီဇိုင်း ထွင်၍ ချုပ်လုပ်ထားသော ဝတ်စုံများအနက်မှ အဝါရောင်တောက်တောက် အင်္ကျီလေးနှင့် အဝါနှင့် အနက်စပ်ထားသည့် စကတ်လေးကို ဝတ်ဆင်ကာ ဗိုလ်ချုပ်ဈေးသို့ သွားပြီး သတို့သမီး ဂါဝန်အတွက် လိုအပ်သည့် ပစ္စည်းများကို ရှာဖွေဝယ်လာခဲ့သည်။

ထို့နောက် ယုဝါအတွက် ရည်ရွယ်ကာ သတို့သမီး ဂါဝန်ကို စ၍ချုပ်လေသည်။

♣ ♣ ♣



မေလ

www.burmeseclassic.com

www.burmeseclassic.com

❧ ❧ ❧

မုန်းသည် အပူချောင်းဖြင့် ကိုယ်ဘာသာ လိမ်ထားသည့် ဆံပင် အလိမ်လေးတွေကို ပုံကျမကျ မှန်ထဲမှာ သေချာကြည့်လိုက်ပြီးနောက် မှန်းချုပ်ထားသည့် အနီရောင် ဘာက်တော်ာက် ခါးတိုတို ကုတ်အင်္ကျီလေးနှင့် ဒူးဖုံးသည့် နောက်ခွဲ စကတ်လေးကိုစမတ်ကျမကျ တစ်ပတ်လှည့်ကြည့်လိုက်၏။ ထို့နောက် ယုဝါအတွက် သတို့သမီးဝတ်စုံထည့်ထားသော ပန်းနုရောင် စက္ကူကတ်ထူပုံးကို အဖုံးဖုံးကာ ဖဲကြိုးလေးဖြင့် လှပစွာ ချည်နှောင်လိုက်လေသည်။

ဒီနေ့ မာမီဆိုင်မှာ သူတို့အားလုံး စုဆုံကြမည်ဟု နှင်းကို ဖုန်း message ပေးထားခဲ့သည်။ သူတို့ မျှော်နေမည်ဟု ပြောသော်လည်း မုန်းက အကြောင်းမပြန်ဘဲ ရုတ်တရက် သူတို့ အားလုံး အံ့ဩသွားအောင် လုပ်ဖို့ ကြံရွယ်ထားခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနေ့ နေ့လယ်မှာ ...

ဝတ်စုံဘူးကြီးကိုဆွဲလျက် တောက်ပ စမတ်ကျစွာ၊ လန်းဆန်းကြည်သာစွာ ဆိုင်ထဲသို့ ဝင်လာသော မုန်းကြောင့် အားလုံး အံ့သြဝမ်းသာသွားခဲ့ကြပါသည်။

"ဟယ် ... မုန်းရယ်၊ ကြည့်စမ်း ... လှနေလိုက်တာဟယ်၊ ငါတို့က ခုနေ နှင့်ကိုတွေ့ရင် အရမ်း ချုံးချုံးကျ ညှိုးနွမ်းနေမှာပဲလို့ ထင်ထားခဲ့တာ၊ နှင့် ဒီကိုလာလိမ့်မယ်လို့လည်း လုံးဝ ထင်မထားခဲ့တာ"

"အခုတော့ အထင်နဲ့အမြင် တခြားစီဖြစ်သွားကြပြီပေါ့လေ ..."

"သမီး ... မုန်း"

"မာမီ ... နေကောင်းရဲ့လား"

"ကောင်းပါတယ် သမီးရယ်၊ သမီး ပျော်ပျော်ရွှင်ရွှင်နေရင် မာမီ ပိုနေကောင်းတယ်၊ နောက်ဆို လူတွေကြားက ထွက်မပြေးကြေးနော်"

"ဟုတ်ကဲ့ပါ မာမီ"

မုန်းက မာမီ့ကို ပြေးဖက်ပြီး ပါးတစ်ဖက်ကို နမ်းကာ နှုတ်ဆက်လိုက်သည်။ မုန်းရဲ့ လန်းဆန်းတည်ငြိမ်သော ပုံစံကြောင့် အားလုံး စိတ်အေးသွားကြရပါသည်။





"ဟဲ့ ... မုန်း ... နှင့်ဒီဂိုင်းက လန်းလှချည်လား၊ ငါသိသလောက်တော့ နှင့်မှာ အရင်က ဒီဝတ်စုံမျိုး မရှိပါဘူး၊ နှင့် ဒီကြားထဲ ဈေးဝယ်ထွက်သေးတာလား"

"ဒီဝတ်စုံက ငါကိုယ်တိုင် ချုပ်ဝတ်ထားတာလေ"

"ဟား ... ဟား ... ဖြေးမ၊ နှင်လား ဒါမျိုးချုပ်တတ်မှာ၊ အရင်တုန်းက နှင်မတတ်တတတ် ချုပ်နေတာ ငါခဏခဏ မြင်ဖူးပါတယ်၊ ဒီလောက် ပုံလာဖို့တော့ အဝေးကြီးပါ"

မုန်းက ယုဝါကို ခပ်ပြုံးပြုံးကြည့်ရင်း ...

"ငါ ပုံမလာ ပန်းမလာ ဝတ်စုံတစ်စုံ နှင့်ဖို့ ချုပ်ထားသေးတယ်၊ နှင့်မင်္ဂလာဆောင်မှာ ဝတ်မလား"

"အံမယ် ... ပွဲဖျက်မလို့လား"

"နှင် မဝတ်ဘူးလား"

"မဝတ်ပေါင် ..."

"အရင်ကြည့်ကြည့်ပါဦးလား"

"မကြည့်ချင်ပေါင်"

"ကြည့်ရုံလေးလေ ..."

"အေးလေ ... ကြည့်ရုံလောက်တော့ ကြည့်နိုင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အားနာလို့ကြည့်တာနော်၊ မဝတ်မှာကတော့ သေချာပြီ
သား"

မုန်းက စက္ကူဘူးကြီးကို အားလုံးအလယ်မှာ ချ
လိုက်တော့ သူတို့အားလုံး စိတ်ဝင်တစား ဝိုင်းအုံလာသည်။

မုန်းက ချည်နှောင်ထားသည့် ဖဲကြိုးတွေကို ဖြည်
ပြီး ဘူးအဖုံးကိုဖွင့်လိုက်သောအခါ ဖြူလွလွ ကြွရွနေသည့် ဂါဝန်
တစ်ထည်ကို တွေ့ရလေသည်။

ယုဝါသည် မယုံနိုင်စွာဖြင့် ဂါဝန်ကို မယူဖြ
ကြည့်လိုက်ရာ ...

"ဟယ် ... လှလိုက်တာ လှလိုက်တာ ... ဒါ ... ဒါ နင်
တကယ်ချုပ်ထားတာလား၊ ငါ့ဖို့ဆိုတာ တကယ်လား"

"တကယ်ပေါ့၊ ဒီဝတ်စုံကို နင့်အတွက်ရည်ရွယ်ပြီး ငါ
တစ်လလုံးလုံး ကြိုးစားချုပ်ခဲ့ရတာ"

"မုန်းရယ် ..."

ယုဝါက ရုတ်တရက် ငိုမလို ရယ်မလိုဖြစ်လာပြီး
မုန်းကို တအားပြေးဖက်ထားလိုက်ပါသည်။

"ဟဲ့ ... အမလေး ... ယုဝါရယ်၊ တအားဖက်ထားလိုက်
တာ ငါအသက်ရှူကျပ်လာပြီနော်"





ယုဝါက ကြည်နူးဆို့နစ်လျက် အင့်ခနဲ ရှိုက်လိုက်
ဘာမို့ မုန်းက ရယ်ရယ်မောမော ပြောရင်း နှစ်သိမ့်ရသည်။

နက ယုဝါကို ပြုံးစိစိကြည့်ရင်း ...

"ယုဝါ ... နင် မလိုချင်လို့ ငိုတာလား၊ နင်မယူရင်
ငါယူပြီး နောက်တစ်ခါ မင်္ဂလာထပ်ဆောင်လိုက်ရ
မလား"

"ဝမ်းသာလွန်းလို့ပါဟယ်၊ နင် ဘယ်လိုကဘယ်လို ချုပ်
တတ်သွားတာလဲဟင် မုန်း"

"ကိုး ပို့ပေးတဲ့ ကတ်တလောက်စာအုပ်တွေကို သေချာ
လေ့လာပြီး ချုပ်တာပေါ့"

"သူ့ဆီက လာသေးတယ်လား"

"လာတယ်၊ စာရော ... စာအုပ်တွေရောပဲ၊ ငါ အခု
စာအုပ်တွေလည်း သေချာလေ့လာတယ်၊ ဒီဇိုင်းသင်တန်း
လည်း တက်မယ်၊ ငါ ဒီအလုပ်ကိုပဲ ဇောက်ချလုပ်တော့
မှာ ..."

"ဝမ်းသာလိုက်တာ မုန်းရယ်၊ နင် အခု အရမ်းပြောင်းလဲ
သွားတယ်၊ နင့်ကိုယ်နင် ယုံကြည်မှုရှိတဲ့ပုံ ပေါ်နေတယ်"

"ကိုးရဲ့ ကျေးဇူးပါပဲ၊ သူက ငါ့ကို လောကကြီးမှာ အနု
တတ်ဖို့ သင်ပေးသွားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးလဲ့လဲ့လေးဖြင့် ပြောနေသော မုန်းမျက်နှာ လေးကို ထက်မင်းက တိတ်ဆိတ်စွာပင် ငေးကြည့်နေခဲ့ပါသည်။

တစ်လကျော်ကျော် မမြင်တွေ့ခဲ့ရသောမုန်းကို သူ တမ်းတ လွမ်းဆွတ်နေခဲ့တာ၊ မုန်းအတွက် ပူပင်ကြောင့်ကြ ရတာ၊ ညနေ ဆိုင်ကပြန်တိုင်း မုန်းရဲ့အခန်းရှေ့ကို သွားပြီး မုန်း ထွက်တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ တစ်နာ လောက် နေပြီးမှ လှည့်ပြန်လာခဲ့မိတာတွေကို မုန်း သိအောင် မပြောပြခွင့် သူ့မှာမရှိခဲ့ပါ။

မုန်းအတွက် ခံစားရတာတွေ များလာတော့ ထက်မင်းက လင်းနေကိုပင် အပြစ်မြင်ချင်လာခဲ့ရပါသည်။

လင်းနေရဲ့ စာတွေဟာ မုန်းကို တမင်သက်သက် နှိပ်စက်နေတာနဲ့ အတူတူပဲဟု ထင်လာမိသည်။ သက်သက် စိတ်ကူးယဉ်လွန်းတာဟု တွေးထင်လာမိသည်။ မုန်းကို သေ သောသူရဲ့ အရိပ်အောက်က လွတ်မြောက်စေချင်လှပြီ ဖြစ်သည်။

ထက်မင်းသည် မုန်းကို လွမ်းဆွတ်စွာ ငေးရင်း မျက်ရည်စို့ချင်သလိုဖြစ်လာမို့ မျက်တောင်ပုတ်ခတ်နေဆဲမှာ မုန်း က အနားရောက်လာကာ . . .

"ထမင်း . . . ငြိမ်လှချည်လား၊ နင့်ကြည့်ရတာ ငါ့ကိုပြန် တွေ့ရတာတောင် ဝမ်းမသာသလိုကြီး"





"ဝမ်းသာလွန်းလို့ ရင်ဆို့ပြီး စကားလုံးတွေ ထွက်မလာ နိုင်သေးတာပါ"

"အဲမယ် . . . ထမင်းတို့က အပြောကောင်းတယ်တော့်"

မုန်းက လက်ခုပ်လေးတီးပြီး ရယ်မောလိုက်တာ ကို ထက်မင်းက ငေးကြည့်နေလိုက်မိပါသည်။

မုန်းကို ခုလိုလေးပဲ အမြဲပျော်နေစေချင်ပါသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

❧ ❧ ❧

ဝ နောက်တစ်နေ့ မနက်မှာ ထက်မင်းက မုန်းထံ ဖုန်းဆက်၍ မုန်းတို့အခန်းအောက်က ကော်ဖီဆိုင်ကို လာခဲ့ဖို့ လှမ်းခေါ်လိုက်ပါသည်။

မုန်းကလည်း ဘာဘာညာညာတွေ မတွေးမိဘဲ ခပ်သွက်သွက်လေး ဆင်းလာခဲ့ကာ ...

“ထမင်းတို့ကလည်း အသည်းအသန်ပဲဟယ်၊ ဘာ တွေ အရေးကြီးလာသလဲ ပြော၊ ဘာလဲ ... နင် မိန်းမယူတော့ မှာမို့လို့ နင့် မိန်းကလေးအတွက် သတို့သမီးဝတ်စုံ ချုပ်ပေးဖို့ ပူဆာချင်လို့လား”

“ငါ ပူဆာဖို့မလိုပါဘူး၊ ငါ့မိန်းကလေးက သူ့ဘာသာ ချုပ်နိုင်ပါတယ်”





“ဟယ် ... တကယ်လား၊ နင့်မိန်းကလေးက ဒီဇိုင်နာ လား၊ နင် ဘယ်တုန်းက ရည်းစားရသွားတာလဲ၊ ငါ လည်း မသိလိုက်ရပါလား၊ နတို့ကော သိလား၊ အတော် ပဲ ငါလည်း ဒီဇိုင်းသင်တန်း တက်ချင်နေတာ၊ နင့် မိန်းကလေးနဲ့ ငါနဲ့ မိတ်ဆက်ပေးရင် ငါသိချင်တာလေး တွေ မေးရမယ်”

“ငါ့မိန်းကလေးက နင်ပဲလေ ...”

“ဟဲ့ ... နောက်စရာမရှိ ရှာကြံနောက်နေပြန်ပြီ၊ နင် ငရဲ ကြီးလိမ့်မယ်ဟဲ့ ...”

“ငါ အတည်ပြောနေတာ မုန်း၊ ငါ နင့်ကိုချစ်တယ်၊ နင့်စိတ်တွေ တည်ငြိမ်လာတဲ့ တစ်နေ့ကျ ငါ နင်နဲ့ လက်ထပ်ခွင့် ရချင်တယ်”

“ထမင်း ... နင် ...”

မုန်းသည် ထက်မင်းရဲ့ မျက်လုံးတွေကို သေချာ စိုက်ကြည့်လိုက်တော့မှ ထက်မင်း တကယ်ပြောနေတာပဲဟု ခံစားမိလာပါသည်။

မုန်းသည် ရုတ်တရက်နှုတ်ဆိတ်သွားကာ ထက်မင်း ကို ကရုဏာဖြင့်သာ ငေးကြည့်နေလိုက်ရပါသည်။ ထက်မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေ စိုနစ်နီရဲလာနေသည်။ ခံစားချက် ပြင်းထန်လျက် မှန်းကို စိုက်ကြည့်နေသော ထက်မင်းကြောင့် မှန်းက သက်ပြင်းချမိရင်း ...

"ငါ နှင့်အပေါ် မရိုးသားစိတ်မှ မွေးလို့မရဘဲ ထမင်းရယ်"

"ငါကတော့ နှင့်ကို သူငယ်ချင်းလိုရော ငါ့မိန်းကလေးအဖြစ်နဲ့ပါ သိပ်ချစ်မိတယ် မှန်း ...၊ နှင် ခံစားနေရတာတွေကို မြင်တိုင်း ငါ နာကျင်ရတယ်၊ နှင့်ကို စိတ်ချမ်းသာအောင် လုပ်နိုင်တဲ့ အစွမ်းသတ္တိမျိုးကို ငါလိုချင်တယ် ...၊"

"အဓိပ္ပာယ်မရှိတဲ့ ကိစ္စတွေအတွက် ခံစားမနေစေချင်တော့ဘူး မှန်း"

"အဓိပ္ပာယ်မရှိတဲ့ ကိစ္စတွေ ! အဲ့ဒါ ဘာကိုပြောတာလဲ ဟင် ..."

"လင်းနေရဲ့ စာတွေကို နှင် သိပ်မမျှော်လင့်ပါနဲ့တော့လား မှန်း၊ သူ့ဆီကစာတွေရတိုင်း အဟောင်းတွေက အသစ်ဖြစ်ဖြစ်လာပြီး နှင်ပဲ ခံစားရလိမ့်မယ်၊ တကယ်တော့ သူက လောဘကြီးခဲ့တာ၊ သူမရှိတော့တာတောင်မှ





နှင့်ကို လွှမ်းမိုးချုပ်ကိုင်ချင်သေးတာ၊ သူ့ကို တသသနဲ့ မေ့မရအောင် လုပ်ထားခဲ့တာ ..."

"မဟုတ်ဘူး၊ မဟုတ်ဘူး ထမင်း၊ နှင် မှားနေပြီ၊ နှင် အရမ်းမှားနေပြီ"

မှန်းက ခေါင်းလေးကို ခါယမ်းရင်း ထမင်းရဲ့ စွပ်စွဲချက်တွေကို ခုခံနေမိသည်။ သို့သော် ထက်မင်းကတော့ မှန်းရဲ့ ငြင်းဆိုချက်ကို လုံးဝ မယုံကြည်ခဲ့ဘဲ....

"နှင် ရုန်းထွက်သင့်ပြီ မှန်း၊ သူ့အရိပ်အောက်ကနေ ရုန်းထွက်သင့်ပါပြီ၊ သေသွားတဲ့ လူတစ်ယောက်ကို ဒီလောက်ထိ စွဲလန်းနေဖို့ မသင့်ပါဘူး"

"သူ မသေဘူး ထမင်း"

မှန်းသည် စိတ်လှုပ်ရှား တုန်ခိုက်လာကာ ဆတ်ခနဲ မတ်တတ်ထရပ်လိုက်မိရင်း ...

"ငါ့စိတ်ထဲမှာတော့ သူဘယ်တော့မှ မသေဘူး၊ သူက ငါ့ကို လွှမ်းမိုးချုပ်ကိုင်တာ မဟုတ်ဘူး၊ တည့်မတ်ပေးတာ၊ လောကမှာ သူမရှိဘဲ ငါ တည်တည်ငြိမ်ငြိမ် ရပ်တည်နိုင်ဖို့အတွက် တစ်နည်းမဟုတ် တစ်နည်း လမ်းညွှန်ထိန်းမတ်ပေးနေခဲ့တာ၊ ကိုးကို နှင် ဒီလိုစကားတွေနဲ့ မစွပ်စွဲနဲ့ ထမင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... မစွပ်စွဲဘူး၊ ဒါပေမယ့် ငါ့အချစ်ကိုတော့ နှင် အသိအမှတ် ပြုပေးရမယ်၊ စဉ်းစားပေးရမယ်"

"လောလောဆယ် ငါ့မှာ နှင့်ကိုပြန်ပြောဖို့ စကား မရှိဘူး ထမင်း၊ ငါ အရမ်းဝမ်းနည်းတယ်၊ နှင် ပြောတဲ့ စကားတွေအတွက် ငါတကယ် ဝမ်းနည်းတယ်၊ ငါ သွားပါရစေတော့ ထမင်း ..."

"မှုန်း ... နေဦးလေ"

မှုန်းက ကော်ဖီဆိုင်ထဲမှ ထွက်လာကာ အိမ်မပြန်ဘဲ မာမီ့ဆီသွားဖို့ ဆုံးဖြတ်လိုက်သည်။ ဒီအချိန်ဆို မာမီ အိမ်မှာရှိမှာမို့ မှုန်းက မာမီ့ဆီ ကားငှားပြီးလာခဲ့ပါသည်။

မှုန်း အိမ်ထဲဝင်လာတော့ မာမီက တအံ့တသြ ကြိုဆိုသည်။

"သမီး ... စောစောစီးစီး ဘာစိတ်ကူးပေါက်လာလဲ ..."

"မာမီ ... အဟင့် ... အီး"

"ဟဲ့ ... မှုန်း ... သမီးလေး ဘာဖြစ်လာတာလဲကွယ်"

မှုန်းက မာမီ့ကို တွေ့တွေ့ချင်း တအားကြီးဖက်ပြီး ငိုချလိုက်တာမို့ မာမီက လန့်ဖျပ်သွားပါသည်။

"မာမီ ... မာမီ ... အဟင့် ဟင့်"





"ပြော ... သမီး ပြော၊ ဘာပြောချင်လဲ ပြောလေ၊ မငိုဘဲ ပြော ..."

"မာမီ ... ထမင်းကလေ ကိုးကို သေသွားတဲ့ လူတစ်ယောက်တဲ့၊ သေပြီးသားလူကို ဒီလောက် စွဲလန်းနေဖို့ မလိုဘူးတဲ့၊ သူ သမီးကို နားလည်မယ်ထင်တာ၊ အခု သမီးထင်သလို မဟုတ်ဘူး၊ ပြီးတော့ ကိုးက ကိုးက မှုန်းဘဝကို ချုပ်ကိုင်ထားတာတဲ့၊ မေ့မရအောင် လုပ်ထားတာတဲ့၊ သမီး ချစ်တဲ့ သူငယ်ချင်းက အဲဒီလိုပြောတာ သမီး ဝမ်းအနည်းဆုံးပဲ မာမီ ...၊

"သမီးမှာကျမှ ဘာဖြစ်လို့ ဒီလိုအဖြစ်မျိုးတွေ ကြုံရတာလဲဟင်၊ ဘာဖြစ်လို့ သမီးချစ်တဲ့သူနဲ့ ခဏလေးပဲ အတူနေခွင့် ရတာလဲဟင်၊ သားသမီးတွေနဲ့ အတူတူ ပျော်ရွှင်ရတဲ့ ဘဝမျိုးကို ဘာလို့ မရခဲ့တာလဲ ...၊ သမီး ဝမ်းနည်းတယ်၊ အရမ်းလည်း ဒေါသဖြစ်တယ် မာမီ၊ သမီး မုန်းတယ်၊ သမီးရဲ့ ကံတရားကို အရမ်းမုန်းတယ်"

"သမီး ... သမီးလေး သတိထားပါဦး၊ မငိုပါနဲ့ သမီးရယ်၊ မာမီ ပြောတာကို နားထောင်ပါဦး ..."

မှုန်းက တက်မတတ် ချက်မတတ် ရှိုက်ငင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မို့ မာမီက မုန်းကျောကုန်းလေးကို ဖွဖွပုတ်၍ နှစ်သိမ့်ပေးနေရင်း ...

"သမီး ကံကြမ္မာကို မနာကြည်းပါနဲ့၊ မောင်ထက်မင်းကိုလည်း စိတ်မဆိုးပါနဲ့၊ တကယ်တော့ မောင်လင်းနေရဲ့ သေဆုံးခြင်းဟာ သမီးဘဝရဲ့ အစိတ်အပိုင်းတစ်ခုပါ၊ ဒီအဖြစ်အပျက်ကြောင့် သမီးဘဝတစ်ခုလုံးရဲ့ ဖြစ်တည်မှုကို အပြိုကွဲမခံပါနဲ့၊ သူ့ရဲ့ချစ်မြတ်နိုးခြင်းတွေက သမီးဘဝကို တည့်မတ်ပေးနိုင်လိမ့်မယ်လို့ သမီးယုံသလို မာမီလည်း ယုံပါတယ် သမီးရယ်"

မာမီက နွေးထွေးစွာ ချော့မော့နှစ်သိမ့်ပေးခဲ့တာမို့ မုန်း စိတ်တွေ ပြန်တည်ငြိမ်လာရပါသည်။

ထိုနေ့က မာမီ့အိမ်မှာ တစ်နေ့လုံး နေပြီး ညနေရောက်မှ မုန်း အိမ်ပြန်လာပါသည်။

မုန်းက မုန်းအခန်းရှိရာ ငါးလွှာအခန်းသို့ ဓာတ်လှေကားဖြင့် တက်လာပြီး မုန်း အခန်းဘက်သို့ စင်္ကြံလမ်းအတိုင်း လျှောက်လာနေဆဲမှာ မုန်း အခန်းရှေ့မှာ ရပ်နေသည့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရပါသည်။

ထိုမိန်းကလေးက သူ့စလင်းဘတ်ထဲကနေ တစ်စုံ





တစ်ရာကို မွှေနှောက်ရှာဖွေနေသည်။ ပြီးတော့ စာအိတ်ကလေးတစ်အိတ် ထုတ်ယူကာ မုန်း အခန်းရှေ့က စာတိုက်ပုံးထဲသို့ လှမ်းထည့်လိုက်ပါသည်။

မုန်းကလည်း သူ့နောက်မှာရပ်လျက် သူ့လုပ်ရပ်ကို စောင့်ကြည့်နေခဲ့သည်။

စာထည့်ပြီးတော့ သူက နောက်သို့လှည့်အထွက်မှာ မုန်းကိုမြင်ပြီး လန့်ဖျပ်သွားပါသည်။

မုန်းက သူ့ကို နက်နက်ရှိုင်းရှိုင်း စိုက်ကြည့်လိုက်ရင်း ...

"တို့က ဆုံးသွားတဲ့ ကိုလင်းနေရဲ့ ဇနီး မုန်းမပါ"

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

"သမီးက ဦးလင်းနေတို့ အလုပ်က ဥပဒေနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းကိစ္စတွေကို လုပ်ပေးတဲ့ ရှေ့နေရဲ့ သမီးပါ၊ ဖေဖေနဲ့ ဦးလင်းနေက အရမ်းခင်ပါတယ်၊ ဦးလင်းနေက သူ့ရောဂါအကြောင်း သိတော့ သူ့အလုပ်ကိစ္စတွေနဲ့ ပတ်သက်ပြီး ဖေဖေနဲ့ တိုင်ပင်ပါတယ်၊ ဒီကွန်ဒိုခန်းကို မမအတွက် ဝယ်ပေးဖို့ လိုအပ်တဲ့ စာရွက်စာတမ်းတွေကိုလည်း ဖေဖေကပဲ လုပ်ပေးခဲ့တာပါ ...၊

"ဦးလင်းနေက သမီးတို့အိမ်ကို ခဏခဏလာရတော့ သမီးနဲ့လည်း ခင်နေပါတယ်၊ နောက်တော့ ဦးလင်းနေက ဖေဖေ့ကို အကြောင်းစုံဖွင့်ပြောပြပြီး သူပေးခဲ့မယ့် စာတွေ၊ သူပို့ချင်တဲ့ ပစ္စည်းတွေကို သမီးကနေ





တစ်ဆင့် စီစဉ်ပြီး အချိန်ကိုက် ပို့ပေးဖို့ အကူအညီတောင်းခဲ့တာပါ၊ မိန်းကလေးဆိုတော့ ပိုပြီး စေ့စေ့စပ်စပ် စိတ်ရှည်ရှည် စီစဉ်ပေးနိုင်မယ်လို့ ထင်ခဲ့ပုံရပါတယ်၊ စာတွေကို နံပါတ်စဉ်ထိုးပြီး စနစ်တကျ ထားခဲ့တယ် ...၊ အဲ့ဒါနဲ့ သမီးလည်း သူ့ကို သနားတာနဲ့၊ ပြီးတော့ ဒီလိုကိစ္စမျိုးကိုကူညီဖို့ စိတ်ဝင်စားတာနဲ့ ကူညီမယ်လို့ ကတိပေးခဲ့တာပါ ...၊

"ဦးလင်းနေ ဆုံးပြီးနောက်ပိုင်းမှာ တချို့စာတွေကို သမီးကိုယ်တိုင် လာလာပို့ပါတယ်၊ ပစ္စည်းတွေကိုလည်း ဦးလင်းနေ မှာခဲ့တဲ့အတိုင်း သမီးကိုယ်တိုင် ဝယ်ပြီး တချို့ကို အမြန်ချောပို့ဝန်ဆောင်မှုကတစ်ဆင့် ပို့တဲ့အခါပို့၊ တစ်ခါတလေတော့ သမီးကိုယ်တိုင် လာပို့ပါတယ်၊ ကွန်ဒိုခန်းကို လက်ဆောင်ပေးဖို့ စီစဉ်တော့လည်း ဦးလင်းနေမှာခဲ့တဲ့ ပုံစံအတိုင်းဖြစ်အောင် ပန်းတွေ ဘာတွေ သေချာပြင်ထားပေးခဲ့တာပါ"

အသက် နှစ်ဆယ်လောက်ပဲ ရှိဦးမည့် ချစ်စရာကောင်းသည့် ကောင်မလေးက မုန်းကို အကြောင်းစုံ ရှင်းပြနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းက သူ့လက်ကလေးကို နွေးနွေးထွေးထွေး ဆုပ်ကိုင်ထားပါသည်။

မုန်းသည် သစ္စာဆိုသော ထိုကလေးမလေးကို မျက်ရည်ဝဲစိုသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေရင်းက သူမရဲ့ လက်ကလေးတွေကို ဆုပ်ညှစ်လိုက်မိရင်း ...

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ အစ်မအတွက် သမီး အများကြီး လုပ်ပေးခဲ့တယ်"

"ရပါတယ် မမရယ် ..."

"ကျေးဇူးတင်တဲ့အနေနဲ့ သမီးကို အစ်မ လက်ဆောင် တစ်ခုခု ပေးပါရစေ၊ သမီး လိုချင်တာ ပြောပါ၊ အစ်မ ပေးပါ့မယ်"

ကောင်မလေးက ချစ်စဖွယ်ပြုံးလိုက်ရင်း ...

"သမီး လိုချင်တာလား၊ သမီး လိုချင်တာက မမကို ဦးလင်းနေ ချစ်ခဲ့သလို အချစ်မျိုးနဲ့ သမီးကို ချစ်နိုင်မယ့် ချစ်သူတစ်ယောက်ပဲ လိုချင်ပါတယ်"

ဟု ပြောပြီး ထိုင်ရာမှ ထသည်။ ထို့နောက် မုန်းကို နှုတ်ဆက်၍ တံခါးဝသို့လျှောက်သွားပြီးမှ မုန်းကိုပြန် လှည့်ကြည့်လာသည်။ ကလေးမလေးရဲ့ အကြည့်မှာ မုန်းကို





သနားကရုဏာသက်သလို အရိပ်အငွေ့မျိုးတွေ ပါနေတာကို မုန်း သတိထားမိသဖြင့် ရင်ထိတ်သွားသည်။

"သမီး ... ဘာလဲဟင်၊ ဘာပြောမလို့လဲ"

"သမီး ... သမီးမှာ စာမရှိတော့ဘူး မမ၊ ဒီနေ့ပေးတဲ့ စာက ဦးလင်းနေရဲ့ နောက်ဆုံးစာပါ"

မုန်းရင်ထဲမှာ ဟိုက်ကျသွားလေသည်။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက်အကြာတွင် မုန်းက ထမင်းကို ချိန်းဆိုလိုက်ပြီး ကိုး၏ နောက်ဆုံးစာကို ထမင်း လက်ထဲသို့ ထည့်ပေးလျက် ဖတ်ခွင့်ပြုခဲ့လေသည်။

မုန်း...

မုန်း အခု ကိုယ်မပါဘဲ ရပ်တည်နိုင်ပြီလို့ ထင်ပါတယ်။

ကိုယ့်ရဲ့ စာတွေကိုလည်း ရပ်တန့်လိုက်ဖို့ အချိန်တန်ပြီလို့ ထင်ပါတယ်။

ကိုယ့်ကိုစွဲလန်းတွယ်ငြိစိတ်နဲ့ မုန်းဘဝကို ခြောက်ခြောက်သွေ့သွေ့ ဖြတ်သန်းသွားမှာမျိုးကို ကိုယ်မလိုလားပါဘူး မုန်း...။





ကိုယ်မပါတော့တဲ့ မုန်းရဲ့ဘဝကို အဓိပ္ပာယ်ရှိရှိ ရှင်သန်နေစေချင်တယ်။

အလုပ်နဲ့ ရပ်တည်ရှင်သန်ရင်း အချစ်နဲ့ဘဝကို တည်ဆောက်စေချင်တယ်။

အချစ်မှာ နောက်တစ်ကြိမ် ကျဆုံးဖို့ မကြောက်ပါနဲ့ မုန်း...။

တစ်နေ့သော အခါမှာ...

စစ်မှန်တဲ့ အချစ်တစ်ခုမှာ မုန်း နောက်တစ်ကြိမ် ယုံယုံကြည်ကြည် ကျဆုံးသွားနိုင်ပါစေလို့ ကိုယ် ဆုတောင်းပေးခဲ့ပါတယ်။

မုန်းကို သိပ်ချစ်တဲ့...

ကိုး။

စာဆုံး၍ ထက်မင်း ခေါင်းမော့လာသောအခါ မျက်ရည်စိုစွတ်သော မျက်ဝန်းများဖြင့် အဝေးသို့ ငေးနေသော မုန်းကို တွေ့ရလေသည်။

"မုန်း..."

သူ့ခေါ်သံကြောင့် မုန်းက သူ့ကို လှည့်ကြည့်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ မုန်း၊ ကိုယ်တောင်းပန်ပါတယ်၊ ကိုယ် လင်းနေကို အထင်မှားမိတယ်"

"သူ သွားပြီ ထမင်း ...၊ ဒါနောက်ဆုံးစာပဲ ...၊ ဒီဆီ နောက်ထပ် စာတွေ ရောက်လာတော့မှာ မဟုတ်ဘူး"

မုန်းက နှမြောတသစွာ ညည်းတွားမိပါသည်။ ထို့နောက် ခဏငြိမ်သက်သွားပြီးမှ ထက်မင်းကို ကြည်ကြည်လင်လင် ပြုံးပြလိုက်ရင်း ...

"သူ ငါ့ကိုချစ်သလောက် ငါ့ကို နင်ချစ်နိုင်လိမ့်မယ်လို့ နင် အာမခံနိုင်လား ထမင်း ..."

ထက်မင်းက မဖြေဘဲ မုန်းကို ငေးစိုက်ကြည့်နေပါသည်။

မုန်းက နောက်တစ်ကြိမ် ပြုံးရင်း ...

"ငါကတော့ သူ့ကိုချစ်သလို အချစ်မျိုးနဲ့ နင့်ကိုမချစ်နိုင်တာ သေချာတယ် ထမင်း ...၊

"သူငယ်ချင်း အချစ်ကနေ ချစ်သူလိုအချစ်မျိုးကို ကူးပြောင်းနိုင်တဲ့သူတွေ ရှိပေမယ့် ငါကတော့ မကူးပြောင်းနိုင်ပါဘူး ထမင်း၊ ဘာဖြစ်လို့လဲဆိုတော့ အဖြူ ရောင်ကြိုးက အရမ်းခိုင်မာနေခဲ့လို့ပဲ၊ ထက်မင်းဆိုတဲ့





သူငယ်ချင်းတစ်ယောက်ကို ငါ အရမ်းချစ်ပေမယ့် ချစ်သူ ခင်ပွန်းတစ်ယောက်လိုတော့ ငါ ချစ်နိုင်မှာမဟုတ်ဘူး လေ၊ နင်ချစ်တာကိုတော့ ငါနားလည်ပေးနိုင်ပါတယ်၊ ငါ မချစ်နိုင်တာကိုလည်း နင် နားလည်ပေးပါ၊ ကိုး အရိပ်တွေ လွှမ်းနေလို့ ငါ တခြားတစ်ယောက်ကို ချစ်ဖို့ မဖြစ်နိုင်တာ မဟုတ်ဘူး၊ ကိုးက ငါ့ကို လွတ်လပ်ခွင့် ပေးထားပြီးသားပါ၊ အချစ်တကယ်စစ်လာရင် ချုပ်နှောင် မှုတွေ မပါတော့ဘူး၊ တစ်ယောက်က တစ်ယောက်ကို လွတ်လပ်စွာ ရှင်သန်ခွင့်ပေးမှ တကယ်သဘောထားပြည့် တဲ့ အချစ်မျိုး ဖြစ်နိုင်တာပါ"

မုန်းက စကားဆုံးတော့ ထက်မင်းရဲ့ လက်ကို လှမ်းဆွဲဆုပ်ကိုင်လိုက်ရင်း ...

"ငါ ခုလို နင့်လက်တွေကို နွေးနွေးထွေးထွေး ဆုပ်ကိုင် ထားတဲ့အချိန်မှာ ငါ့စိတ်ထဲမှာ ဘယ်လိုတုန်လှုပ်မှုမျိုးမှ မဖြစ်ဘူး၊ ယုဝါရဲ့ လက်ကို ကိုင်ထားရသလို၊ နုရဲ့လက် ကို ကိုင်ထားရသလိုပဲ ခံစားရတယ်၊ ကိုး လက်တွေကို ဆုပ်ကိုင်လိုက်တဲ့ အချိန်က ဒီလိုမဟုတ်ခဲ့ဘူး၊ ငါ အရမ်း တုန်လှုပ်ခဲ့တယ်၊ ကြည်နူးခဲ့တယ်၊ ပျော်မြူးခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ ... အေးပါ ... အေးပါ၊ သဘောပေါက်ပါပြီ၊ အဲဒီလောက်ကြီး ရှင်းမပြပါနဲ့တော့၊ ငါ နားရှုပ်လာလို့ပါ"

ထက်မင်းက သူ့လက်ကို အမြန်ရုန်းထွက်ကာ ခပ်ဘွင်းဘွင်း ထပြောပြီး ရယ်မောလိုက်တာမို့ မုန်း အရမ်းပျော်သွားမိပါသည်။

"ထမင်း ... နင် တကယ်လား"

"ဘာကိုလဲ ..."

"နင့်စိတ်တွ ဟိုးအရင်တုန်းကလို ရိုးရိုးသားသား ပြန်ဖြစ်သွားပြီလား"

"အေး ... ဖြစ်ပြီပေါ့၊ ဖြစ်ပြီလို့ မှတ်လိုက်၊ ပြောမိတဲ့ လျှာသာ ဖြတ်ပစ်ချင်တော့တာပဲ ..."

မုန်းက ထက်မင်းကိုကြည့်ရင်း အားပါးတရ ရယ်မောမိခိုက်မှာ ရင်ထဲမှာ လေးပင်နေသမျှတွေအားလုံး ပေါ့ပါးလန်းဆန်းသွားလေသည်။

♣ ♣ ♣



BURMESE CLASSIC .com

နောက် တစ်နှစ်ကျော် ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

❦ ❦ ❦

သို့...

ချစ်သော 'ကိုး'...

ဒီနေ့ မုန်းရဲ့ ဖက်ရှင်ဆိုင်လေးကို စ,ဖွင့်တယ်။ ကိုးရှိရင်တော့ မုန်းရဲ့ ဆိုင်လေးကို အရမ်းချီးကျူးမှာ သေချာတယ်။

မုန်းရဲ့ ဆိုင်ဖွင့်ပွဲကို သူငယ်ချင်းတွေအားလုံး လာကြတယ်။

ပြီးခဲ့တဲ့ နှစ် မေလတုန်းက လက်ထပ်သွားတဲ့ ယုဝါက အခု ဗိုက်ကြီးနဲ့ပေါ့။

သူ မင်္ဂလာဆောင်တဲ့နေ့က မုန်းချုပ်ပေးတဲ့ ဂါဝန် လေးကို ဝတ်ထားတာ အရမ်းလှတယ် ကိုး...။



www.burmeseclassic.com

www.burmeseclassic.com



သူ့ သတိုးသားက ကိုရည်မွန်ဆိုတာ ကိုး သိရင် အရမ်း အံ့ဩမှာပဲ၊ မုန်းလည်း အခု ကိုရည်မွန်ကို ခင်ပါတယ်။

နုနဲ့ ထွဋ်ခိုင်ကလည်း ကလေးလေးတစ်ယောက် ရနေပြီ။ သူတို့ အရမ်းပျော်နေကြတယ်။

မုန်း အခု ကိုး ဝယ်ပေးခဲ့တဲ့ အခန်းမှာ မာမိနဲ့ အတူနေတယ်။

ထက်မင်းကတော့ မုန်းရဲ့ အချစ်ဆုံးသူငယ်ချင်း လူပျိုကြီးပေါ့။ သူ့ကိုလည်း မိန်းမ ရှာ ပေးစားရဦးမယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီက မုန်း ချောင်းသာကို မာမိနဲ့ အတူ သွားခဲ့သေးတယ်။

ကိုး သူငယ်ချင်း ကိုတိုးဟန်ကိုတွေ့လို့ ကိုး အကြောင်း စကားတွေအများကြီး ပြောဖြစ်ခဲ့ကြတယ်။ သူက ရယ်စရာပြောတတ်တော့ မာမိနဲ့ အဖွဲ့ကျနေတယ်။ မာမိက သူ့ကို အရမ်းခင်သွားခဲ့တယ်လေ။ နောက်နှစ် တွေလည်း ဆုံဖို့ ချိန်းနေလို့ မာမိကို ကြည့်ပြီး မုန်း ရယ်ရသေးတယ်။

ကိုးက မုန်းကို ပြောခဲ့တယ်နော် ... ၊ အချစ်မှာ နောက်တစ်ကြိမ် ကျဆုံးဖို့ မကြောက်နဲ့တဲ့ ...။





ခုထိတော့ မုန်း မကျဆုံးသေးပါဘူး။

မုန်းသာ တစ်စုံတစ်ရာကို စောင့်ရှောက်ရတဲ့ နတ်သမီးလေး ဖြစ်ခဲ့ရင်တော့ သစ္စာတရားကို စောင့်ရှောက်ရတဲ့ သစ္စာစောင့်နတ်သမီးလေးပဲ ဖြစ်ခွင့်ရချင်ပါတယ်။

မုန်းရဲ့ ဖက်ရှင်ဆိုင်လေး နာမည်က 'နတ်သမီး' တဲ့ ကိုးရဲ့ ...။

ကိုးကို သိပ်ချစ်တဲ့ ...

မုန်း။

ပုညခင်

7.6.2009

3 : 20 am



www.burmeseclassic.com